www.burmeseclassic.com



# ရွဲယွန်းနောင်

ဂုတာနာသူရဲ့ကောင်း

အချစ်လုံးချင်းဝတ္ထုရှည်

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၃၃၀၄၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၄၃၀၆၁၁

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း (၁၀)၊
ပြည်တော်သာရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
(ရွှေပဒေသာအော့ဖ်ဆက်)
အမှတ် ၃၃၊ ကျိုတော်လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

တန်ဖိုး - ၁၀၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃

ဇွဲယွန်းနောင်
ရတနာသူရဲကောင်း / ဇွဲယွန်းနောင်။ - ရန်ကုန်။
ရွှေဥစာပေ၊ ၂၀၁၁။
၃၂၀ - စ၊ ၁၂ x ၁၈ စင်တီ
(၁) ရတနာသူရဲကောင်း




ဒေါ်လှခင်တစ်ယောက် နေတောင် မြင့်လုပြီ။ အခု ထက်ထိ ဆိုင်မဖွင့်ရသေး။ ခြံဝမှာ မတ်တတ်ရပ်ပြီး သား ဖြစ်သူကို မျှော်နေတာ လည်ပင်းတောင် ရှည်တော့မည်။

ဒီနေ့ ဆယ်တန်းတွေ အောင်စာရင်းထွက်သည့်နေ့။ သားက အောင်စာရင်းကြည့်ဖို့ဆိုပြီး မနက်ကတည်းက ထွက်သွားတာ။ နေတောင် မြင့်တော့မည်။ အခုထိ ပြန်မလာသေး။

သူမမှာရှိတာက ဒီသားလေးတစ်ယောက်ရယ်။ ဇတဆိုးမို့ အလိုလိုက်ထားတာ။ ဒင်းလေးက အခုတော့



www.burmeseclassic.com

www.burmeseclassic.com



တာတေလန်လို့၊ ပြန်မပြော နားမထောင်နဲ့။

သူမ သားလေးကို ပညာတတ် ဖြစ်စေချင်သည်။ သူမ ကိုယ်တိုင်ကလည်း ပညာမတတ်တော့ မျက်နှာငယ်ရသည်။

ထို့ကြောင့် သားလေးကို သူမလို မဖြစ်စေချင်။ ဒါကြောင့် သားလေး ဆယ်တန်းရောက်တော့ သူမှာ ဘာမှ မနိုင်းရက်။ ရှိသမျှအလုပ်ကို သူမတစ်ယောက်တည်း ဒိုင်ခံလုပ်သည်။ သူမတို့က အိမ်ဆိုင်လေးဖွင့်ထားတော့ သူမမှာ အိမ်မှုကိစ္စရော ဆိုင်ကိစ္စနှင့်ပါ လုံးချာလိုက်လို့။

ဒင်းလေးကလည်း လုံးဝကိုအလိုက်မသိ။ အမေ သား ဘာကူပေးရမလဲလို့ တစ်ခါမှ မပြောဘူး။ လူကလည်း ဆယ်တန်းဆိုသည့်အရှိန်အဝါကြောင့် အိမ်မှာ ကြော့နေတာ။ စားပြီး ပန်းကန်တောင်မဆေး။ ရှိပါစေလေ။ သူက ဆယ်တန်းကိုး။

သူမမှာ ရှိတာကလည်း ဒင်းလေးတစ်ယောက်တည်းဆိုတော့ သူမမှာ ငုံထားမတတ်ကို ချစ်ရသည်။ ပြီး



တော့ ဒင်းလေးကို ပေါက်ပေါက်မြောက်မြောက်တော့ ဖြစ်စေချင်သည်။

"အမေ . . . အမေရေ"

သားက လက်သီး လက်မောင်းတန်းကာ ပျော်မြူးနေသော မျက်နှာဖြင့် သူမဆီကို ပြေးလာပြီ။

ဟယ် . . . သား . . . သားလေး အောင်တယ် ထင်တယ်။

သားရဲ့ပုံစံကြောင့် သူမ ဝမ်းသာသွားကာ သား၏ ပခုံးနှစ်ဖက်ကို ပြေးဖက်လိုက်ပြီး . . .

"သား . . . သား အောင်လားဟင်"

"ဟာ . . . အမေကလည်း ဘယ်က အောင်ရမှာလဲ။ ကျတယ်ဗျ"

"ဟင် . . . ကျတယ် ဟုတ်လား"

သူမ မျက်လုံးတွေ ပြာဝေသွားပြီ။

"ဟုတ်တယ်"

"သေ . . . သေချာလို့လား။ သေချာမြန်သွား

www.burmeseclassic.com



ကြည်ပိုး သာချည်"

"ဘာ . . . အမေတာလည်း သေချာပါတယ်ဆို"

သူ့ရှက်နာတာ ပြုံးစိပြုံးစိနှင့် . . .

"ဟဲ့ . . . နင်က ကျတယ်သာ ပြောတာ ဘာလို့ ပျော်နေတာလဲ"

"ဟ . . . ပျော်တာပေါ့ဗျ။ နေ့တိုင်းနေ့တိုင်း ပွစိပွစိ ပြောနေတတ်တဲ့ ဆရာမရဲ့ ပါးစပ်ကလွတ်ပြီလေ။ ကဲ . . . ဘယ်လောက်ပျော်စရာကောင်းလဲ။ ကျောင်းမတက်ရတော့ဘူးဆိုတော့ ပျော်လိုက်တာ"

"ဟဲ့ . . . ဟဲ့ . . . သား"

ထွန်းဇော်တစ်ယောက် အိမ်ပေါ်သို့ ပြေးတက်သွားသဖြင့် သူ့မ နောက်က ပြေးလိုက်ခဲ့ကာ လှေကားရင်းအရောက် သူ့မ ထိုင်ချကာ ငိုတော့သည်။

"အီးဟီး . . . ငါကတော့ အောင်ပါစေတော့ဆိုပြီး ဘာမှမနိုင်းရက်ဘူး။ တစ်အိမ်လုံးအလုပ်တွေ သိမ်းကြုံးလုပ်ရတာ ဖတ်ဖတ်ကိုမောလို့။ ဒင်းကတော့ စာမကျက်ဘဲ နန်





နေတာ ဘယ်လိုလုပ်ပြီးအောင်မှာလဲ။ အီးဟီး . . . ငါ့မှာတော့ မျှော်လင့်လိုက်ရတာ။ ဒင်းလေး ပညာတတ်ဖြစ်ပါစေတော့လို့။ အခုတော့ ဒင်းက စာမေးပွဲကျတယ်တဲ့။ အီးဟီး ငါသေသာသေလိုက်ချင်တော့တာပါပဲ . . . အီးဟီး"

သူ့မ အားရပါးရ လှေကားရင်းမှာ ထိုင်ငိုနေစဉ် ထွန်းဇော် အိမ်ပေါ်မှ ပြန်ဆင်းလာကာ လှေကားမှ အမေ့ကို တိမ်း၍ ဆင်းလိုက်ပြီး . . ,

"ပိုက်ဆံပေး"

သူ့ လက်ဖြန့်ကာ ပိုက်ဆံတောင်းတော့ ဒေါ်လှခင် အငိုရပ်ကာ သားလုပ်သူကို အံ့ဩစွာကြည့်လိုက်ပြီး . . .

"ဘာလုပ်ဖို့လဲ"

"သား စာမေးပွဲကျတယ်လေ။ အဲဒါ သူငယ်ချင်းတွေကို မုန့်သွားဝယ်ကျွေးမလို့"

"ဘာ . . . ဘာရယ်။ စာမေးပွဲကျတာကို သူငယ်ချင်းတွေကို မုန့်သွားဝယ်ကျွေးမလို့ ဟုတ်လား။ အမလေးတော် . . . ကြားကြားဖူးပေါင်။ စာမေးပွဲအောင်လို့ ဝယ်



www.burmeseclassic.com

www.burmeseclassic.com



ကျွေးကြတယ်သာ ကြားဖူးပါတယ်။ ခင်းကျမှ"

"ဟာ . . . အမေကလည်း အောင်တဲ့လူတွေက လည်း ဝမ်းသာလို့ကျွေးသလို သားကလည်း ကျတာ ဝမ်း သာလို့ ကျွေးတာပေါ့"

"အလိုတော် . . . စာမေးပွဲကျတာ ဝမ်းသာတယ် တဲ့ ကြားလို့မှကောင်းကြသေးရဲ့လား အရပ်ကတို့ရေ"

သူမ ခုနစ်ထွေသံကြီးဖြင့် အော်တော့ . . .

"ဟာ . . . အမေကလည်း ဘာလို့အော်နေတာလဲ။ သူများတွေကြားရင် ရှက်စရာကြီး"

"အံမယ် . . . ခင်းကရှက်တယ်။ သူငယ်ချင်းတွေ ကို သွားကျွေးမှာတော့ မရှက်ဘူးလား"

"မရှက်ပါဘူး။ သူတို့လည်း ကျတာပဲ"

"အလို . . . သူတော်ချင်း သတင်းလွှေ့လို့"

"ပိုက်ဆံပေး"

"မပေးနိုင်ပါဘူး။ စာမေးပွဲကျလို့ ကျွေးရမယ်တဲ့။ ကြံကြီးစည်ရ"

●———ဖျာသော———●



"ဟာ . . . အမေကလည်း ပေးပါဗျ။ ဟိုမှာ စောင့် နေကြပြီ"

"စောင့်စောင့် မပေးနိုင်ဘူး"

"အမေ တကယ်မပေးဘူးနော်"

"မပေးဘူး။ ဟုတ်ပြီ။ ဒီမှာကြည့် တွေ့လား"

သူ လည်ပင်းတွင်ဆွဲထားသော ဆွဲကြိုးလေးကို ကိုင်ပြတော့ အမေမျက်လုံးပြူးသွားကာ . . .

"နင် . . . နင် ဘာလုပ်မလို့လဲ"

"ဖျော့ပစ်လိုက်မယ်လေ"

"အမလေး . . . အမလေး . . . မလုပ်ပါနဲ့ မောင် မင်းကြီးသားရယ်။ ကျုပ်တောင်းပန်ပါတယ်။ ကျုပ်ပိုက်ဆံ ပေးဆိုပေးပါမယ်"

"ဟား . . . ဟား . . . ဒီလိုမှပေါ့။ ဒါကြောင့် အမေ့ ကိုချစ်တာ"

သူ့စကားကြောင့် အမေ မျက်စောင်းထိုးကာ ရင် ဘတ်ကြားထဲ ပိုက်ဆံနှိုက်နေပြီ။

●———ဖျာသော———●

www.burmeseclassic.com

www.burmeseclassic.com



"ဟား . . . ဟား . . . အမေ မပေးလို့ မဖြစ်ပါဘူး"

အမေ့အညှာကို သူကိုင်မိနေပြီလေ။ ဟုတ်တယ်။ ဒီဆွဲကြိုးလေးက အဖေနဲ့အမေတို့ လက်ထပ်တုန်းကတည်းက ဝယ်ထားတဲ့ ဆွဲကြိုးလေးလေ။ အမေတန်ဖိုးထားမှာပေါ့။

သူ့အမေလှမ်းပေးသော ပိုက်ဆံကို လှမ်းယူကာ

"ဟဲ . . . ဟဲ . . . သွားပြီနော်"

သူ ခြံထဲမှပြေးအထွက် အနောက်မှအမေ့အသံက ကပ်ပါလာကာ . . .

"ဟဲ့ . . . ရန်မဖြစ်ခဲ့နဲ့နော်"

"စိတ်ချ" သူ အိမ်ရှေ့မှ ပြေးထွက်သွားပြီ။ လူကသာ စိတ်ချလို့ပြောတာ၊ ထွန်းဇော်ဆိုတဲ့ကောင်က ရန်မဖြစ်ရရင်ကို စားမဝင်အိပ်မပျော်တတ်တဲ့ ရောဂါရှိတယ်ထင်တယ်။ ဘယ်နေရာမှာ ရန်ဖြစ်ဖြစ် သွားမကြည့်နဲ့။ ထွန်းဇော်ပဲဆိုတာ ရပ်ကွက်ထဲက သိပြီးသားရယ်၊ ဟိုကောင်ခေါင်းကွဲသွားပြီ။ ဘယ်သူ့လက်ချက်လဲမမေးနဲ့၊ ထွန်းဇော်ပဲ။



ရန်ဖြစ်လွန်းလို့လည်း ရပ်ကွက်ရုံးနှင့် ဒေါ်လှခင်အမျိုးလိုတောင်ဖြစ်နေပြီ။ ဟုတ်တယ်လေ။ အမျိုးအိမ်ကိုတောင် ဒေါ်လှခင် တစ်လနေလို့မှတစ်ကြိမ်မသွား။ ရပ်ကွက်ရုံးကိုတော့ အနည်းဆုံး တစ်ပတ်တစ်ကြိမ်တော့ သွားရသည်။ ကြာတော့ ရပ်ကွက်လူကြီးလည်း ဒေါ်လှခင်ကိုအားနာကာ ထွန်းဇော်ကို ဘေးမဲ့ပေးရမလိုကို ဖြစ်နေပြီ၊

ပေးရမလိုကို မဟုတ်ပါဘူး၊ ပေးကိုပေးပြီးပါပြီ၊

ရပ်ကွက်လူကြီးတင်မကဘူး ရပ်ကွက်ကပါ ထွန်းဇော်ကို ဘေးမဲ့ပေးပြီးပါပြီ။

တစ်ရပ်ကွက်လုံးနှင့်တစ်ယောက် ထွန်းဇော်ကတော့ ဘာကိုမှ ဂရုမစိုက်၊ သူ့ကို ဘေးမဲ့ခေါ်ရင်တောင်မှ မျက်နှာကြီးကို ဖြီးလို့ ဂုဏ်ယူနေတာရယ်။ ဒီတော့ ရပ်ကွက်ထဲက သူ့ကို နာမည်ပေးထားတာ ဘေးမဲ့တဲ့။ ရိုက်လိုက်တဲ့ ဖဲ၊ သောက်လိုက်တဲ့ ဆေးလိပ်၊ ဝါးလိုက်တဲ့ ကွမ်း။ ဒါပေမဲ့ ထွန်းဇော် တစ်ခုတော့ကောင်းသည်။ အရက်တော့ လုံးဝမသောက်၊ မမူးဘဲနဲ့ ရပ်ကွက်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ရမ်းတဲ့ ထွန်းဖော်ရယ်။

သားသမီးမကောင်းတော့ မိဘခေါင်းတဲ့။ ပြဿနာမှန်သမျှက လုပ်တော့ ထွန်းဖော်။ ရှင်းရတော့ ဒေါ်လှခင်ရယ်။ သားလုပ်သူက ရှေ့ကရှုပ်။ မိခင်က နောက်ကလိုက်ရှင်း။ သားအမိနှစ်ယောက်ကို ဟုတ်လို့။

"ဒေါ်လှခင် မဆုံးမဘူးလားတဲ့"

ရပ်ကွက်ထဲကလူတွေ ပြောကြတာလေ။ ဒေါ်လှခင် သားလုပ်သူကို မဆုံးမတာ မဟုတ်ဘူး။ ဆုံးမပါတယ်။ ဆုံးမလွန်းလို့လည်း တစ်ခါတစ်ရံ ဝက်ရူးပြန်သူကတောင် အရှုံးပေးရလောက်မယ်၊ ပါးစပ်မှာ အမြှုပ်တွေကိုထွက်လို့။

ပါးစပ်သာ ညောင်းပြီး လျှာခွေကျသွားမယ်။ ထွန်းဖော်တို့ကတော့ ဒုံရင်းက ဒုံရင်းပဲ။ ပြန်မပြော နားမထောင်နဲ့။

လူက ရောက်နေတဲ့အရွယ်က လူပျိုရွယ်။

ဒါပေမဲ့ အခုထိ အရိုက်ခံရသေး။ ဒေါ်လှခင်ကလည်း ရိုက်လိုက်ရင် ကြက်မွေးတံစ်ချောင်းအကုန်ရယ်။



ရိုက်တုန်းသာ "အမေကြောက်ပါပြီ နောက်မလုပ်တော့ပါဘူး" နဲ့။ ရိုက်ပြီးသွားရင် ဒုံရင်း ဒုံရင်းပဲ။

ဒီတော့ ရိုက်ရတဲ့ လက်သာအညောင်းရယ်။

အားကုန်တာပဲရှိမယ်။ ဒင်းက အကြောမပျော့။

ဒီလိုကောင်မျိုး ဘေးမဲ့ဖြစ်တာ ဆန်းလားရယ်။

သူ လက်ဖက်ရည်ဆိုင်ထဲသို့ရောက်တော့ ဘော်ဒါနှစ်ယောက်က စုံနေပြီ။

"ဟေ့ကောင် . . . ဘယ်လိုလဲ၊ ရေပါလား"

ဝင်းခန့်၏စကားကြောင့် သူသရော်ပြုံး ပြုံးလိုက်ကာ ခုံထိုင်ကို ခြေထောက်နှင့်ဆွဲစုတ်ပြီး ဝင်ထိုင်လိုက်သည်။

"ဟင်း . . . ဟင်း . . . မပါလို့ ရမလားကွာ။ ငါ့ဘဝမှာ ထုံးစံမှမရှိတာ"

"မင်းကလည်း ပါတာများ မြန်မြန်လိုမို့ခဲ့တာ မဟုတ်ဘူး"

အောင်ချမ်းစကားကြောင့် သူ စိတ်ပျက်ကာ . . .

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း မြန်သမျှ မြန်အောင်လိုမ့်ခဲ့တာပဲ။ ငါ့အိမ်က mother ကြီးက ငါ့ကို ညောင်နေလို့ကွ"

"အေးကွာ။ ငါ့အိမ်က ဘဲကြီးကလည်း ငါ စာမေးပွဲကျလို့ ဓားကြိမ်းကြိမ်းနေတာ။ ဒါနဲ့ ငါလည်း ထွက်လာခဲ့တာ။ ညစ်တယ်ကွာ"

"ဟေ့ကောင် . . . ငချမ်း ဘာမှ ညစ်စရာမရှိဘူး။ ငါတို့လည်း ကျတာပဲ။ မင်းတစ်ယောက်တည်း မဟုတ်ဘူး"

"ဟုတ်တယ်"

ဝင်းခန့်စကားကို ထွန်းဇော်ထောက်ခံလိုက်သည်။

"ဟေ့ကောင် . . . ငါ ဒါမှာလိုက်မယ်နော်"

ဝင်းခန့်က လက်နှစ်ချောင်းကို နှုတ်ခမ်းမှာတေ့ပြတော့ သူပြုံးပြကာ . . .

"မှာကွာ။ ငါလည်း သောက်ချင်တယ်"

ဝင်းခန့် ဆေးလိပ်မှာနေစဉ် သူ အောင်ချမ်းကို ကြည့်တာ . . .

"ငချမ်း . . . မိုးကြီးတို့ဆီက ဘာသတင်းကြားလဲ"



မိုးကြီးဆိုတာက ဖဲသမား။ အရပ်ထဲကာ နယ်တကာလိုက်ပြီး ဖဲရိုက်နေတာရယ်။

"မနက်ဖြန် ဝိုင်းကောင်းရှိတယ်တဲ့"

"ဘယ်မှာလဲ"

"ခါတိုင်း တို့ ဝိုင်းနေကျနေရာမှာပဲပေါ့။ ဒါပေမဲ့ ဆရာကြီးတွေ ပါမှာတဲ့နော်"

"ကျွတ် . . . အဲ့ဒါကြီးတွေ ခေါက်ထားစမ်းပါကွာ"

ဆေးလိပ်ရောက်လာတော့ သူနှင့်ဝင်းခန့် တစ်လိပ်စီယူကာ မီးညှိပြီးဖွာလိုက်ကြသည်။

ဝင်းခန့်က ဆေးလိပ်မီးခိုးများကို မှုတ်ထုတ်လိုက်ကာ . . .

"ဝိုင်းကောင်းဆိုတော့ ငါတို့ရေများများပါသွားမှဖြစ်မှာနော်"

"အဲ့ဒါ ငါ့တာဝန်ထား"

သူ့စကားကြောင့် ဝင်းခန့်တို့နှစ်ယောက်သား ပြုံးသွားကြတာ အောင်ချမ်းက . . .

www.burmeseclassic.com

www.burmeseclassic.com



"ရေများများဆိုတော့ မင်းမားသားကြီးက ပေးမှာမို့လား"

"ကျွတ် . . . ဘယ်ပေးပါ့မလဲ။ ဆွဲရမှာပေါ့ကွ"

"ဖြစ်ပါ့မလားကွာ"

"မင်းတို့စောင့်ကြည့်နေ မနက်ဖြန်မနက် ဆယ်နာရီမင်းတို့နှစ်ယောက် ဝိုင်းမှာသွားစောင့်နေ ငါလာခဲ့မယ်"

"Ok"





မိုးလေးက အတန်ငယ်မှောင်လာတော့ သူ အမေ့အခန်းထဲကို ကူးခဲ့လိုက်သည်။

အမေ့အခန်းထဲရောက်တော့ အမေက မအိပ်သေး။ ဈေးရောင်းရထားတဲ့ ငွေတွေကို ရေတွက်နေသည်။

"အမေ"

သူ့အသံကြောင့် အမေ သူ့ကိုမော့ကြည့်လိုက်ကာ ပိုက်ဆံတွေကို ခေါင်းအုံးအောက်ထဲ ထိုးထည့်လိုက်သည်။

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မနက်က ကိစ္စကြောင့် အမေ အခုစိတ်ဆိုးမပြေသေးဘူးထင်သည်။ အသံက ခပ်မာမာနှင့်ရယ်။

"ဟဲ . . . ဟဲ . . . အမေသားကို စိတ်ဆိုးနေတယ်ထင်တယ်"

သူ မျက်နှာချိုသွေးတာ အမေ့ခြေရင်းနားတွင်ထိုင်လိုက်တော့ အမေက ဘာစကားမှ ပြန်မပြော။

"အမေ ညောင်းနေလား"

သူ ပြောပြောဆို အမေ့ ခြေသလုံးလေးတွေကို ကိုင်လိုက်တော့ အမေက အကိုင်မခံ ရုန်းသည်။

"လာပါ အမေရဲ့။ အမေညောင်းနေတယ်ဆိုတာ သားသိပါတယ်"

သူ အမေ့ခြေသလုံးလေးကို ပြန်ဆွဲလိုက်သည်။ အမေ ဒီတစ်ခါတော့ မရုန်းတော့ သူ အမေ့ကို နှိပ်ပေးကာ

"အမေ အညောင်းပြေတဲ့အထိ သားနှိပ်ပေးမယ်နော်"

သူ့ပုံစံကို အမေ စူးစမ်းသလို ကြည့်လိုက်သည်။



ပြီးတော့ . . .

"မင်း ဘာလိုချင်လို့လဲ"

"ဘာမှ မလိုချင်ပါဘူး အမေရာ။ အမေက တစ်နေကုန် အလုပ်လုပ်နေတဲ့လူဆိုတော့ ညောင်းနေမလားလို့ပါ"

"ကြားသားမိုးကြိုး။ ဒါကြောင့် ကျုပ် ဒီနေ့ရေးရောင်းကောင်းတာထင်တယ်"

သူ့ပုံစံက ထူးဆန်းနေတာ။ အမေ့အသံက ခနဲ့သံနှင့်။

"ဟာ . . . ဒီနေ့အမေ ဈေးရောင်းကောင်းတယ်ဟုတ်လား"

သူ့အမေးကို အမေ မဖြေ။ သူ ဘာမှဆက်မပြောတော့ဘဲ နှိပ်ပေးနေလိုက်သည်။ သူ ငြိမ်သွားတော့ အမေ မနေတတ်ဘူးထင်။

"သား မင်းကျောင်းပြန်တက်ဦးမှာလား"

"မတက်ချင်တော့ဘူး အမေရာ"

www.burmeseclassic.com



"ဟင်း"

သူ့စကားကြောင့် အမေသက်ပြင်းချလိုက်သည်။

"ဆက်တက်ပါဦးလား သားရယ်။ ပညာမတတ်ရင် မျက်နှာငယ်ရတယ်ကွဲ့"

"အင်းလေ . . . အမေက တက်ဆိုတော့လည်း တက်ရုံပေါ့"

သူ့စကားကြောင့် အမေပြုံးကာ . . .

"သားက ဉာဏ်ကောင်းပါတယ်ကွယ်။ ကြိုးစားရင် အောင်မှာပါ"

"သားကြိုးစားပါ့မယ်"

"အေး . . . အေး . . . ဒါဆို အမေ ကျောင်းပြန်အပ် ပေးမယ်နော်"

"ဟာ . . . အမေ အခုမအပ်နဲ့ဦးလေ"

"ဘာဖြစ်လို့လဲ သားရဲ့"

"သား ဘာမှ မပြင်ဆင်ရသေးဘူးလေ"

"အေးပါ။ ဒါဆိုလည်း ဖြည်းဖြည်းပေါ့"





"အမေ သား အမေ့ရဲ့ ဖက်ကိုနှိပ်ပေးမယ်နော်"

"အေး . . . အမေ့ရဲ့ဖက်တွေ တအားလေးနေ တာပဲ"

"စိတ်ချအမေ ပျောက်သွားစေရမယ်"

ပိုက်ဆံ အမေက ခေါင်းအုံးနားမှာ ထိုင်နေတော့ ခြေသလုံးမှာပဲ နှိပ်နေရင် ခေါင်းအုံးနှင့်ဝေးသည်။ ပြီးတော့ လှမ်းနှိုက်မယ်ဆိုရင်လည်း အမေ့ရှေ့ဆိုတော့ လုံးဝမဖြစ် နိုင်။ အခု ဖက်နှိပ်ပေးမယ်ဆိုတော့ ခေါင်းအုံးနှင့်လည်း နီး သလို အမေ့နောက်က နှိပ်ပေးရမယ်ဆိုတော့ လွယ်သည်။

ထို့ကြောင့် သူခုတင်ပေါ်တက်ကာ အမေ့နောက် တွင် ထိုင်လိုက်ပြီး အမေ့ဖက်ကို နှိပ်ပေးလိုက်သည်။ ပထမနှိပ်တော့ လက်နှစ်ဖက်နှင့် . . .

"အင်း . . . အခုမှပဲ အညောင်းပြေတော့တယ်"

အမေ့ကိုနှိပ်နေသော သူ့လက်နှစ်ဖက်မှ တစ် ဖက်သာနှိပ်လိုက်ပြီး တစ်ဖက်သည် တဖြည်းဖြည်းနှင့် ခေါင်းအုံးအောက်သို့ လျှိုနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ နှိုက်နေတာ နည်းနည်းနောနောမဟုတ်။ အချိ ကြီးပါလာပြီ။

ဟာ . . . ဒီလောက်ဆို နိုင်ပြီ။

သူ ပိုက်ဆံတွေကို အင်္ကျီရင်ဘတ်ထဲထည့်လိုက် သည်နှင့် အမေက . . .

"လက်နှစ်ဖက်နဲ့ နိုပ်ပါသားရယ်"

"ဟုတ် . . . ဟုတ်ကဲ့ . . . အမေ"

သူ ဖောင်းနေသောဗိုက်ကို ပိပိပြားပြားဖြစ်အောင် ဖိလိုက်ပြီး အမေ့ရဲ့ဗိုက်ကို လက်နှစ်ဖက်နှင့် နိုပ်လိုက်တော့ သည်။

သေချာပြီ။ ဒီလောက်ဆို မနက်ဖြန်အတွက် အရင်းအနှီး နိုင်ပြီ။



"တောက်"

သေလိုက်တဲ့ဖဲ။ တစ်ပွဲမှကိုမလာဘူး။

ထွန်းဇော် ဖဲကိုပစ်ချလိုက်ကာ တောက်ခေါက် လိုက်သည်။

ဒိုင်က တစ်နယ်သား။ အရင်တကာလိုက်ပြီး ဖဲရိုက်နေတဲ့လူ။ ဆရာကြီး ဖဲဝိဇ္ဇာရယ်။

ဝင်းခန့်နှင့် အောင်ချမ်းတို့က သူ့နံဘေးတွင် ဝင် ထိုင်နေကြကာ သူ့ဖဲကိုကြည့်ပြီး မျက်နှာတွေ ပျက်နေကြ ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲ . . . ကောင်လေး ဘယ်လိုလဲ"

ဒိုင်လုပ်သူက ရိသဲ့သဲ့လေသံနှင့် သူ့ကိုပြုံးယဲ့ယဲ့ ကြည့်ကာ မေးလိုက်တော့ . . .

"စားပျာ။ သေတယ်"

"ဟား . . . ဟား . . . ဟား . . . ဟား"

ရယ်သံတွေမှ လှောင်သံတွေ ရောစွက်လို့။ စား သွားတာ သူတစ်ယောက်တည်းကိုမဟုတ် တစ်ဝိုင်းလုံး ရယ်။

ထွန်းဖေ်တို့ သုံးယောက်သား မျက်စိပျက် မျက် နှာပျက်ဖြစ်နေကြပြီ။ ထွန်းဖေ် အိတ်ထောင်ထဲ ငုံ့ကြည့် လိုက်တော့ ပိုက်ဆံက သိပ်မကျန်တော့။

ဒိုင်ကလည်း သူ့ကိုပဲ မဲချနေတော သိသာလှ သည်။

"ဟဲဟဲ . . . ဘယ်လိုလဲကောင်လေး ကျန်သေး ရဲ့လား။ သွေးကြီးရင် အောင်နိုင်တယ်နော်"

ဒီကောင့်အသံက မထိတထိနှင့်။ သူ ဒိုင်လုပ်သူ





ကို စိန်ခေါ်သည့်အကြည့်နှင့် ကြည့်လိုက်ကာ . . .

"ကြိုက်သွားပြီ။ ထွန်းဖေ် သွေးမကြောင်ဘူးဆို တာ ပြမယ်"

သူ့ အိတ်ထဲမှရှိသမျှ အကုန်နှိုက်ကာ ချထိုး တော့သည်။

"ဟဲဟဲ . . . အဲ့လိုမှပေါ့ကွ။ ကဲ . . . စလိုက်ကြ ရအောင်"

ဒိုင်က ဖဲကို ကုလားဖန်ထိုးကာ တစ်ဖက်လူကို ချိုးခိုင်းတော့သည်။ သူက အလယ်အိမ်မှ ချိုးလို့မရ။

ဖဲစဝေပြီ။ စဝေကတည်းက ထိုးသားတွေက သူ့ဖဲ ကိုယ့်ဖဲသာ မဲကြည့်ကြပြီ။ တခြားအိမ်ကို စိတ်မဝင်စားကြ ရှုံးနေကြပြီပဲ။

ဒိုင်က ဖဲဝေပြီး နောက်ဆုံး သူယူရမည့်တစ်ချပ် ကျတော့ အောက်ဆုံးဖဲကို ယူလိုက်ပြီး မြန်လိုက်သည့်ဖြစ် ခြင်း။ ဘယ်သူမှ မရိပ်မိအောင်ကို မြန်တာ။

အပွဲတိုင်းလိုလို နိုင်နေသော ဒိုင်ကို ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ထွန်းဇော်တစ်ယောက် သံသယဝင်လာသဖြင့် မသိမသာ အကဲခတ်နေတာ၊ အခုတော့ မိပြီ။

ထွန်းဇော် ဖဲကိုပစ်ချကာ . . .

"ခင်ဗျား ဒါဘာလုပ်တာလဲ"

သူ့စကားကြောင့် ဒိုင်လုပ်သူက သူ ဘာမှမလုပ်ထားသလိုနှင့် သူ့ကို မျက်လုံးလှန်ကြည့်ကာ . . .

"ကိုယ် ဘာလုပ်လို့လဲ"

"ခင်ဗျား အောက်ဖဲ ဆွဲသွားတာ ကျုပ် မမြင်ဘူးမှတ်နေလား"

သူ့စကားကြောင့် ဒိုင်လုပ်သူက မျက်စိမျက်နှာပျက်သွားပြီ။ ကျန်အိမ်တွေကလည်း ဒိုင်ကို မယုံသလိုကြည့်လာကြပြီ . . .

"ကိုယ့်လူ ရှုံးမဲ မဲနေပြီထင်တယ်"

"ဟား . . . ဟား . . . ဇွေးမကြောင်လို့ ဖဲရိုက်စားနေတာ၊ ရှုံးမဲမဲတယ်ဆိုတာ ထွန်းဇော်ဘဝမှာ မရှိသေးဘူး။ ရှင်းလား။ ကဲ . . . ဖဲစည်းကမ်းကို ဖောက်ဖျက်တယ်



ဆိုတော့ ခင်ဗျား ကျုပ်တို့ကို နစ်ဆလျော်မှာလား မလျော်ဘူးလား"

"အစိုပ္ပာယ်မရှိတာ လာမပြောနဲ့ ကိုယ့်လူ။ ကလေးကို သွားပြော"

"ခင်ဗျား လျော်မှာလား၊ မလျော်ဘူးလား"

"ကိုယ်မှ မလုပ်တာ၊ ဘာကြောင့် လျော်ရမှာလဲ"

ဒိုင်၏ မထီမဲ့မြင် ပုံစံကြောင့် သူ့ဒေါထွက်သွားကာ . . .

"ကဲကွာ . . . မလျော်ဦး"

"ခွပ်"

ထွန်းဇော်၏ လက်သီးက မျက်နှာချင်းဆိုင်မှ ဒိုင်ကို ထိသွားလိုက်ကာ အားရပါးပင်။

ရန်ဖြစ်ပြီဟူသော အသိကြောင့် ကျန်အိမ်တွေက ဆင်းပြေးပြီ။

သူ့ဆရာ အထိုးခံရတာကို မြင်တော့ တပည့်နစ်ယောက်သားဝင်ထိုးကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

သူ့ကိုဝင်ထိုးလာသော တစ်ယောက်ကို အဲသာ ရှောင်ကာ တံတောင်ဖြင့် မျက်နှာကို ပြန်ပေးလိုက်ပြီ။

ချေမ်းနှင့် ဝင်ခန့်တို့လည်း မနေနိုင်တော့ ဝင်ပါရ ပြီ။ တစ်ဖက်ကို သုံးယောက်ချင်း။ ပွဲက လုံးထွေးနေပြီ။

သူတို့အဖွဲ့က သုံးယောက်ပေါင်း ပွဲလုံးကျော်အဖွဲ့ ဒင်းတို့ ခံနိုင်ရိုးလား။

ဒင်းတို့ သုံးယောက်သား ထွက်ပြေးကြတာ ဖနောင့်တောင် ဖင်ဆို့ချင်သည်။

"တောက်"

ဟိုကောင်တွေ ထွက်ပြေးသွားတော့ သူမကျေ မချမ်းနှင့် တောက်ခေါက်လိုက်ကာ ပြန့်ကျဲနေသော ပိုက် ဆံတွေကို ပြန်ကောက်လိုက်တော့သည်။

ရပ်ကွက်ထိပ်မှ မန်ကျည်းပင်ကြီးအောက်မှ ထိုင် နေသော သူတို့သုံးယောက်မှာ ဒဏ်ရာကိုယ်စီတွေနှင့်။

"အား . . . ကျွတ်ကျွတ်"





ထွန်းဇော် ပါးပြင်ကို လက်ဖြင့်ဖိကာ ညည်းညူ လိုက်သည်။ ရန်ဖြစ်တုန်းကတော့ ဘာမှမနာ။ အခုသွေး အေးသွားမှ နာလာပြီ။

နှုတ်ခမ်းထောင့်မှာ သွေးစို့နေသလို ပါးပြင်မှာ လည်း အနီကွက်နှင့်။

အောင်ချမ်းက မျက်ခုံးထောင့်မှာ အညိုစွဲလို့။ ဝင်း ခန့် မျက်နှာမှာသာ ဒဏ်ရာမပေါ်တာ။

သုံးယောက်သား ညည်းညူရင်း လက်ပူတိုက်နေ ကြတာ နောက်မှာ ဝတ်မှုန်ရောက်လာတာကိုပင်မသိကြ။

သူမကလည်း လာနေတာ တိုးတိုးတိတ်တိတ်နှင့် ရယ်။ အသံမပေးဘာမပေးနှင့်။

ထွန်းဇော် နောက်ကျောမလုံလာသလို ခံစားလာ ရသဖြင့် နောက်လှည့်ကြည့်လိုက်တော့ . . .

"အောင်မလေး"

"အမလေး"

လန့်လိုက်ကြတာ ပြိုင်တူရယ်။ သူတို့အသံကြား



www.burmeseclassic.com

www.burmeseclassic.com



တော့မှ ဝင်းခန့်တို့နှစ်ယောက်သား လှည့်ကြည့်လာကြပြီ။

"အမလေး . . . လန့်လိုက်တာ ထွန်းဇော်ရယ်"

သူမ လက်တစ်ဖက်က ခြင်းတောင်းကိုင်ကာ တစ်ဖက်က ရင်ဘတ်ကလေးကို ဖိလိုက်ပြီးဆိုတော့ ထွန်းဇော်က မဲ့လိုက်ကာ . . .

"အံမယ် . . . သူ မပြောမဆိုနဲ့ လာတာကြတော့ မပြောဘူး"

"ငါက နင်တို့ နင်တို့ဘာတွေများ လုပ်နေကြသလဲလို့"

"ငါတို့မှာ ဘာလုပ်လို့လဲ"

ဝင်းခန့်စကားကြောင့် သူမ ထွန်းဇော်တို့သုံးယောက်သား၏ မျက်နှာများကို သေချာကြည့်ကာ . . .

"နင် . . . နင်တို့ရန်ဖြစ်လာတာလား"

သူမ အမေးကြောင့် သုံးယောက်သား ခေါင်းတွေငုံ့သွားကြ၊ ရှောင်လိုက်ကြနှင့်။ ဒါကို သိသွားသော သူမက ထွန်းဇော်၏အနားတွင် ငုတ်တုတ်ထိုင်လိုက်ကာ . . .





"နင်တို့ သုံးယောက်နဲ့တော့ စိတ်ညစ်ပါတယ်ဟယ်။ တကာတည်း ရန်မဖြစ်ရရင်များ စားမဝင်အိပ်မပျော်ကြဘူးလား မသိဘူး"

သူမ စကားကြောင့် ထွန်းဇော်က . . .

"ငါတို့က ဖြစ်ချင်လို့ဖြစ်တာမှ မဟုတ်တာဟာ။ ဟိုကောင်တွေ လူပါးဝလို့ မခံနိုင်လို့ဖြစ်ကြတာ"

"ဘယ်ကကောင်တွေလဲ"

"မသိပါဘူးဟာ။ ဟိုဘက်ရပ်ကွက်ကပါ"

"ဟင် . . . ဟိုဘက်ရပ်ကွက်က ကောင်တွေနဲ့ နင်တို့နဲ့ဘယ်လို"

ဝတ်မှုန်စကားပင် မဆုံးသေး ထွန်းဇော်က . . .

"အဲဒါတွေ ထားစမ်းပါဟာ။ ဒါနဲ့ နင်ဈေးသွားမလို့လား"

"ဟုတ်တယ်"

ထွန်းဇော် သူမ၏မျက်နှာလေးကို သေချာကြည့်ထိုက်သည်။ ဖြူစင်ဝင်းပသော မျက်နှာပေါ်မှာ သနပ်ခါးရေ



www.burmeseclassic.com

www.burmeseclassic.com



ကျဲလေးနှင့်။

စင်းကော့လှသည့် နာတံချွန်ချွန်လေးရဲ့အပေါ်မှာ စင်ရော်တောင်မျက်ခုံးလေးမို့။ သူမ အလှက မြင်သူငေးချင်စရာ။ နှုတ်ခမ်းလေးကလည်း ဘာမှမဆိုးဘဲ သဘာဝအတိုင်း ပန်းရောင်ပြေးနေတော့ သူမအပြုံးက စွဲမက်စရာရယ်။

ဖျင်ကြမ်းအင်္ကျီအပြာရင်စေ့ကို ထဘီအပြာကွက်လေး ဝတ်ထားသော သူမ၏ဆင်ယင်မှုက အသားဖြူဖြူနှင့် လိုက်ဖက်လွန်းလှသည်။

နှစ်ခုခွဲကျစ်ထားသော ကျစ်ဆံမြီးများကို ရှေ့ချထားသော သူမက ဆန်စက်ပိုင်ရှင်ရဲ့သမီးရယ်။ ရပ်ကွက်ထဲမှာ ရုပ်ချောပြီး ကြေးရတက်မို့ ပိုးပန်းလိုက်ကြသည့် ကာလသားတွေကလည်း မနည်းမနောရယ်။

ဝတ်မှုန်က သူမကို ဘယ်လောက်ပဲ ပိုးပန်းပန်း၊ ဘယ်လောက်ပဲ ယောကျ်ားလေးတွေ အရောဝင်ဝင် ဂရုမစိုက်၊ မသိသလိုသာနေသည်။ အေး . . . ဒါပေမဲ့ ရပ်ကွက်





ထဲမှာ သူ့အရောဝင်တဲ့ယောကျ်ားလေးဆိုလို့ ထွန်းဇော်တစ်ယောက်ပဲရှိတယ်။

ထွန်းဇော်နှင့်ရောတာ သူမ၏ မိဘတွေက မကြိုက်။ အလေကာတောနှင့်ပေါင်းရမလားဆိုပြီး ဆူလိုက်ကြတာ ခဏခဏရယ်။ သို့သော် ဘယ်ဘာဝရေစက်ကြောင့်လဲ မသိ သူမမှာလည်း အဆူအငြူခံရင်းနှင့်ကို ထွန်းဇော်တို့ကို ခင်တာ။

ဘာကြောင့်လဲမသိ။ ထွန်းဇော် သူမအပေါ် ဘယ်လောက်ပဲဆိုးဆိုး သူမ သည်းခံသည်။ သူ့အပေါ် အနွံတာလည်း ခံသည်။

"ဟဲ့ . . . နင့်အမေ နင့်ကို လိုက်ရှာနေတယ်နော်"

"အမေ ငါ့ကိုလိုက်ရှာနေတယ်၊ ဟုတ်လား?"

"ဟုတ်တယ်။ ငါ့ကိုတောင် လာမေးသေးတယ်။ နင်ဘာသွားလုပ်ထားလို့လဲ"

"ဘာမှ မလုပ်ပါဘူးဟာ"

"နင်ကသာ ဘာမှမလုပ်ဘူးပြောနေတာ နင့်



www.burmeseclassic.com

www.burmeseclassic.com



အမေက ကြက်မွေးကြီး တကားကားနဲ့"

ဗုဒ္ဓေါ . . . ကြက်မွေးကြီးတကားကားနဲ့တဲ့။ သူ ပိုက်ဆံဘတ်တာ သိသွားပြီထင်တယ်။ ကြက်မွေးကြီးနဲ့တဲ့ အရိုက်ခံရရင်မလွယ်။ သူ အမေ့ကိုလန့်သည်။ အမေက ရိုက်ရင်လွယ်တာ မဟုတ်။

"နင် . . . နင်ဘာပြောလိုက်သေးလဲ"

"ဘာပြောရမလဲဟ။ နင့်ကို တွေ့မှမတွေ့တာ ဒီ တော့ မတွေ့ဘူးပေါ့။ အဲဒါ နင့်အမေ နင့်ကိုမေတ္တာပို့ပြီး ပြန် သွားတယ်။ အဲဒါ အိမ်ပြန်လိုက်ဦး"

"ဟာ . . . ပြန်လို့ဘယ်ဖြစ်မလဲ။ ပြန်ရင် ငါဒွမ်ခံ ရမှာပေါ့"

"ဟင် . . . နင်ပြောတော့ ဘာမှမလုပ်ထားဘူးဆို"

"စာဲ . . . ငါမနေ့ညက အမေ့ထဲမှာ ဒါဘတ်ထား တာဟ"

သူက လက်ညှိုးနှင့်လက်မကိုဝိုင်းပြပြီး ရယ်ကျဲ ကျဲလုပ်တော့ သူမ မျက်စောင်းထိုးကာ . . .





"ဟင်း . . . နင်လည်းနင်ပဲနော် အမှတ်ကိုမရှိဘူး"

"ဟဲ . . . ဟဲ"

"ဘာ . . . ဟဲဟဲလဲ။ နင်တို့ စာမေးပွဲကျတယ်ဆို"

သူဘာမှမဖြေ။ အောင်ချမ်းက . . .

"စာမေးပွဲကျတာ ငါတို့ တမင်မဖြေခဲ့တာပါဟာ။ ဖြေရင်အောင်သားပဲ မဖြေချင်လို့"

"အံမယ် . . . နင်တို့လွှား ဖြေနိုင်ရဲ့နဲ့ မဖြေမှာ"

"ဟင် . . . နင်မယုံဘူးလား"

"ငွေပုံပေးတောင် မယုံဘူး"

ဝတ်မှုန်၏စကားကြောင့် အောင်ချမ်း မျက်နှာမဲ့ တာ လှည့်သွားပြီ။

"ထွန်းဇော် ငါ ဈေးသွားတော့မယ်။ တော်ကြာ ကြာနေရင် အမေဆူလို့ ဒုက္ခရယ်"

"အေး"

သူမ ဈေးသွားရန်မတ်တတ်ရပ်လိုက်တော့ ဝင်း ခန်းက ကြွကြွဆိုတဲ့ သဘောနဲ့ လက်ဟန်လုပ်တော့ သူမ



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုးကာ . . .

"သွားပြီနော်"

ထွန်းဇော်ကို နှုတ်ဆက်ပြီး ဝတ်မှုန်ထွက်သွားပြီ။ သူ ဝတ်မှုန့်၏ကျောပြင်ကိုကြည့်ကာ ပြုံးပြုံးလေးနှင့်ငေးနေစဉ်။ အောင်ချမ်းက . . .

"လောကကြီးက မြင့်တုံနိမ့်တုံနဲ့ဆိုတော့ ငါ ယုံသွားပြီ"

အောင်ချမ်းရဲ့ စပ်ဖြီးဖြီးအပြောကို သူ မကျေမနပ်နှင့် ကြည့်ကာ . . .

"ဟေ့ကောင် . . . မင်းရဲ့စကားဆင်ခြင်နော်"

ဝင်းခန့်ကလည်း အောင်ချမ်းအား . . .

"ဟုတ်ပ . . . မင်းကလည်း သူများရဲ့မှုပိုင်ကို"

ဝင်းခန့်စကားက ထွန်းဇော်ကို ရွဲ့နေသယောင်

"ကြောက်ပါတယ်ကွာ။ မင်းတို့ကလည်း ဒါလေး ပြောမိပါတယ်"

"မပြောနဲ့ကွ။ ဝတ်မှုန်ကို ငါကလွဲပြီး ဘယ်သူမှ





ဘာမှမထိရဘူး"

"အလို . . . အလာကြီးပါလား"

ဝင်းခန့်က သူ့ကိုကြည့်ကာ . . .

"ဝတ်မှုန်ပြောသွားတာကြားလား။ မင်း mother ကြီးက မင်းကို တင်းနေတယ်တဲ့ ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမလဲကွ။ ရှောင်နေရုံပေါ့"

"ဟေ့ကောင် . . . မင်းရှောင်နေရင် ပိုတင်းသွားမှာပေါ့"

"ဒါတွေက ငါ့ဇယားတွေပါကွာ။ ခေါက်ထားစမ်းပါ။ ငါ့ဇာတ်ကို ငါနိုင်ပါတယ်"

သူ့စကားကြောင့် နှစ်ကောင်သား မျက်ခုံးခပ်လှုပ်လှုပ်ရယ် ဟုတ်တယ်လေ။ ဇရိုက်တာ သူတို့လည်း ပါတယ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်မှောင်မိုက်လှတဲ့ လမိုက်ည။ ကြယ်ရောင်ကမှေးစင်းပြီး တဖြုတ်ဖြုတ်ကြွေနေကြမှာ မြေပြင်ပေါ်မှာမသဲမကွဲရယ် . . .

ခုနစ်စဉ်ကြယ်အမြီးထောင်ချိန်မို့ လူ့ရွာက အရုပ်ဆောင်တို့ အပုပ်ကောင် ဖြစ်နေကြပြီ။

ခြံဝကို ကျော်ဝင်နေသော ပုံရိပ်တစ်ခု။ ပုဆိုးကို ပင့်ကာ ခြံထဲကိုဝင်လာပြီ။

သူ့ခြေလှမ်းတွေက သူခိုးဝင်စားတာလား ကြောင်ဝင်စားတာလားမသိ။ တကယ့်ကို တိတ်တိတ်ဆိတ်ဆိတ်





နှင့် အသံလုံးဝမထွက်။ အိမ်ပေါ်တက်လာကာ တံခါးဖွင့်လိုက်တော့မပွင့်။

မပွင့် ဘာဖြစ်လဲ။ သူ့ပြတင်းပေါက် တံခါးဂလန့်မထိုးထားဘူးပဲဟာ။ အေးဆေးပေါ့။ ခါတိုင်းလဲ အဲဒီပြတင်းပေါက်က ဝင်တာပဲဟာ။ ဘာခက်တာမှတ်လို့။

ထွန်းဖော်တစ်ယောက် အိမ်ကိုကွေ့ဝိုက်ကာ မိမိအခန်းရှိရာသို့ ဖြည်းညင်းသော ခြေလှမ်းများဖြင့် လှမ်းခဲ့လိုက်သည်။

ပြတင်းပေါက်နားရောက်တော့ တဖြည်းဖြည်းနှင့် တံခါးကို ဆွဲဖွင့်လိုက်သည်။

Ok အဆင်ပြေတယ်။

တံခါးက အသာပွင့်လာသဖြင့် သူကြိတ်ပြုံးလိုက်သည်။

ဟင်း . . . ဟင်း . . . အမေရာ ထွန်းဖော်ကို တံခါးပိတ်ထားလို့မရပါဘူး။

သူ စိတ်ထဲမှ ကြုံးဝါးကာ ပြတင်းပေါက်တံခါး



www.burmeseclassic.com

www.burmeseclassic.com



ဘောင်ပေါ်ခွတက်လိုက်ပြီ။

အေးဆေး။ ဒီအချိန်ဆို အမေဟောက်နေလောက်ပြီ။ သူ တံခါးဘောင်ကို ခွနေတုန်းပဲ ရှိသေး။

"ဖြောက်"

မီးခလုတ်အသံနှင့်အတူ မီးလင်းလာပြီ။ ရုတ်တရက် မှောင်နေရာမှ လင်းလာချိန် သူမြင်လိုက်ရတာက ထိတ်လန့်ဖွယ်ရာမြင်ကွင်း။ သူ့မျက်လုံးများ ပြူးပြီး ဆံပင်မွေးတောင် ထောင်ချင်သွားပြီ။ နှုတ်မှလည်း . . .

"အမေ"

ဟုတ်ပ။ ဒေါ်လှခင်တစ်ယောက် ကြက်မွေးတုတ်ကြီးကို လက်တစ်ဖက်က ကိုင်ကာ ကျန်တစ်ဖက်ကို ခါးထောက်ထားပြီး သူ့ကို ကြည့်နေတာ စားမတတ် ဝါးမတတ်ရယ်။

"ဟဲ . . . ဟဲ"

သူ ပြတင်းပေါက်ဘောင်ပေါ်မှ စပ်ဖြီးဖြီးနှင့် လှမ်းပြုံးပြကာ ဆင်းပြေးမည်အလုပ် . . .



"ဟဲ့အကောင် . . . နင် ငါ့အကြောင်းသိတယ်နော်"

အမေ့အသံက သွားတွေပင် ကြိတ်နေတာ ကျိုးမတတ်ရယ်။

သူ အမေ့ပုံစံကိုကြည့်ကာ ဆင်းပြေးလို့မဖြစ်တော့မှန်း သိလာသည်။ ဆင်းပြေးလို့မဖြစ်။ အမေ့အကြောင်း သူသိသည်။

သူမျက်နှာငယ်လေးနှင့် ပြတင်းပေါက်ဘောင်မှ ဆင်းကာ အိမ်ထဲသို့ခြေချတော့။

"မင်းရဲ့အပြစ်ကို မင်းသိရဲ့လား"

"ဗျာ . . . ကျွန် . . . ကျွန်တော် ဘာလုပ်လို့လဲ"

"ဟင်း . . . ဟင်း . . . ထွန်းဇော် . . . ထွန်းဇော် ငါမွေးလို့ လူဖြစ်တဲ့ကောင်ကများ ငါ့ကိုလိမ်မလို့တဲ့ ရမလား ဟင်း။ ဟဲ့ . . . နင် ငါ့ပိုက်ဆံတွေ ယူသွားတာမလား မှန်မှန်ဖြေနော် မဖြေရင်ပိုနာမှာမှတ်"

"ဟာ . . . အမေကလည်း သားမယူ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ ခေါင်းလေးကုပ်ကာ လိမ်ရန်အလုပ် သူ့စကား ပင်မဆုံးသေး ခေါ်လှခင်က မျက်လုံးကြီးပြူးပြကာ . . .

"ထွန်းဇော်"

"ဗျာ"

"နင် ယူသွားလား"

အဓမ္မပုံစံကိုကြည့်ပြီး လိမ်လို့မရတော့ဘူးဆိုတာ သူ့ရိပ်မိလိုက်ပြီ။ ထို့ကြောင့် သူ့မျက်နှာငယ်လေးနှင့် . . .

"ဟုတ် . . . ဟုတ်ကဲ့"

"အေး . . . နင့်မှာ အပြစ်ရှိသလား မရှိဘူးလား"

"ရှိ . . . ရှိပါတယ်"

"အေး . . . ရှိရင် ဟိုဘက်လှည့်"

"ဟုတ် . . . ဟုတ်"

သူ့ကြောက်ကြောက်ရွံ့ရွံ့နှင့် ဟိုဘက်လှည့်တော့ အမေက ရိုက်ရန်ကြက်မွေးကိုအရှယ် . . .

"အား . . . အမလေး ကြောက်ပါပြီဗျ။ ကြောက်ပါ ပြီ နာပါပြီဗျ"



သူ့အသံက ခုနစ်ထွေသံကြီးနှင့် ခုနစ်အိမ်ကြား ရှစ်အိမ်ကြားရယ်။ သူ့အသံကြောင့် အမေ မျက်လုံးပြူးသွား တာ . . .

"ဟဲ့ အကောင် . . . နင့်ကို ငါမရိုက်ရသေးဘူးဟဲ"

"ဗျာ . . . မရိုက်ရသေးဘူး။ ဟုတ်လား"

"ဟုတ်တယ်။ တကတည်း ဘေးအိမ်တွေ နင့် အသံပြကြောင့် နီးလာပြီး ငါ့အိမ်ကို ခဲနဲ့ဆော်တော့မယ်"

"အမေက"

"တိတ် . . . နင့်ပါးစပ်ကိုပိတ်ထား။ နင်ယူသွားတဲ့ ပိုက်ဆံက ငါဈေးဆယ်ရက်ရောင်းတောင် အဲဒီလောက် မမြတ်ဘူးဟဲ့။ ဟင် . . . သေခါနီးနေပြီ နင်နားမလည်ဘူး လား"

အမေ့အသံက ခပ်အုပ်အုပ်ပါပဲ။ ဒါပေမဲ့ သူ့နားထဲ မှာ ဝင်နေတာက မိုးကြိုးပစ်သလိုပင်။ အမေ စိတ်ဆိုးနေ သာမို့ သူ ဘာမှပြန်မပြောရဲ။ ခေါင်းလေးသာ ငုံ့နေတော့ အမေက သူ့ကို စိတ်မရှည်စွာကြည့်ကာ ဗိုက်ခေါက်ကြော

www.burmeseclassic.com

www.burmeseclassic.com



ကိုစွဲလိမ်ပြီ . . .

"အား"

"နင့်ပါးစပ်ပိတ်ထား"

"အု"

အမေ့ ဒေါသကြောင့် သူလန့်ကာ ပါးစပ်ပိတ်လိုက်ရပြီ။ သို့သော် ဗိုက်ခေါက်ကြောဆွဲနေတာ အခုထိ မလွှတ်သေး။ နာလှပြီ။ မအော်ရတော့ ပိုဆိုး။ မျက်နှာကြီး တောင် နီလာပြီ။

"ငါ့ဗိုက်ဆံတွေ ပြန်ပေး"

"အိ . . . ကုန် . . . ကုန်သွား"

"ဘာ . . . ကုန်သွားပြီ ဟုတ်လား"

သူ့စကားပင် မဆုံးသေး အမေ့အသံက ကျယ်လောင်စွာပင် ထွက်လာပြီ။

"အ . . . အမေ ဘေးအိမ်တွေ နိုးကုန်"

"နိုး . . . နိုး . . . ငါ နင့်ကို သေအောင်သတ်မှာ"

"အား"





အမေ သူ့ဗိုက်ကြောကို လိမ်နေသည့်အရှိန်အား မြင့်လိုက်တော့ သူ့ရဲ့နာကျင်စွာ ညည်းညူသံက ကျယ်လောင်စွာ ထွက်ပေါ်လာပြီ။

"အား . . . ကြောက် . . . ကြောက်ပါပြီ"

"ဟဲ့ကောင် . . . နင့်ပါးစပ်ပိတ်စမ်း"

အမေက သူ့အသံကြောင့် ခေါင်းကို တောင်ကြည့်မြောက်ကြည့်လုပ်ကာ . . .

"ပတ်ဝန်းကျင်တွေ အိပ်နေလို့၊ နင်မှတ်ထား မနက်မှ ငါ့အကြောင်းသိမယ်"

ဒေါ်လှခင် သားလုပ်သူ၏ ဗိုက်ခေါက်ကြောကို လွှတ်ကာ အခန်းထဲမှ ထွက်သွားပြီ။

"ဟူး"

ထိုအခါမှ အမေ့နောက်ကျောကို သူသက်ပြင်းချကာ ကြည့်နိုင်တော့သည်။





www.burmeseclassic.com

www.burmeseclassic.com



အရှေ့ဘက်အရပ်ဆီမှ ရောင်နီပျို့ပျို့က သူတို့ရပ်ကွက်လေးဆီသို့ ဖြာကျလာပြီ။

ဒေါ်လှခင်တစ်ယောက် အိပ်ရာမှ လူးလဲထကာ ရှုပ်ပွပြန့်ကျဲနေသော ဆံပင်များကို ဘီးမဖီးဘဲ လိမ်ကျစ်ပြီး ဆံထုံးထုံးလိုက်ကာ နံရံမှ ကြက်မွေးကိုဆွဲ၍ ထဘီပြင်ဝတ်လိုက်သည်။

လာစမ်း . . . ဒီအကောင် ငါ့အကြောင်းသိမယ်။

ဒေါ်လှခင် ဒေါ်သတကြီးကြီးနှင့် ခြေစုံကြမ်းကာ လျှောက်လာခဲ့ကာ ထွန်းဖော်၏အခန်းထဲအရောက် . . .



"အံမယ် . . . ဒင်းက အခုထိမထသေးဘူးပေါ့"

နေတောင်ဖင်ထိုးကာမကလို့ တစ်ကိုယ်လုံးကျော်တော့မယ်။ ဒင်းက စောင်ခေါင်းမြီးခြုံပြီး ကွေးလို့ကောင်းတုန်းရယ်။

ဒေါ်လှခင်တစ်ယောက် ဒေါ်သတကြီးကြီးနှင့် မပြောမဆို အိပ်ပျော်နေသော ဒင်းကိုရိုက်လိုက်ကာ အားရပါးရရယ်။

"ဖြန်း . . . ဖြန်း . . . ဖြန်း"

"ဟင်"

ဒေါ်လှခင်၏နှုတ်မှ အာမေဍိတ်သံလေး ထွက်လာပြီ။ ဘယ်ဘဝကများ မအိပ်ဘဲ သေလာသည်မသိ။ ဒီလောက်အထိ ရိုက်တာတောင်မနိုး။ မနိုးတာမှ တုတ်တုတ်မျှကို မလှုပ်ကာရယ်။

သူမလည်း ဒေါ်သကြီးကြီးနှင့် ထပ်ပြီးရိုက်လိုက်ကာ ဆင့်ကဲဆင့်ကဲနှင့်။

"ရှမ်း . . . ရှမ်း . . . ရှမ်း . . . ရှမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဒီတစ်ခါတော့ မအံ့သြလို့မရတော့။ ဟုတ်ပ။ ဒင်းက ခါတိုင်းဆို ရိုက်တောင် မရိုက်ရသေးဘူးအော်တာ။ အခုတော့ ဒင်းက ဒီလောက်ရိုက်တာတောင် တုတ်တုတ်မျှ မလှုပ်။ သေများ သေသွားပြီလား။ ဒါမှမဟုတ် အကြောက်လွန်ပြီး ငြိမ်းစိမ်းပန်းလို့များ မလှုပ်တာလား။

ဒေါ်လှခင်တစ်ယောက် သံသယနှင့်အတူ စောင်ကိုလှန်လိုက်တော့ . . .

"တင်း"

သူမ မျက်လုံးပြူးရပြီ။ ဟုတ်ပ။ အိပ်ရာပေါ်မှာ ဒင်းက မရှိတော့ ခေါင်းအုံးနှင့် ဖက်လုံးတွေကိုစုပြီး စောင်ခြုံပေးထားတာ။ ဒင်းက ဘယ်အချိန်ကတည်းက ထသွားပြီ မသိ။ သူမ ခေါင်းကိုတောင်မြော့က်ကြည့်ကာ . . .

"ထွန်းဇော်"

အသံကုန် ဟန်းခြစ်အော်လိုက်တော့သည်။



၄

ရေနံချေးဝနေသော သစ်သားအိမ်နှစ်ဆောင်ပြိုင်ကြီးက ရှန်းလွဲတဲ့ နံနက်ခင်း နေရောင်ခြည်အောက်မှာ နက်နက်မှောင်မှောင်နှင့် ခန့်ခန့်ညားညားရယ်။

ခြံရှေ့မှာလည်း ရိုက်ထားတာ တညင်း၊ ပိန္နဲစုံလှသည်။

ခြံရှေ့ ပိန္နဲပင်အကွယ်ကနေ အိမ်ထဲကို ချောင်းကြည့်နေသူတစ်ယောက်။ မျက်လုံးကလည်း မလုံမလဲနှင့် ကျီးကန်းတောင်မှောက်သူက ထွန်းဇော် . . .

တောက် . . . ဝတ်မှုန်ကလည်း အခုထက်ထိ အိမ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်က မဆင်းလာသေးဘူး။ ဒီမှာဖြင့် အရေးကြီးနေပါတယ်ဆိုမှ။ အရေးဆို အားမကိုးရဘူး။

အင်း . . . အခုအချိန်လောက်ဆို အမေ ဒေါ်ကာန် နေလောက်ပြီ။

အမေ ဒေါ်သထွက်ရင် သူ့မှာနေစရာမရှိ။ ထွန်းဖော်ဆိုးသာဆိုးတာ အမေ့တော့ကြောက်ရသည်။ မကြောက်သာ မကြောက်ရရင် ဒင်းတော့ ရှာမနိုင်ဖြစ်ပြီ။

အခုလည်း အမေက သူ့ပိုက်ဆံတွေ အကုန်သုံးလိုက်လို့ ဘီးလူးဝင်စီးနေပြီ။ ဟုတ်ပ။ ဒေါ်လှခင် စိတ်ဆိုးလည်း စိတ်ဆိုးချင်စရာရယ်။ သူ့ခမျာ ကုန်ခြောက်လေးရောင်းကာ တစ်ပတ်လောက်ရောင်းတောင်မှ တစ်သောင်းဆိုတာ မြတ်ချင်မှ မြတ်တာ။

အခု သူယူသွားတာ တစ်သောင်းကြီးများတောင် ဒါကြောင့် အမေ ဒေါ်ကာန်တာ မလွန်ဟု သူထင်သည်။ သူ့ခမျာ နမြောရှာမှာပေါ့။ ဒါကြောင့် အမေ့ပိုက်ဆံပြန်ပေးဖို့ ဝတ်မှုန်တည်းမှာ လာချေးကြည့်တာ။ ဝတ်မှုန်ထံမှာတော





ရှိလောက်မှာပါ။ သူ့မှာ အမြဲတမ်းပိုက်ဆံပိုနေတာပဲ။ သူ စုနေတာကိုး။

"ဟာ"

ရုတ်တရက်မြင်ကွင်းကြောင့် သူမျက်လုံးပြူးသွားပြီး ပျော်သွားသည်။

"ဝတ်မှုန်"

သူ့အသံက ခပ်အုပ်အုပ်ရယ်။ လှေကားပေါ်မှ ဆင်းလာသော ဝတ်မှုန်က မကြား။

"ဝတ်မှုန်"

ထိုအခါမှ သူမ ဇဝေဇဝါနှင့် ခြံဝကို လှမ်းကြည့်လာသည်။ သူမ မြင်သာအောင် သူလက်ထောင်ပြလိုက်တော့ သူမ မြင်သွားပြီ။ အိမ်ပေါ်ကို မျှော်ကြည့်လိုက် အောက်ကို ငုံ့ကြည့်လိုက်နှင့်လုပ်ပြီး စိတ်ချရပြီဆိုမှ သူ့ဆီ လျှောက်လာပြီ။

ဘေးဘီကိုမကြည့်လို့က မဖြစ်။ တော်ကြာ အမေ့ဆီ မြင်သွားမှဖြင့် ဆူလို့ကို ပြီးတော့မှာမဟုတ်။ အမေ့



www.burmeseclassic.com

www.burmeseclassic.com



တို့က ထွန်းဇော်နှင့်ပေါင်းတာ ကြိုက်တာမဟုတ်။

"ဘာလဲဟာ . . . စောစောစီးစီး"

"စောစောစီးစီး မလာလို့ မရဘူးဟ။ အိမ်မှာ ပြဿနာတက်နေပြီ။ အဲဒါ နင့်ဆီ အကူအညီလာတောင်းကြည့်တာ"

"ဟင် . . . ဘာအကူအညီလဲ"

"ငါ့ . . . ငါ့ကို ပိုက်ဆံနည်းနည်းလောက်ချေးပါလား"

"ဘယ်လောက်လဲ"

"တစ်သောင်းလောက်"

"ဘုရားရေ . . . တစ်သောင်း . . . ဟုတ်လား"

ဝတ်မှုန် ဘုရားတ,ကာ ရင်ဘတ်ကလေး ဖိလိုက်သည်။

"ဟုတ်တယ်။ အဲဒါ နင့်ဆီမှာရှိရင်"

"ဟယ် . . . ငါ့ဆီမှာ ဘယ်လိုလုပ်ရှိမှာလဲဟ"

"နင်ကလည်း လုပ်ပါဟာ။ နင် မကယ်ရင် ငါ





တော့ သေမှာဟ"

သူ့ပုံစံက မျက်နှာငယ်လေးနှင့် တကယ့်ကို လိုတာ မရရင်ဘဲ ထိုင်ငိုတော့မယ့် ပုံရယ်။

"ဟဲ့ . . . ငါ့မှာ ရှိမှမရှိတာဟဲ့။ ရှိရင်ပေးမှာပေါ့"

"လုပ်ပါဟာ . . . နင်ကူညီချင်ရင် ရပါတယ်ဟ။ နင့်အိမ်မှာ ဒီလောက်တော့ နင်တောင်းလို့ရပါတယ်။ လုပ်ပါဟာနော်"

ထွန်းဇော်ကိုကြည့်ပြီး ဝတ်မှုန် စိတ်ပျက်လာသည်။

သူ့မဆီမှာ သူချေးတာ ဒီတစ်ခါတည်းမဟုတ်။ ခဏခဏရယ်။ ချေးလာတိုင်းလည်း အရေးနှင့်အကြောင်းနှင့်ချည်း။ အခုပဲ သေတော့မလို။ အခုပဲ ရှင်တော့ မလိုနဲ့။ သူ့မခများသာ မနေတတ်မထိုင်တတ်နှင့်မို့ ချေးပေးနေရတာ။ ချေးလိုက်တိုင်းလည်း တစ်ခါမှ ပြန်မဆပ်။ အဆုံးချည်း။

"ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . နင်ဒီတစ်ခါတော့ နောက်ဆုံးအနေနဲ့ ကူညီပါဟာနော်။ ငါတောင်းပန်ပါတယ်"

"နင့်ဟာကလည်း နောက်ဆုံးတွေ များလို့ မယုံချင်တော့ဘူး"

"ဒီတစ်ခါ တကယ်နောက်ဆုံးပါဟာနော်။ ဟဲ့ . . လုပ်ပါဟာနော်"

"ဟင်း . . . အေးလေ။ နင် တကယ် လိုအပ်တယ်ဆိုရင်လည်း ငါအမေ့ဆီကနေ တောင်းပေးပါ့မယ်"

"ဟဲ . . . အဲလိုမှပေါ့ဟ"

သူ့မျက်နှာ စောစောကနှင့်မတူတော့ ဖြီးလာပြီ။

"တွန့် . . . ရုပ်ကိုက အမျိုးမျိုးနဲ့။ ကဲ . . . နင် ဒီမှာပဲစောင့်နေ။ ငါပြန်လာခဲ့မယ်"

"အေး . . . ဟဲ့ . . . ငါယူခိုင်းတာလို့ မပြောနဲ့နော်"

"အမလေး . . . မပြောပါဘူး။ အဲ့လိုသာပြောရင်လေ ရဖို့နေနေသာသာ ငါ့မုန့်ဖိုးတောင် ဖြတ်သွားဦးမယ်"

"ဟဲ . . . ဟဲ"



"ရယ်မနေပါနဲ့။ ဒီမှာပဲစောင့်၊ ငါပြန်လာမယ်"

သူမက မျက်စောင်းထိုးကာ သူ့အနားမှ စောင့်ကြီးအောင့်ကြီးနှင့် ထွက်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှခင် တစ်မနက်လုံး တစ်ယောက်တည်း အော်ပြီး ထွန်းဇော်ကို မေတ္တာပို့နေတာ။ ပို့လို့ဝမှ ဆိုင်ဖွင့်ရန် သော့အဖွင့် သူမ မျက်နှာက လမ်းဘက်ရောက်သွားပြီ။ ထူးဆန်းသော မြင်ကွင်းကြောင့် သော့ဖွင့်နေသော သူမ လက်တွေပင် ရပ်တန့်သွားကာ ခါးထောက်လိုက်တော့သည်။

အသားကုန်ကြမ်းတော့မယ်ပေါ့။

ဟင် . . . ဒီကောင် ဘာဖြစ်လာတာပါလိမ့်။

ဟုတ်ပ။ သားဖြစ်သူက သူ့ဆီကို လျှောက်လာ





တာ မှိုင်တိမှိုင်တိုင်နဲ့။ ခေါင်းငုံ့ပြီး လေးတွဲ့တဲ့ ခြေလှမ်းတွေနဲ့ တစ်လှမ်းဆီလျှောက်လာတာ။ အနီးနားရောက်တော့ . .

"ဟဲ့ . . . အကောင်"

တုတ်တုတ်မျှမလှုပ်လာ။ ကြည့်စမ်း . . . မအေဒီလောက်ဒေါသထွက်နေတာတောင် ဂရုမစိုက်ဘူး။ ခေါင်းငုံ့လို့။

"ဒီနားလာစမ်း"

သူမ စကားကြောင့် တစ်လှမ်းချင်း တိုးလာပြီ။ အနီးနားရောက်တော့ သူ့အကျီအိတ်ထောင်ထဲကို နှိုက်ကာ ထုတ်လိုက်ပြီ။ ထွက်လာတာက ပိုက်ဆံတွေ . . .

"ရော့"

သားဖြစ်သူ လှမ်းပေးသော ပိုက်ဆံကို ဒေါ်လှခင် ဇဝေဇဝါနှင့်ကြည့်လိုက်ကာ . . .

"ဒါက ဘယ်က ပိုက်ဆံတွေလဲ"

"အမေ့ပိုက်ဆံတွေပါ"

"ဟင် . . . နင်ပြောတော့ ကုန်သွားပြီဆို"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မသုံးပါဘူး"

သူ ခေါင်းမော့လာကာ အမေ့မျက်နှာကို ကြည့်လိုက်ပြီး . . .

"ဒီ ပိုက်ဆံတွေကို ကျွန်တော်သုံးဖို့ ယူတာ မဟုတ်ပါဘူး"

"ဒါဖြင့်"

"လာ . . . အမေ သားရှင်းပြမယ်"

သူ အမေ့လက်ကိုဆွဲကာ ဆိုင်နံဘေးတွင် ဝင်ထိုင်လိုက်ကြသည်။ အမေက သူ့ကို ကြည့်နေတာ ဇဝေဇဝါနှင့်။

"အောင်ချမ်းလေ"

"အေး . . . အောင်ချမ်း ဘာဖြစ်လဲ"

"သူတို့တွေက ဆင်းရဲရှာတယ်လေ"

"အဲဒီတော့"

"သား သူတို့အိမ်သွားလည်တဲ့နေ့မှာ သူဦးလေးတဲ့ ရွာကနေ ရောက်လာတယ်။ သူမိန်းမ မီးဖွားဖို့ ပိုက်ဆံ





လိုလို့တဲ့ ငိုငိုယိုယိုနဲ့ လာချေးတယ်"

ဒေါ်လှခင် သားလုပ်သူ၏ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

ဒီကောင့်ပုံစံက လိမ်နေတဲ့ပုံစံမဟုတ်။ တကယ့်လေးလေးနက်နက်နဲ့ ပြောနေပုံ။

"အဲဒါ အောင်ချမ်းတို့အိမ်ကလည်း တစ်နေ့လုပ် တစ်နေ့စားဆိုတော့ ငွေပိုငွေလျှံမရှိဘူးလေ။ ဒီတော့ ဘယ်ချေးပေးနိုင်ပါ့မလဲ အမေရယ်။ ဟိုက မချေးပေးနိုင်တော့ အဲဒီလူကြီး ငိုလိုက်တာဗျာ သနားပါတယ်။ သူ့မိန်းမတော့ ဒုက္ခရောက်ပါပြီတဲ့။ ဒါနဲ့ သားလည်း ကူညီချင်လာတယ်။ သူလိုတဲ့ငွေကလည်း သားတို့တတ်နိုင်လောက်တဲ့ ငွေလောက်ပဲ အဲဒါနဲ့ သားလည်း"

"ဟယ် . . . သားရယ်။ ဒါနဲ့များ အမေမသိအောင် ဘာလို့ယူရတာလဲ။ အမေ အဲဒီလောက်အထိ မေတ္တာတရား မခေါင်းပါးပါဘူးကွယ်။ အမေ ပေးမှာပေါ့"

"ဟဲ . . . သားတောင်းတော့ တောင်းမလို့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



အမေ၊ ဒါပေမဲ့ အမေသာမပေးရင် ဒုက္ခဆိုပြီး သားလည်း အမေမသိအောင်ယူလိုက်မိတာပါ။ အခုတော့ အမေက သားကို မနေ့ညက ရိုက်မယ်ဆိုတော့ သားလည်း သွားပြီး ပြန်တောင်းလိုက်တယ်။ အဲဒီဦးလေးကလည်း ပြန်ပေးရှာပါတယ်။ သူ့မိန်းမရဲ့ကံပဲပေါ့တဲ့၊ သားလည်း သနားပါတယ်။ ဒါပေမဲ့ အမေမကြိုက်ဘူးဆိုတော့ သားလည်း . . .”

“အို . . . အမေကြိုက်ပါတယ်။ သားက အမေမသိအောင်ယူတယ်ဆိုတော့ အမေက ဒီလောက်အများကြီးယူတော့ ငါ့သားပျက်ဆီးသွားမှာစိုးလို့ပါ။ အခုတော့ သား ဘာကြောင့်ယူတယ်ဆိုတာ အမေသိပြီပဲ၊ သူ့ခမျာ သနားပါတယ်ကွယ်၊ ဒီငွေတွေပြန်သွားပေးလိုက်ပါ။ ဒီကိစ္စတွေက ကူကောင်းပါတယ်”

“တော်ပါပြီအမေရယ်။ သားမယူချင်တော့ပါဘူး”

“ယူပါသားရယ်၊ သွားပေးလိုက်ပါ။ အမေမသိလို့ ပြောမိတာ စိတ်မဆိုးပါနဲ့။ ဟိုက တကယ်လိုနေရှာတယ်မလား။ ယူသွားပေးလိုက်ပါကွယ်နော်”



“အင်းလေ . . . အမေပေးတယ်ဆိုတော့လည်း သား သွားပေးလိုက်ပါ့မယ်။ အမေပေးတာနော်”

“အေးပါ သားရယ်။ ယူသွားပါ”

“ဒါဆို သား သွားပေးလိုက်ဦးမယ်နော်”

“အေး . . . အေး”

သူ အမေ့ကို နှုတ်ဆက်ကာ ပိုက်ဆံတွေကို အိတ်ထဲပြန်ထည့်ပြီး ထွက်ခဲ့တော့သည်။

အနောက်မှ အမေက သူ့ကိုပြုံးကာ ခေါင်းတညိတ်ညိတ်နှင့် ကျန်ခဲ့ပြီ၊ အမေ့ရှေ့မှ သူ မျက်ကွယ်ပြုလိုက်သည်နှင့် တခွီခွီရယ်တော့သည်။

“ဟား . . . ဟား . . . ထွန်းဇော် . . . ထွန်းဇော်ခင်းတံဇာတာတက်ပြန်ပြီကွာ။ မင်း ဒီနေ့အတွက်လည်း နိုင်ပြန်ပြီ မဟုတ်လား”

“ဟား . . . ဟား . . . ဟား . . . ဟား”

သူ အားရပါးရ ရယ်ကာ လက်ဖက်ရည်ဆိုင်သို့ ခြေလှမ်းလှမ်းလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုချိန်ဆို ဟိုကောင်တွေ ထိုင်စောင့်နေလောက်ပြီ မဟုတ်လား။



"ခွီးတဲ့မှ မင်းလုပ်တာနဲ့ မရှိတော့တဲ့ ငါ့ဦးလေးတောင် ဒုက္ခရောက်သွားပြီ"

အောင်ချမ်းစကားကို ထွန်းဇော် ဘာမှပြန်မဖြေ။ ဂရုလည်းမစိုက်။ ဝင်းခန့်က . . .

"မင်းကလည်းကွာ မရှိတဲ့လူကိုပြောတာပဲ ဘာဖြစ်လဲ။ အရေးကြီးတာ ဒါတွေဖြစ်လာဖို့ပဲ မဟုတ်လား"

ဝင်းခန့်က လက်ဖက်ရည်ပိုင်းကို လက်ညှိုးညွှန်ကာ ပြောတော့ အောင်ချမ်းက . . .

"ဒါနဲ့ နေပါဦး ပိုက်ဆံက ငါတို့ ပိုင်းတုန်းက ကုန်

www.burmeseclassic.com

www.burmeseclassic.com



သွားပြီပဲ။ ဒီပိုက်ဆံတွေက ဘယ်ကရတာလဲ"

"ဟုတ်တယ်။ မင်း ဘယ်ကရတာလဲ"

အောင်ချမ်းစကားကို ဝင်းခန့်လည်း ထောက်ခံသည်။ သူ ဆေးလိပ်ငွေ့ကို မှုတ်ထုတ်လိုက်ကာ လမ်းကို ငေးကြည့်လိုက်ရင်း . . .

"ဝတ်မှုန်လေကွာ"

"ဟင် . . . ဒါဆို မင်း ဝတ်မှုန်ဆီမှာ သွားယူခဲ့တာပေါ့"

"ဒါပေါ့"

"ဟေ့ကောင် . . . မင်း သူ့ဆီမှာ ဆွဲတာများနေပြီနော်"

ဝင်းခန့်စကားကို အောင်ချမ်းကလည်း အထွင့်တက်ကာ . . .

"ဟုတ်တယ်။ ဟိုကလည်း တစ်ချက်မှ မငြင်းဘူးနော်။ ဒီကောင်သွားတိုင်း ပေးနေတာ"

"ဟေ့ကောင် . . . အဲဒါ ဘာဖြစ်လို့လဲ သိလား"





ဝင်းခန့်အမေးကို ထွန်းဇော်လည်း စိတ်ဝင်စားလာကာ . . .

"ဘာဖြစ်လို့လဲ"

"ဟာ . . . တုံးပါ့ ထွန်းဇော်ရာ။ မင်း ငါ့သူငယ်ချင်းဖြစ်ပြီး အဲ့လောက် တုံးရလား"

ဝင်းခန့်စကားကြောင့် အောင်ချမ်းစိတ်မရှည်လာကာ . . .

"မင်းကလည်း လိုရင်းမှ မပြောတာ"

"ဟေ့ကောင် . . . ပြောနေစရာ လိုသေးလားကွ။ မင်းတို့ ဝတ်မှုန်ရဲ့ မျက်လုံးတွေကို ဖတ်ကြည့်စမ်း၊ ဘာတွေမြင်ရသလဲ သိလား"

"ဘယ်သိမလဲ။ ငါတို့မှ မဖတ်တတ်တာ"

"ဟုတ်တယ်"

အောင်ချမ်းစကားကို သူပါ ထောက်ခံလိုက်သည်။

"ငါ ဖတ်တတ်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ"

သူ့ပုံစံက ပြုံးစိစိနှင့် . . .

"သူ မင်းကို ကြိတ်ကြွေနေတာကွ"

"ဟာ . . . မင်းကလည်း သေချာလို့လား"

အောင်ချမ်းပုံစံက မယုံသင်္ကာနှင့် . . .

"သေချာပါတယ်ကွ။ ငါဖတ်တတ်ပါတယ်"

"မင်းလည်း ဟုတ်မှလည်း လုပ်ပါကွာ။ တော်ကြာ နေ ငါတို့ကောင် အဟုတ်ထင်ပြီး သွားစလို့ ဟိုက ပါးချ လိုက်ဦးမယ်"

"မင်းတို့လို ဝတုံးတွေသာ မိန်းမတွေရဲ့ ဇကို မတွေ့တာ။ ငါတို့က အထာပေးတာနဲ့ ဘွင်းခနဲ သိပြီးသား နော်"

"ဟေ့ကောင် . . . ငါတို့ကောင်ကလည်း ကြွေနေ တာနော် သွားမြှောက်မနေနဲ့"

"ငါမြှောက်တာ မဟုတ်ဘူးကွ။ တကယ်ပြောနေ တာ"





"ဟုတ်တယ် အောင်ချမ်း။ ဝင်းခန့် ပြောတာ ဟုတ်လောက်တယ်"

"လာပြန်ပြီ တစ်ယောက်"

"ဝတ်မှုန်ရဲ့အကြည့်တွေ ငါ့အသည်းထဲထိ ဝင် ကြည့်နေတာကွ။ ဒါကြောင့် ငါသူ့ကို Heart ထိသွားတာ ပေါ့"

"ဟွန်း . . . လိပ်လုပ်ပြီး ကိုယ့်ဘက်ကို ကိုယ် မတွေးကြနဲ့နော်။ တော်ကြာ အိုးနင်းခွက်နင်းနဲ့ ပြေးနေရ မယ်"

အောင်ချမ်းစကားကြောင့် ဝင်းခန့်က . . .

"မင်း မယုံဘူးလား။ မယုံရင် လောင်းမလား"

"လောင်းမယ်။ ဘာကြေးလဲ"

"အေး . . . ထွန်းဇော်နဲ့ ဝတ်မှုန်တို့ ချစ်သူတွေ သာ တကယ်ဖြစ်သွားခဲ့ရင် မင်းငါ့ကို တစ်ပတ်လုံးလုံး သက်ဖက်ရည်မိုးရှင်းပေးရမယ်"

"Ok ငါနိုင်ရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနိုင်ရင် တစ်လဖိုးရှင်းပေးမယ်ကွာ"

"ကြိုက်သွားပြီ"

ထွန်းဇော်က သူတို့နှစ်ယောက်လောင်းနေကြတာကို ပြုံးပြုံးကြီး ထိုင်ကြည့်နေကာ သူတို့လောင်းကြေးကိစ္စပြီးတော့ . . .

"ကဲပါ . . . အဲဒါတွေ ထားပါ။ အခု ငါ့မှာ ရေလျှံလာတယ်။ ဘယ်မှာ ဝိုင်းရှိလဲ"

"ဘယ်သိမလဲကွ။ မိုးကြီးဆီသွားရင်တော့ သိလောက်မှာ"

"Ok လစ်စို့"

သူတို့သုံးယောက်သား လက်ဖက်ရည်ဖိုး ရှင်းကာ မိုးကြီးဆီရှိရာသို့ ထွက်ခဲ့တော့သည်။

ဒေါ်လှခင်တစ်ယောက် ဆိုင်ထဲမှာထိုင်ကာ အရောင်းပါးတုန်းမို့ သကြားတွေထုပ်နေစဉ် . . .

"မလှခင် ကျုပ်ကို ကြက်ဥ ဆယ်လုံးလောက်"

ဒေါ်လှခင် ဈေးဝယ်၏စကားကြောင့် သကြားထုပ်





နေရာမှ မော့ကြည့်လိုက်တော့ အောင်ချမ်းရဲ့အမေရယ်။

"အောင်ချမ်းအမေ ဈေးလာမဝယ်တာတောင် ကြာပြီနော်"

"ကြာဆို ကျွန်မ နေသိပ်မကောင်းလို့လေ။ အခုမှ နလန်ထူစရယ်"

"သြော် . . . ဒါနဲ့ ရှင်တို့ အိမ်ရောက်နေတဲ့ အောင်ချမ်းဦးလေး ပြန်သွားပြီလား"

"ရှင်"

သူမကို မကြည့် ကြက်ဥတွေကို ငုံ့ထည့်ရင်း ပြောနေတဲ့ မလှခင့်စကားကြောင့် သူမ ဇဝေဇဝါဖြစ်သွားပြီ။

"အောင်ချမ်းရဲ့ ဦးလေး။ ဟုတ်လား"

"ဟုတ်တယ်လေ။ သူ မပြန်သေးဘူးဆိုရင် သူ့အမျိုးသမီးစားဖို့ ကြက်ဥလေး ပိုထည့်ပေးလိုက်ချင်လို့ပါ"

"ဘယ်က ဦးလေးလဲ။ ကျွန်မတို့အိမ်မှာ ဘယ်သူမှမရှိပါဘူး"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မရွှေဝင်းစကားကြောင့် သူမ မျက်လုံးပြူးသွားပြီ။

"ရှင်တို့အိမ်မှာ အောင်ချမ်းဦးလေး ရောက်နေတယ်ဆို"

"ဘယ်ကလာ။ ဘယ်သူမှ မရောက်ပါဘူး"

"ဟင် . . . ရှင် တကယ်ပြောနေတာလား"

"ရော် . . . မလှခင်ကလည်း ခက်ပြီ။ ကျုပ်က တော့်ကို ညာစရာလားတော်"

"တောက်"

မရွှေဝင်းရဲ့ စကားအဆုံး မလှခင်၏ တောက်ခေါက်သံက ဆိုင်ထဲမှာ မိုးခြိမ်းသံပမာ ထွက်လာပြီ။

ဒင်း . . . ငါ့ကို လိမ့်သွားပြီ။ ငါ့မှာတော့ အဟုတ်မှတ်နေတာ။ ဒင်း . . . ဒင်း ပြန်လာကြည့် ငါနဲ့ကို တွေ့မယ်။ ဘယ်နှယ်တော် လိမ်စရာရှားလို့ ပေါက်ပေါက်ရှာရှား။

မျက်စိ မျက်နှာပျက်ကာ မဲ့ရွဲ့နေသော မလှခင်အားကြည့်ကာ မရွှေဝင်းတစ်ယောက် ဖဝေဖဝါနှင့် . . .

"ဘာ . . . ဘာဖြစ်လို့လဲ မလှခင်"





"အြော် . . . ဘာမှမဖြစ်ပါဘူး"

"ကျုပ် ကြက်ဥရပြီလား"

"ဟော . . . အေး . . . ရပြီ။ ရော့ . . . ရော့"

မရွှေဝင်းတစ်ယောက် မလှခင် လှမ်းပေးသော ကြက်ဥထုပ်ကို လှမ်းယူကာ . . .

"ဘယ်လောက်ကျလဲ"

"တစ်ထောင်ပါ"

မရွှေဝင်း ရင်ဘတ်ကြားမှ ပိုက်ဆံတစ်ထောင်တန်တစ်ရွက်ကို နှိုက်ကာ လှမ်းပေးလိုက်ပြီး ထွက်သွားပြီ။

ဒင်း . . . ခြေစကြာဖြန့်ဖို့ကိုက်ဦးပေါ့ ထွန်းဇော်ရယ်။ ဟွန့် . . . ဒင်းကိုယ်ဒင်း . . . လည်လှပြီ မှတ်နေလား။

တွေ့မယ် . . . တွေ့မယ်။ ဒင်းပြန်လာမှ ကျုပ်နဲ့ကောင်းကောင်းတွေ့မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟာ . . . ဒီနေ့တော့ ထောပြီ။

ထွန်းဇော်တစ်ယောက် လက်တစ်ဖက်က ခေါက်ဆွဲကြော်ထုပ်ကိုဆွဲကာ သွက်လက်သော ခြေလှမ်းများဖြင့် အိမ်သို့ပြန်ခဲ့သည်။

ဒီနေ့ ဝိုင်းကကောင်းသည်။ သူ့ဖဲလည်း တစ်ခါမှ မသေ။ တက်လိုက်တဲ့ဖဲ အလှည့်တိုင်းလိုလိုကို နိုင်သည်။ ဝိုင်းကောင်းကောင်းနှင့် လာဘ်ကောင်းကောင်းမို့ သူ ထိုင်နေလိုက်တာ ထမင်းမေ့ ဟင်းမေ့နှင့် မိုးချုပ်စမှ ထကာပြန်လာခဲ့သည်။



အိမ်ရှေ့ရောက်တော့ မြူးကြွသော ခြေလှမ်း၊ မြူးကြွသောအပြုံးတို့နှင့် ရောစွတ်ကာ အိမ်ထဲသို့ ဝင်ခဲ့တော့သည်။

"အမေ . . . အမေ"

သူ့အသံက ဝမ်းသာအားရရယ်။ အိမ်ပေါ်ကို တက်ခဲ့တော့ အမေက ညှော်ခန်းမှာထိုင်နေပြီ။

"အမေ . . . သားကို စောင့်နေတာလား"

"ဟုတ်တယ်"

အမေက သူ့ကိုမကြည့် ခေါင်းကို တစ်ဖက်သို့ လှည့်ထားကာ အေးတိအေးစက်နှုတ်ဖြေတော့ . . .

"ဟား . . . အမေသားကို စိတ်ဆိုးနေပြီထင်တယ်။ ဒီမယ်ကြည့် အမေ အမေစားဖို့ သားခေါက်ဆွဲကြော် ဝယ်လာတယ်"

သူ ခေါက်ဆွဲကြော်ထုပ်ကို မြှောက်ပြတော့လည်း အမေက ပြန်မကြည့်လာ။

အမေ ဘာကြောင့် ငါ့ကို စိတ်ဆိုးနေတာပါလိမ့်။

www.burmeseclassic.com



"နင်ကလည်း နင်ပဲ ထွန်းဖော်။ နင်ဟာက လွန်လွန်းတယ်"

"ငါက အဲဒီလောက်ကြီး ဆိုးနေလို့လားဟ"

"နင်ဆိုးတယ် မဆိုးဘူးဆိုတာ နင်ဘယ်သိမလဲဟ။ အေး . . . နင်သာ မသိတာ။ ပတ်ဝန်းကျင်ကသိတယ်။ နင်ဘယ်လောက်ဆိုးနေတယ်ဆိုတာ ပတ်ဝန်းကျင်မှာ တစ်ချက်စုံစမ်းကြည့်ဦး။ နင့်သတင်း ဘယ်လို ထွက်နေတယ်ဆိုတာ"

"ဟ . . . ငါက ဘာတွေလုပ်နေလို့လဲ"

"ငါပြောသလို စုံစမ်းကြည့်သိမှာပေါ့"

"ကျွတ် . . . အဲဒီ ပတ်ဝန်းကျင်ဆိုတာ တစ်စိတ်ကို တစ်အိတ်လုပ်နေကြတဲ့ဟာ"

"အေး . . . နင်က တစ်စိတ်လုပ်မိတဲ့လူလေ။ ဒီတော့ သူတို့ကပြောမှာပေါ့"

"ဟဲ့ . . . နင်ကော အဲဒါတွေကို ယုံလား"

"ငါက မျက်မြင်ပဲဟာ။ ဘာမယုံစရာရှိလဲ"



"ဟင် . . . ဝတ်မှုန် ဒါဆို နင်ရော ငါ့ကို လူဆိုးလို့ ထင်နေတာလား"

"ငါ နင့်ကို လူဆိုးလို့ တစ်ခွန်းမှ မပြောမိသေးပါဘူး"

"နင့်စကားက အဲဒီကို သက်ရောက်နေတာပဲ"

"ဒါကတော့ နင့်အပိုင်းလေ နင်ထင်ချင်သလိုထင်ပေါ့"

"တော်ပြီဟာ ငါ နင်နဲ့ ရန်မဖြစ်ချင်ဘူး။ တခြားစကားပြောရအောင်"

"နင်က ဘာပြောချင်လို့လဲ"

သူမက ပခုံးလေးလှည့်လာကာ သူ့မျက်နှာကို ကြည့်လိုက်တော့ သူက ဘာမှပြန်မပြောဘဲ သူမ၏ မျက်နှာကိုသာ ကြည့်နေပြီ။ ကြည့်နေတာမှ ရွှမ်းရွှမ်းစားစားရယ်။

"ဟဲ့ . . . ငါမေးနေတယ်လေ၊ ဘာပြောမှာလဲလို့"

"ရည်းစားစကား"

www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားစကား"

သူမ အံ့ဩစွာဖြင့် သံယောင်လိုက်တော့ သူက ခေါင်းလေးညိတ်လိုက်ပြီး၊

"ဟား . . . ဟား . . . ဟား . . . ဟား"

ဝတ်မှုန်ရဲ့ ရယ်သံက လျှောင်ရယ်သံ၊ ထွန်းဇော် ဝတ်မှုန်ရဲ့ မျက်နှာလေးကို နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်လိုက်ကာ . . .

"နင် ဘာရယ်တာလဲ ဝတ်မှုန်"

"ဟား . . . ဟား . . . တခြားကောင်မလေးတွေကို သွားစစမ်းပါဟာ၊ အဲဒီစကားတွေနဲ့ ငါ့ကို လာမစစမ်းပါနဲ့"

သူမရဲ့ စကားကြောင့် ထွန်းဇော်မျက်နှာလေး ညိုးကျသွားကာ . . .

"ငါ နင့်ကို တကယ်ချစ်တာပါ ဝတ်မှုန်၊ ငါ့ရဲ့ ရင်ထဲကလာတဲ့ နင့်ကိုချစ်တဲ့စိတ်တွေကို နင် အထင်သေးပြီး ရယ်တာ ငါစိတ်မကောင်းဘူးဟာ"





"ဒါဆို နင်က ငါ့ကို သိပ်ချစ်တယ်ပေါ့"

ဝတ်မှုန်ရဲ့အမေးက ခံစားမှု လုံးဝမပါ။ ပေါ့ပျက်ပျက်နှင့်။

"ဘယ်လိုပြောလိုက်တာလဲဟာ။ ငါ နင့်ကို သိပ်ချစ်တာပေါ့"

"ငါက စိတ်ကူးယဉ်မဆန်တတ်ဘူး ထွန်းဇော်။ လက်တွေ့ကျကျပဲလုပ်တတ်တယ်။ နင့်ရဲ့အခု အကျင့်အတိုင်းနဲ့ဆို ငါသာ နင့်ကိုပြန်ချစ်လိုက်ရင် ငါ့ဘဝ ဘာဖြစ်သွားမလဲဆိုတာ နင်မတွေးကြည့်ပေမယ့်၊ ငါတွေးကြည့်မိတယ်။ အဲဒီတော့ မဖြစ်နိုင်ပါဘူး"

"နင် ငါ့ကို အထင်သေးတာပဲ ဝတ်မှုန်"

"ငါစိတ်မကောင်းပါဘူး။ ငါ့ရင်ထဲမှာ ရှိတာပဲ ပြောတတ်တယ်"

သူမ စကားအဆုံး ထွန်းဇော်ရဲ့ ခေါင်းတစ်ဖက်သို့ လှည့်သွားပြီ။ နှစ်ယောက်လုံးလည်း ဘာစကားမှ မပြောတော့။ တိတ်ဆိတ်သွားကြပြီ၊ ဆက်ပြောကြလို့လည်း



www.burmeseclassic.com

www.burmeseclassic.com



အဆီအငေါ်တည့်မှာမဟုတ်။

နှစ်ဦးစလုံး တိတ်ဆိတ်ငြိမ်သက်နေရာမှ ရုတ်တရက် ထွန်းဖော်ထရပ်လိုက်ကာ . . .

"ငါ သွားတော့မယ် ဝတ်မှုန်"

ဝတ်မှုန် ပြန်မဖြေ။ နှုတ်ဆိတ်၍သာနေတော့ သူ ဝတ်မှုန်ရဲ့ မျက်နှာလေးကို ကြည့်လိုက်ပြီးနောက် လှည့်ထွက်သွားတော့သည်။ ခြေလှမ်းဆယ်လှမ်းလောက်လည်း အရောက် သူ့နောက်မှ ဝတ်မှုန်က မတ်တတ်ရပ်ကာ ရပ်နေရာမှနေ . . .

"နင့်ရဲ့အကျင့်တွေ ပြင်သင့်ပြီလို့ ငါထင်တယ်၊ ပြင်ပါလို့လည်း တောင်းဆိုပါရစေ။ အေး . . . နင်ပြင်ပြီးတဲ့နေ့ ငါ့ကို နင် အဲဒီချစ်ပါတယ်ဆိုတဲ့စကား ပြန်ပြောပါ။ အဲဒီအချိန်ကျရင် နင့်ရဲ့စကားကို ငါလေးလေးနက်နက်ကြီး နားထောင်ပေးပါ့မယ်"

သူ လှည့်မကြည့်။ ရပ်နေတဲ့ ခြေလှမ်းတွေ ဆက်ပြီး စတင်လိုက်လေပြီ။



ငါ . . . ငါလည်း နင့်ကိုချစ်တာပေါ့ ထွန်းဖော်ရယ်။ ချစ်လို့လည်း နင့်အနားမှာ နေရရင်ကျေနပ်ပြီး ငါ့အဖေ အမေတွေ ဆူတာတောင် နင့်ကိုခိုးပြီး သူငယ်ချင်းလုပ်နေတာပဲ။ အဲဒါ နင့်ကို သိပ်ချစ်လို့ပေါ့။ ငါလေ နင့်လို လူဆိုးလေးတစ်ယောက်နဲ့ ချစ်သူရည်းစားဖြစ်ရမှာကို မကြောက်ပါဘူး။ ငါလေ ငါအခုလိုပြောလိုက်ရတာ နင့်ရဲ့အကျင့်တွေကို ပြင်စေချင်လို့ပါဟာ။ နင့်အတွက်နဲ့ နင့်အမေပင်ပန်းနေပြီဟာ။ နင်မသနားပေမယ့်၊ ငါသနားတယ်။ နင်အမြန်ဆုံး သားလိမ္မာလေးဖြစ်ပါစေလို့ ငါဆုတောင်းရင်းနဲ့ အဲဒီအချိန်ကို ငါမျှော်နေမယ်နော်။ အဲဒီအချိန်ကျရင်လည်း ငါ နင့်ကို သိပ်ချစ်ပါတယ်လို့လည်း အဖြေပေးမှာပါဟာ။ နင့်ကို အမြန်လိမ္မာစေချင်ပါတယ်ဟယ်။ နင် ပြင်ပါတော့နော်။

"ဟင်း"

ရှေ့လျှောက်တော့ ဘယ်လိုလာမည်မသိ။ လောလောဆယ်တော့ ဝတ်မှုန်တစ်ယောက် သက်ပြင်းချရှာသည်။

www.burmeseclassic.com



တစ်ခါမှ မထိုင်ဘူးတဲ့ အရက်ဝိုင်းမှာ ထိုင်နေတဲ့ ထွန်းဖော်။ စားပွဲပေါ်က အရက်ပုလင်းကလည်း ကုန်လုနီး ပါးပင်ရှိနေပြီ။

တစ်ပုလင်းနီးပါးပင်ကုန်လုပြီမို့ တစ်ခါမှ မသောက်ဘူးတဲ့ ထွန်းဖော်ရဲ့မျက်နှာ နီစပ်နေပြီ။ ခေါင်းကလည်း ထူနေရတာအနိုင်နိုင်နဲ့။ မျက်ခွံတွေကလည်း မှေးစင်းနေပြီ။

"တောက်"

သူ့တောက်ခေါက်သံက အရက်ဆိုင်ထဲမှာ ကျယ်



လောင်စွာ ထွက်ပေါ်လာပြီး၊

အမေကလည်း စိတ်ဆိုးပြီးစကားမပြော။ ချစ်တဲ့ သူကလည်း ချစ်ပါတယ်ဆိုတဲ့အကြောင်းလေး ပြောမိပါ တယ်၊ တစ်ခါတည်း အထင်သေးပြီး ပြောလွှတ်လိုက်တာ ယောကျ်ားသိက္ခာတောင် ဘယ်ရောက်သွားသည်မသိ။

ပြောရက်လိုက်တာ ဝတ်မှုန်ရယ်။ နင့်ကို ငါဘယ် လောက် ချစ်သလဲဆိုတာ ငါ့ကိုယ်ငါအသိဟာ။ ငါ နင့်ကို ချစ်မိတာနဲ့များ နင့်ဘဝပျက်ရတော့မလား။ ဘာမှမဆိုင်ဘူး ဝတ်မှုန်။ ငါက အသုံးမကျတဲ့ ကလေကချေ အလေနတော ကောင်ဖြစ်နေလို့လား။ ငါ အဲဒီလောက်ထိ မနိမ့်ကျသေးပါ ဘူး။ ငါ နင့်ကိုတကယ်ချစ်တယ်ဆိုတာ နင်ယုံပါ ဝတ်မှုန် ရယ်။

ထွန်းဖော် နှစ်ခွက်စာမျှသာ ကျန်တော့သော အရက်များကို တစ်ဝက်ခန့် ခွက်ထဲထည့်လိုက်ကာ ရေမပါ ဘဲ မော့ချလိုက်သည်။

"အပါး"

www.burmeseclassic.com

www.burmeseclassic.com



လည်ချောင်းတစ်ခုလုံးကို ပူဆင်းသွားတာပဲ။

ထိုအချိန် ဆိုင်ထဲဝင်လာသော လူနှစ်ယောက်၊ ဝင်းခန့်နှင့်အောင်ချမ်း ဆိုင်ထဲကို ကျီးကန်းတောင်းမှောက် ကြည့်ကြကာ ဝင်းခန့်က . . .

"ဟိုမှာ"

ဝင်းခန့် ညွှန်ပြရာသို့ အောင်ချမ်း ကြည့်လိုက်တော့ ဟုတ်ပ ဒီကောင် ဇက်တောင် ကျိုးလုပြီ။ ခေါင်းငိုက်စိုက်လို့၊ သူတို့နှစ်ယောက် ထွန်းဇော်အနားသို့ လာခဲ့ကြကာ အနားရောက်တော့ ဝင်းခန့်က . . .

"ဟာ . . . ဟေ့ကောင် သူငယ်ချင်း ဘယ်လိုဖြစ်တာလဲကွာ"

သူတို့အသံကြောင့် ထွန်းဇော် မျက်ခွံတွဲကြီးများဖြင့် မော့ကြည့်လာပြီ။ ပြီးတော့ လေးတွဲသောအသံဖြင့် . .

"ဩော် . . . မင်းတို့ကိုး သူငယ်ချင်းတို့ ထိုင်ကွာ"

"ငါတို့ထိုင်ဖို့လာတာ မဟုတ်ဘူးကွ။ မင်းကို လာခေါ်တာ"





ဝင်းခန့်စကားကို အောင်ချမ်းလည်း ထောက်ခံတာ . . .

"ဟုတ်တယ် သူငယ်ချင်း။ တစ်ခါမှ မသောက်ဘူးဘဲနဲ့ကွာ"

"ဟာ . . . မင်းတို့ကလည်း ထိုင်စမ်းပါဦးကွာ။ ငါမင်းတို့ကို ရင်ဖွင့်ချင်လို့ပါ"

ထွန်းဇော်ရဲ့အသံက အာလေးလျှာလေးကြီးနှင့်မို့ယ်၊ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြကာ နံ့ဆွဲပြီး ဝင်ထိုင်လိုက်ကြသည်၊ ထိုအခါမှ ထွန်းဇော်က ကျေနပ်စွာဖြင့် . . .'

"အေး . . . အဲလိုမှပေါ့ကွ၊ မင်းတို့လည်းသောက်၊ ငါလည်း သောက်မယ်"

"ငါတို့ မသောက်ချင်ဘူး သူငယ်ချင်း။ မင်း ဘာကြောင့် သောက်ရတာလဲဆိုတာပဲ သိချင်တယ်"

"ဟုတ်တယ် သူငယ်ချင်း။ ငါလည်း သိချင်တယ်၊ ပြောပြကွာ။ ငါတို့ မင်းကို လိုက်ရှာနေတာကြာပြီကွ၊ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်ကိုအလာ လမ်းမှာ ဖိုးထောင်နဲ့တွေ့တာ မင်းက ဒီမှာ ရောက်နေတယ်တဲ့ ကြားကြားချင်းတော့ မယုံကြဘူး။ အခု မှပဲ ယုံတော့တယ်။ အရက်သောက်ရလောက်အောင် ဘာ တွေများ စိတ်ညစ်စရာတွေ ရှိလို့လဲကွာ"

အောင်ချမ်းသာရဲ့ စကားကို သူက အာလေးလျှာ လေးလျှာကလေး မျက်ခွံလေးဖြင့် . . .

"ရှိတာပေါ့ကွာ . . . သိပ်ရှိတာပေါ့။ အမေနဲ့ ဝတ်မှုန်တို့ပေါ့။ အမေကလည်း ငါ့ကိုစကားမပြောတော့ဘူး။ ဝတ်မှုန်ကလည်း ငါသူ့ကို သိပ်ချစ်ပါတယ်လို့ ဖွင့်ပြော တော့ အထင်သေးလိုက်တာကွာ။ သူက ငါ့ကို ချစ်လိုက်ရင် သူ့ဘဝပဲ မြောင်းထဲရောက်တော့မလိုလိုနဲ့ ငါ့ကိုပြောလိုက် တာ"

သူ့စကားကြောင့် အောင်ချမ်းနှင့်ဝင်းခန့် မျက်နှာ ပျက်သွားကြသည်။

ဟုတ်တယ်။ ဝတ်မှုန်ဘက်ကကြည့်ရင်လည်း မှန် တယ်။ သူတို့ သူငယ်ချင်းက ဟုတ်မှမဟုတ်တာ။ ဟိုက



ချစ်ရင်တောင်မှ ဘယ်စွန့်စားရဲမလဲ။ ဝတ်မှုန်ကို အပြစ် ပြောလို့မှ မရတာ။

ဝင်းခန့် သူ့ကိုကြည့်လိုက်တော့ လက်ကျန်အရက် ကို မော့သောက်ရန် ပြင်နေပြီ။ ထို့ကြောင့် ဝင်းခန့် အရက် ပုလင်းကို ဆွဲလုလိုက်ကာ . . .

"တော်တော့ သူငယ်ချင်း။ မင်း သိပ်များနေပြီ။ သောက်ဖူးတာလည်း မဟုတ်သေးဘဲနဲ့"

"ငါ မမူးသေးဘူး ဝင်းခန့်။ မူးအောင်သောက်ချင် တယ်"

သူ့စကားကြောင့် နှစ်ယောက်သား သူ့မျက်နှာကို ကြည့်လိုက်ကြပြီ။

မမူးဘူးသာပြောကယ်။ မျက်လုံးနှစ်လုံးလုံး ဘီလူး ဝင်စီးထားသလိုပဲ။ နီရဲနေတာ။ ကိုယ့်ခေါင်းလည်း ကိုယ် မနိုင်တော့ဘူး။ ဒီအတိုင်းဆို မိုးကချုပ်နေပြီ။ ပြန်ဖို့က မလွယ်။ သူတို့နှစ်ယောက်လုံး တွဲပြီး ပြန်ပို့ရုံသာ။

"မင်း မူးနေပြီလေကွာ"

www.burmeseclassic.com

www.burmeseclassic.com



အောင်ချမ်းစကားကို သူလက်မခံ။ ခေါင်းကို လေးတွဲစွာ ခါယမ်းကာ . . .

"ငါ မမူးသေးဘူး။ ငါ သောက်ဦးမယ်ကွာ"

အောင်ချမ်းက ဝင်းခန့်လက်ထဲမှ အရက်ပုလင်းကို တစ်လှည့် ဝင်းခန့်မျက်နှာကို တစ်လှည့်ကြည့်ကာ မျက်ရိပ်ပြလိုက်သည်။

သွန်လိုက်ဆိုသည့်သဘော။ ဝင်းခန့်လည်း အထာပေါက်သည်။ ထွန်းဇော်က အောင်ချမ်းဘက်လှည့်နေတာမို့ သူ စားပွဲအောက်မှ အမှိုက်ပုံးထဲသို့ အရက်ကို သွန်လိုက်တော့သည်။ ပြီးတော့ ပုလင်းကို မသိမသာ စားပွဲပေါ် ပြန်တင်လိုက်ပြီး . . .

"သူငယ်ချင်း . . . ဒီလောက်သောက်ပြီးပြီပဲ။ တော်ပြီကွာ ပြန်ကြစို့၊ မိုးချုပ်ပြီ"

ဝင်းခန့်စကားကြောင့် ထွန်းဇော် ပြန်လှည့်လာကာ . . .

"မပြန်သေးဘူး။ ငါ မဝသေးဘူး . . . မူးအောင်





သောက်မှာ။ ဝတ်မှုန်ကို မေ့သွားအောင်ကို သောက်မှာ"

သူ ပြောပြောဆိုဆို အရက်ပုလင်းကို ဖန်ခွက်ထဲ ထည့်လိုက်တော့ အရက်က ကျမလာ။

"အင်"

ပုလင်းကို ခါထည့်ပြန်သည်။ ကျမလာ။

သူ ပုလင်းကို ပြန်မတ်ပြီး ပုလင်းဝမှ မျက်လုံးဖြင့် ချောင်းကြည့်လိုက်ပြန်သည်။

သူ့အပြုအမူကို နှစ်ယောက်သား ဘာမှမပြောကြ သာပင်ငြိမ်ပြီး ကြည့်နေကြသည်။

"အရက်တစ်လုံး"

သူ့မှာသံက လေးကန်စွာ ထွက်လာပြီ။ နှစ်ယောက်လုံး ငြိမ်လို့မရတော့။ ဝင်းခန့်က . . .

"ဟော့ကောင် . . . တော်ပြီ . . . တော်ပြီ"

သူ့ပခုံးကို ဆုပ်ကိုင်လိုက်တော့ အောင်ချမ်းက [illegible]ထိုးတစ်ယောက်ကို ခေါ်ပြီး ပိုက်ဆံရှင်းနေပြီ။ ပြီးတော့ ဝင်းခန့်ကို မျက်ရိပ်ပြကာ နှစ်ယောက်သား ထွန်းဇော်ကို



www.burmeseclassic.com

www.burmeseclassic.com



ပခုံးမှ တွဲလိုက်ကြတော့ . . .

"ဟော့ကောင်တွေ . . . ငါ မပြန်သေးဘူးကွ။ သောက်ဦးမှာ"

သူ့စကားကို နှစ်ယောက်သား ဂရုမစိုက်။ အတင်းဆွဲခေါ်လာကြပြီ။ မမူးသေးဘူးသာပြောတာ သူ့ခြေထောက် ပင် သူ မနိုင်တော့။ တရွတ်တိုက်လှမ်းတတ်ပ။





မိုးက အတော်ချုပ်နေပြီ။ ဒင်းက အခုထိ ပြန်မလာသေးဘူး။ ဒေါ်လှခင်တစ်ယောက် အိပ်ရာမှာသာ လှဲနေတာ လုံးဝကို အိပ်လို့မရ။ သားလုပ်သူက ပြန်မလာသေးတော့ စိတ်ပူသည်။

သားကို သူမ မနေ့ညက ဆူလိုက်တာလွန်သွားသည်။

"ဒီနေ့ကစပြီး မင်းဟာ ငါ့သားမဟုတ်တော့ဘူး" လို့ သူမ ပြောလိုက်မိတာ။ သား တစ်သက်ရှိခဲ့ပြီ သူမ တစ်ခါမှ မပြောဘူးခဲ့တဲ့စကားရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သားက အခုလိုမပြောရင် မရတော့၊ သိပ်ဆိုးလာပြီ၊ အဲဒီလိုပြောလို့လည်း သူမ စိတ်မကောင်း။ မနေ့ညတုန်းကဆို တစ်ညလုံး အိပ်မပျော်။ ဒါပေမဲ့ ဒင်း အချိုးပြောင်းပါစေတော့လို့ဆိုပြီး ချစ်တဲ့စိတ်ကို ခဏချုပြီး စိတ်တင်းနေရတာ၊ ဒီနေ့မနက်လည်း သားကို စကားမပြော။ ကြည့်လည်း မကြည့်၊ ဒင်းကတော့ ဒီမနက် မျက်နှာငယ်လေးနှင့် သူမကို စကားလည်းပြောချင်သည် ပြောလည်း မပြောရဲတဲ့ပုံစံနှင့်၊ ဒီအတိုင်းသာ သူမ ဆက်တင်းထားရင် သားတော့ အချိုးပြောင်းလာလောက်မှာပါ။

ဒေါ်လှခင်တစ်ယောက် ကိုယ့်အတွေးနှင့်ကိုယ် ကျိတ်ပြုံးနေစဉ် . . .

"ဒေါက် . . . ဒေါက်"

တံခါးခေါက်သံက သူမ၏အတွေးတွေကို လှုပ်နိုးကာ ဇဝေဇဝါဖြစ်သွားစေပြီ၊

ထွန်းဖော်လား။ ထွန်းဖော်တော့ မဟုတ်လောက်ပါဘူး၊ သူက ဘယ်တုန်းက တံခါးခေါက်ဘူးလို့လဲ။ တံခါး





ပိတ်ထားရင် သူ့အခန်းပြတင်းပေါက်က ကျော်ဝင်တာပဲဟာ။ ဘယ်သူပါလိမ့်၊

သူမ အိပ်ရာမှ ကပျာကယာထကာ တံခါးဝဆီသို့ လျှောက်လှမ်းသွားပြီး တံခါးဝအရောက် ကလန့်ဖွင့်လိုက်တော့ အရက်နံ့က စူးရှစွာဝင်လာပြီ။

"ဟင်"

မြင်လိုက်ရသည့်မြင်ကွင်းက ဒေါ်လှခင် ကိုယ့်မျက်လုံးကိုယ် မယုံနိုင်စရာ။ တစ်ခါမှ အရက်မသောက်ဘူးတဲ့ ဒင်းက အခုတော့ လူနှစ်ယောက်တောင်တွဲရလို့။ လူကသာ ခေါင်းငိုက်စိုက်ကျနေတာ ပါးစပ်က အငြိမ်မနေ။

"ငါ မမူးသေးဘူး။ သောက်ဦးမှာ၊ ဟော့ကောင်တွေငါ . . . အခု . . ."

သူ့စကားပင် မဆုံးသေး။ အောင်ချမ်းက လက်တစ်ဖက်နှင့် သူ့ပါးစပ်ကို ပိတ်လိုက်ကာ သူမကို မော့ကြည့်ပြီး မျက်နှာရှိုးလေးနှင့် . . .

"ဟဲ . . . ဟဲ . . . ဒေါ် . . . ဒေါ်လေး . . . မီကောင်



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်"

သားလုပ်သူကိုကြည့်ကာ ဒေါ်လှခင် မျက်လုံးမှ မီးများပင် တောက်တော့မတတ်ဖြစ်လာကာ ဒေါ်သန့်ငှ စိတ်ရှိလက်ရှိ နားရင်းအုပ်တော့မည်အပြု ဝင်းခန့်က . . .

"ဟာ . . . ဒေါ် . . . ဒေါ်လေး စိတ်ထိန်း။ သူ . . သူ တအားမူးနေတာ။ အန္တရာယ်ရှိတယ်"

"ဘာ . . . အန္တရာယ်ရှိတယ် ဟုတ်လား။ အဲဒီမှာ လဲသေနိုင်းလိုက်ပါလားဟေ"

သူ့မစကား ကောင်းကောင်းပင် မဆုံးသေး ထွန်းဖော်က လျာလေးအာလေးကြီးနှင့် . . .

"ဘယ်သူလဲကွ . . . ဟင်။ ငါ့ကို သေနိုင်းတာ၊ အု . . . အု"

သူ့ပါးစပ်ကို အောင်ချမ်း အတင်းဖိပိတ်ရပြန်ပြီး သားလုပ်သူ၏စကားကြောင့် ဒေါ်လှခင် ဒေါ်သသည် စနက်တံ မီးရှို့ပေးလိုက်သကဲ့သို့ ပေါက်ကွဲလာကာ လက်ဆ လည်း သွက်လိုက်တာ၊ ထွန်းဖော်ရဲ့ခေါင်းကို . . .





"ဒေါက်"

"အား"

"ဟဲ့ . . . နင့်ရဲ့အမေဟဲ့ . . . ငါ နင့်ရဲ့အမေ"

ထိုအခါမှ ထွန်းဖော် ခေါင်းကိုပွတ်ကာ မော့ကြည့်လာပြီ။

"အဲ . . . အမေတဲ့ . . . အမေဆိုတာ ဘယ်သူလဲ"

"တောက် . . . နင့်အမေ ဘယ်နှယောက်ရှိလို့လဲဟဲ့"

ဒေါ်သန့်အတူ ဒေါ်လှခင်၏လက်က ထွန်းဖော်ကို ဆွဲလုပ်ရန်အရှယ် ဝင်းခန့်ရော အောင်ချမ်းပါ ပျာပျာသလဲဖြစ်သွားကာ အောင်ချမ်းက . . .

"ဟို . . . ဟို . . . အန်တီ စိတ် . . . စိတ်ထိန်းပါ။ သူ မူးနေတဲ့ဟာ အန်တီရယ်။ ခွင့်လွှတ်လိုက်ပါနော်"

"ဟုတ်ပါတယ် အန်တီရယ်။ ခွင့်လွှတ်လိုက်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"မာင်း . . . တောက်"

ဒေါ်လှခင် စိတ်တိုတိုနှင့် အခန်းထဲ ခြေဆောင့်ဝင်သွားပြီ။

သူတို့နှစ်ယောက်သာ ဒင်းအခန်းထဲမှာ ဒင်းကိုသွားသိပ်ရုံသာ။

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ခေါင်းကုပ်လိုက်ကြပြီး အိမ်ပေါ်တက်ခဲ့ကြတော့သည်။





နေရောင်စူးစူးက ပြတင်းပေါက်မှဖြတ်ကာ အိပ်ပျော်နေသော ထွန်းဇော်၏မျက်စိကို ထိုးလာသဖြင့် ထွန်းဇော် မျက်လုံးများတွန့်လာကာ အိပ်ရာမှ လူးလဲထမည်အပြု . . .

"အား . . . ကျွတ်ကျွတ်ကျွတ်"

ခေါင်းက တဆစ်ဆစ် ကိုက်ခဲကာ မူးနေသဖြင့် သူ လက်နှင့်နားထင်နှစ်ဖက်ကိုဖိကာ လူးလဲထလိုက်သည်။ ညက အရှိန်မပြေသေးဘူးထင်ပ။

မျက်နှာသစ်ရန် ရေစင်ဘက်သို့အလာ အမေ့ကာ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကြော်စားနေပြီ။ သူ အမေ့ကို တစ်ချက်လှည့်ကြည့်လိုက်တော့ သူ့ကိုကြည့်နေတဲ့ အမေ။ မျက်စောင်းထိုးကာ တစ်ဖက်သို့ လှည့်သွားပြီ။

သူ သက်ပြင်းချကာ ရေစင်သို့လျှောက်ခဲ့ပြီး သွားတိုက်နေစဉ် . . .

ငါ့ကို ညက အရက်ဆိုင်ကနေ ဘယ်သူတွေ လာပို့တာပါလိမ့်။

ညက သောက်တာ ဘယ်လောက်ပင်များသည် မသိ။ သူ့ကို အိမ်လာပို့သွားတဲ့သူကိုတောင်မှ မသိ။ ဒါမျိုး မမူးသေးဘူးတဲ့။ အရက်တစ်ခါမှမသောက်ဖူးတာလည်း ပါတာပေါ့။

ဟူး . . . နဂိုမှ စိတ်ဆိုးနေပါတယ်ဆိုမှ အရက်သောက်ပြန်လာတော့ အမေ ငါ့ကို . . .

သူ ဆက်မတွေးတော့။ မျက်နှာကို ကပျာကယာသစ်ကာ မျက်နှာသုတ်ပြီး ထမင်းကြော်စားရန်လာတော့ ထမင်းကြော်စားနေတဲ့ အမေ ထမင်းစားပွဲမှ ထွက်သွားပြီ





"ဟင်း"

သူ သက်ပြင်းချရှာသာ။ အမေ့ကိုကြည့်ပြီး သူ ထမင်းစားချင်စိတ်လည်း မရှိတော့။ ပခုံးမှ တဘက်ကို တန်းမှာချိတ်ကာ သူ အခန်းထဲ ပြန်ဝင်ခဲ့ပြီး အဝတ်အစား လဲလိုက်သည်။

သူ့အခန်းထဲမှထွက်ခဲ့ကာ အိမ်ရှေ့ရောက်တော့ အမေက ဆိုင်ဖွင့်နေပြီ။

"အမေ . . . သား လက်ဖက်ရည်ဆိုင် သွားလိုက်ဦးမယ်"

အမေက ဘာမှပြန်မပြော။ မကြားချင်ယောင်ဆောင်နေသည်။ သူလည်း ဘာမှပြန်မပြောတော့။ လေးတွဲသောခြေလှမ်းများဖြင့်သာ လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့အမေ စိတ်ဆိုးလည်း ဆိုးစရာပဲ။ မင်း လုပ်တာပဲ ကြည့်လေ၊ မနေ့ညသတင်းကများ ပြောလိုက်တာ ဘယ်ကအမေလဲတဲ့"

"ဟုတ်ပ . . . အဲဒီစကား မင်းအမေမပြောနဲ့ ငါ တို့တောင် ဒေါသထွက်တယ်"

ဝင်းခန့်စကားကို အောင်ချမ်းပါ ထောက်ခံလိုက် တော့ ဝင်းခန့်က . . .

"ဟုတ်တယ် . . . ဟော့ကောင်။ မင်း mothe ကြီး မင်းကို ညက တော်တော်တင်းသွားတာကွ။ ငါ



တောင် မနည်းတောင်းပန်လိုက်ရတယ်"

"ဟင် . . . ဒါဆို ညက မင်းတို့နှစ်ယောက် ငါ့ကို လိုက်ပို့ကြတာပေါ့"

"သေရောကွာ"

သူ့စကားကြောင့် ဝင်းခန့်တို့နှစ်ယောက်သား ခတိုင်ပင်ထားဘဲနှင့် နဖူးကို ဖြိုင်တူရိုက်လိုက်ကြတော့ သည်။ အောင်ချမ်းက . . .

"မင်းကို ဘယ်သူတွေလိုက်ပို့မှန်း မသိအောင်ကို မူးအောင်သောက်ရသလားကွ"

"ဟုတ်ပ . . . ဒါတောင် ညက ပြောသေးတယ်။ သူ မမူးသေးဘူး၊ ဆက်သောက်ဦးမယ်တဲ့။ ဆက်သာ သောက်လိုက်ရင် အတိတ်တောင် မေ့သွားဦးမလား မသိ ဘူး"

"ဒါကြောင့် အမေ ငါ့ကို ဒီမနက် ပိုတင်းနေတာ ကိုး"

ဝင်းခန့်က . . .

www.burmeseclassic.com



"ထွန်းဖော် . . . မင်းအဝတွယ်နော်။ ဒီဝိုင်းကို ငါတို့နှစ်ယောက် ရှင်းမှာ"

ဝင်းခန့်စကားကြောင့် သူ အံ့ဩသောအကြည့်ဖြင့် ကြည့်ကာ . . .

"ကျားသားမိုးကြိုး မင်းတို့ရှင်းမှာ ဟုတ်လား"

"ဟုတ်တယ်။ ငါတို့ မနေ့က အလုပ်သွားရှာတာ။ ရခဲ့တယ်။ ဒါကြောင့် မင်းကို ပြုစုတာ"

"မင်းတို့အလုပ်သွားရှာတယ် . . . ဟုတ်လား"

"ဟုတ်တယ် . . . ငါ့အဖေရဲ့ သူငယ်ချင်း သစ်စက်မှာပဲ အလုပ်ရခဲ့တယ်။ တို့တွေက ပညာမထူးချွန်ဘူးလေ။ ဒီတော့ အလုပ်ကြမ်းပဲရတာပေါ့"

"နေပါဦး . . . မင်းတို့ကို ဘယ်သူကအလုပ်လုပ်နိုင်းလို့လဲ"

သူ့အမေးကို ငချမ်းက . . .

"ဘယ်သူမှတော့ မနိုင်းဘူးပေါ့ကွာ။ ငါတို့နှစ်ယောက်က မင်းသိတဲ့အတိုင်းပဲကွာ။ ဆင်းရဲတယ်ကွ။ မင်း





တို့လို အိမ်ဆိုင်နဲ့ ပုံမှန်ဝင်ငွေမရှိတော့ ထွက်လမ်းတွေပဲ ရှိနေတယ်။ ဒီတော့ အိမ်က သိပ်မဟန်တော့ဘူးကွ"

"ဟုတ်တယ် . . . အဲဒါကြောင့် ငါတို့လည်း အိမ်အတွက် သက်သာအောင်ဆိုပြီး အလုပ်ဝင်လုပ်ကြတာ"

"အေးကွာ . . . မင်းတို့ အလုပ်ရတယ်ဆိုတော့ ငါ ဝမ်းသာပါတယ်"

"ဝမ်းသာရင် ကြိုက်တာမှာစားကွာ"

"OK ဒါဆို ငါ ဒါပဲမှာမယ်"

သူ လက်ညှိုးနှင့်လက်ကို ကွင်းကာ . . .

"မှာကွာ"

သူ ဆေးလိပ်လှမ်းမှာလိုက်သည်။

"မင်းကွာ . . . မိန်းကလေးတစ်ယောက်က ကိုယ့်ကို့ခွေတ္တာကို မရတာနဲ့များ အရက်သောက်ရတယ်လို့"

"ငါ ဝတ်မှုန်ကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိပါတယ် ဝင်းခန့်ရာ"

"မင်းချစ်သူ သူပြောသလို ပြင်လိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မြင်ရအောင် ငါက ဘာတွေဆိုးနေလို့လဲ။ ငါက လူသတ်ပြီး ဓားပြတိုက်နေလို့လား"

"လူသတ်၊ ဓားပြတိုက်မှ လူဆိုးလို့ခေါ်တာ မဟုတ်ဘူးကွ။ လူမသတ် ဓားပြမတိုက်ဘဲနဲ့ အဲဒီလူတွေထက် ဆိုးတဲ့ဟာတွေလည်း ရှိတာပဲဟာ"

"မင်းဆိုလိုတာက ငါဟာ အဲဒီအတန်းအစားထဲမှာ ပါနေတယ်ပေါ့"

သူ့စကားကြောင့် ဝင်းခန့် လက်ကာပြကာ . . .

"နိုး . . . နိုး . . . ငါ အဲဒီလို မရည်ရွယ်ပါဘူး"

ထိုစဉ် လက်ဖက်ရည်ဆိုင်ထဲသို့ ကလေးတစ်ယောက် ဝင်လာကာ သူတို့ဝိုင်းနားအရောက် . . .

"ကိုကြီးထွန်းဖော် . . . အန်တီက အမြန်လာခဲ့ပါဦးတဲ့။ အိမ်မှာ ဧည့်သည်ရောက်နေတယ်တဲ့၊ အမြန်လာပါတဲ့၊ အဲဒါ ကျွန်တော့်ကို ခေါ်ခိုင်းလိုက်တာ"

"ဩော် . . . အေးအေး . . . အခုပဲ လိုက်ခဲ့မယ်လို့ အမေ့ကို ပြောလိုက်ကွာနော်"



"ဟုတ်"

ကောင်လေးက သူတို့ တဲ့ . . . တဲ့ . . . နဲ့ တဲ့ပေါင်းစုံမှာပြီး ဆိုင်ထဲက ပြေးထွက်သွားပြီ။

"ဟေ့ကောင် ဘယ်ကဧည့်သည်လဲ"

ဝင်းခန့်အမေးကို သူ ချက်ချင်း မဖြေမိ၊ လက်ကျန်လက်ဖက်ရည်ကို မော့သောက်လိုက်ပြီးမှ . . .

"ဘယ်သိပါ့မလဲကွ။ ကဲ . . . ငါ ပြန်တော့မယ် သူငယ်ချင်းတို့"

"OK"

သူ ဆေးလိပ်တစ်လိပ်ကို မီးညှိပြီးနောက် လက်ကြားညှပ်ကာ ဆိုင်ထဲမှ ထွက်ခဲ့တော့သည်။

ဘယ်ကဧည့်သည်ပါလိမ့်။ အစ်ကိုလေးများလား။

သူ့အစ်ကိုလေးဆိုတာက အမေ့ရဲ့အစ်မ မွေးတဲ့သား။ နိုင်ငံခြား သင်္ဘောလိုက်နေတာ။ တစ်ခါတလေမြန်မာပြည်ပြန်ရောက်ရင် အိမ်ကိုဝင်ပြီး လက်ဆောင်တွေလာပေးနေကျ။ အခုလဲ အစ်ကိုလေးပဲလာတာနေမှာ။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းဇော် ကိုယ့်အတွေးနဲ့ကိုယ် လာခဲ့တာ ခေါင်းကြီးငုံ့လို့ ဘာကိုမှမမြင်ရ။

သူ့ရှေ့မှာ ရပ်နေတာက ဝတ်မှုန်။ ဒါကိုပင် သူ မမြင်သေး။ တိုက်တောင် တိုက်တော့မည်။ ဝတ်မှုန်က သူမ အနားရောက်လာသော ထွန်းဇော်ကို . . .

"ဟဲ့"

သူမ အသံပေးလိုက်တော့ ဘာတွေစဉ်းစားနေမှန်းမသိတဲ့ ဒင်းက လန့်သွားလိုက်တာ။ တကတည်း လူတစ်ယောက်လုံး သူ့ရှေ့မှာ ဗိတ်ရပ်နေတာတောင်မှ မမြင်တာ။ ဘာတွေစဉ်းစားနေလဲကို မသိဘူး။

"ဟာ . . . ဝတ်မှုန် နင် ဘယ်ကပြန်လာတာလဲ"

"နင့်အမေ့ဆီက နနွင်းမှုန့်ဝယ်ပြီး ပြန်လာတာ"

ဟုတ်သားပဲ။ သူမလက်ထဲမှာ နနွင်းမှုန့်ထုပ်လေးနှင့်၊ သူ ဆေးလိပ်တစ်ရှိုက်ကို ဖွာလိုက်တော့ ဝတ်မှုန်က ဆေးလိပ်ကို ဆွဲလုပြီး လွှင့်ပစ်လိုက်ကာ . . .

"နင်ဟာလေ ဘယ်တော့ပဲကြည့်လိုက်ကြည့်





လိုက် ဆေးလိပ်ကို လက်ဖျားကကို မချဘူး။ ဆေးလိပ်သောက်တာ မကောင်းပါဘူး။ မသောက်ပါနဲ့လို့ အတန်တန်တားနေတဲ့ကြားထဲက နင် သောက်သေးတယ်နော်"

သူမ၏ ဒေါသလေးနှင့်စကားကို သူ ဘာမှ ပြန်မဖြေ။ သူမရဲ့မျက်နှာလေးကိုသာ ငေးကြည့်နေတော့ . . .

"နင် ညတုန်းက အရက်သောက်လာတယ်ဆို"

"ဟုတ်တယ်"

"ဘာဖြစ်လို့ အရက်ကိုသောက်ရတာလဲ"

"နင့်ကြောင့်ပို့"

သူ့စကားကြောင့် ဝတ်မှုန် မျက်လုံးလေး ပြူးသွားတာ . . .

"ဘာ . . . ဘာရယ်။ ငါ့ကြောင့် ဟုတ်လား"

"ဟုတ်တယ်။ နင်မှ ငါ့ရဲ့အချစ်ကို အသိအမှတ်မပြုတာ"

"ခြော် . . . ဒါကြောင့် နင်က အရက်သောက်တာပေါ့ . . . ဟုတ်လား။ နင်ဟာလေ ပြောလိုက်ရင် ဖြင်



www.burmeseclassic.com

www.burmeseclassic.com



မယ်ကို မရှိဘူး၊ ပိုပြီးတောင် ဆိုးလာသေးတယ်"

"ငါ နင့်ကို တကယ်ချစ်တာပါဟာ"

"တော်ပါ၊ ငါ ပြောသလိုပြင်လေ။ ပြင်ရင်တော့ နင့်ရဲ့စကားကို ငါ စဉ်းစားမယ်၊ မပြင်ရင်တော့ Sorry ပဲ။ ကဲ . . . ငါ သွားမယ်"

သူမက ပြောပြောဆိုဆိုနှင့် သူ့ရဲ့ကျောဘက်ဆီကို ထွက်သွားပြီ။ အဝေးဝေးရောက်သွားတဲ့ထိ သူ ထိုနေရာတွင် ရပ်မိနေဆဲ။ ပြီးတော့မှ သူမက သမင်လည်ပြန်လှည့်ကြည့်လိုက်ကာ သက်ပြင်းချလိုက်ပြီး အိမ်သို့ လှမ်းခဲ့လိုက်တော့သည်။

အိမ်ရောက်တော့ သူ ထင်တဲ့အတိုင်းပ။ အစ်ကိုလေးကျော်ကျော်က အိမ်ပေါ်မှာ အမေနဲ့စကားပြောနေတာ သူ့သူငယ်ချင်းလည်း ပါခဲ့တာပဲ။

သူ အိမ်ပေါ်တက်ကာ . . .

"ဟာ . . . အစ်ကို ဘယ်တုန်းကရောက်နေတာလဲ"





သူ့ရဲ့နှုတ်ဆက်အမေးကြောင့် ပြုံးပြုံးရွှင်ရွှင်နှင့် စကားပြောနေသော အမေ ရုတ်တရက်ကြီး မျက်နှာမဲ့ကာ အိပ်ခန်းထဲ ဝင်သွားပြီ။

အမေ့ရဲ့အပြုအမူကြောင့် အစ်ကိုလေး အံ့သြသွားကာ သူ့ကို မေးငေါ့ပြတော့ သူက အေးဆေးပါဟူသော အထာဖြင့် မျက်စိတစ်ဖက်မှိတ်ပြလိုက်ပြီး အမေ ထိုင်သွားသော ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"မနေ့တုန်းကမှ ရောက်တာကွ"

"ဘယ်လိုလဲ ဘိုမလှလှလေးတွေရော တွေ့ထားပြီလား"

"ဟား . . . ဟား . . . မတွေ့သေးပါဘူး ငါ့ညီရာ။ ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်"

ကျော်ကျော်က သူနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်နေသော လူ့ကို လက်ညွှန်ပြကာ . . .

"သူက ကိုခင်မောင်တဲ့။ အစ်ကိုနဲ့ သင်္ဘောတစ်စီးအတူ တက်တာပေါ့။ ကိုခင်မောင် ဒါက ကျွန်တော့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကွဲညီ ထွန်းဖော်တဲ့"

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ်"

ကိုခင်မောင်က ပြောပြောဆိုဆိုနှင့် လက်လှမ်းလာတော့ သူလည်း ပြန်လက်ကမ်းလိုက်တော့သည်။

"ဒါနဲ့ အစ်ကို ဘယ်တော့သင်္ဘောပြန်တက်မလဲ"

"ကြာဦးမှာကွ။ အစ်ကိုက မင်္ဂလာဆောင်တော့မှာလေ"

"ဟာ . . . ငါ့အစ်ကို စွံတော့မှာပေါ့။ ဘယ်တော့လဲ"

"နှစ်လလောက်ပဲလိုတော့တယ်။ အဲဒါ အစ်ကို့အလုပ်ကခွင့်တင်ထားတယ်လေ။ ဒီတော့ ဒီမှာကြာဦးမယ်၊ လက်ထပ်ပြီးမှ သင်္ဘောပြန်တက်မှာ"

"ဩော် . . . ဒါနဲ့ ဒီကအစ်ကိုရော ဘယ်တော့ပြန်တက်မှာလဲ"

"အစ်ကိုက နှစ်ပတ်လောက်ပဲကွ။ ပြန်တက်ရမှာ ကိုယ်က သူများတွေလို မစွံသေးဘူးဆိုတော့"





ကိုခင်မောင့်စကားပင် မဆုံးသေး ကျော်ကျော်က အော်ရယ်ပြီး . . .

"ဟား . . . ဟား . . . ဟား . . . မင်းအကြောင်း ငါသိပါတယ် ခင်မောင်ရာ။ မင်းက မယူလည်း ပေါ်ပါတယ်"

"ဟ . . . မတူဘူးလေကွ။ ငါကလည်း မင်းလို ယူချင်တာပေါ့ကွ"

"ဟား . . . ဟား . . . ကြိုးစားပေါ့ကွာ။ မင်းရဲ့ ပုံစံနဲ့ ခေါင်းခေါက်နိုင်ပါသေးတယ်"

သူ့ အားရပါးရရယ်နေသော အစ်ကိုလုပ်သူကို သေချာကြည့်လိုက်မိသည်။ ဒီတစ်ခါ သင်္ဘောပြန်တာ အစ်ကို တအားပိန်သွားသည်။ မျက်တွင်းတွေလည်း ညိုပြီး ချောင်ကျနေသေး။ အစ်ကို့သူငယ်ချင်းဆို ပိုဆိုးသေးတယ်၊ ပိန်ခြောက်ပြီး မျက်တွင်းကလည်း ညိုမည်းလို့။

"အစ်ကို ဒီတစ်ခါပြန်လာတာ တော်တော်ပိန်သွားတယ်နော်။ အလုပ်တွေ တအားပန်းလို့လား"

"ဒါလည်း ပါတာပေါ့ ညီရာ။ ကဲ . . . စကားပြော



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေကြတာ။ တို့တွေ ပြန်သင့်ပြီ။ ကဲညီ . . . မင်းလည်း အိမ်လိုက်ခဲ့ကွာ။ အိမ်မှာ ဖေမေတို့မရှိကြဘူး။ ပဲခူးသွားကြတယ်"

"OK လိုက်ခဲ့မယ်"

"ဒါဆို လစ်ကြစို့"

သူတို့သုံးယောက်သား ဖြိုင်တူ ထလိုက်ကြကာ အိမ်ပေါ်မှဆင်းခဲ့ကြပြီ။





ခန့်ညားထည်ဝါလှသည့် အစ်ကိုတို့ရဲ့ နှစ်ထပ်တိုက်ကြီးက ဟီးလို့။ အစ်ကိုတို့မိသားစုက သူတို့အမျိုးတွေထဲမှာ အချမ်းသာဆုံးပင်။

တိုက်ကြီးသာဟီးနေတာ နေတာမှ မိသားစု သုံးယောက်တည်းရယ်။ ဒီကြားထဲ အစ်ကိုက သင်္ဘောတက်နေရင် ဒီအိမ်မှာ ကျန်ခဲ့ရတာ ဒေါ်လေးနှင့်ဦးလေးသာ။

အခု သူတို့လာတော့ ဦးလေးနှင့်ဒေါ်လေးတို့က မရှိ။ ပဲခူးသွားကြတော့ ဒီအိမ်ကြီးထဲမှာ သူတို့သုံးယောက်သာ ရှိသည်။ သူတို့ဧည့်ခန်းထဲရှိ Sofa ဆက်တီများအပေါ်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လိုက်ကြတော့ ကျော်ကျော်က ခင်မောင့်အား . . .

"ခင်မောင် ပစ္စည်းပါတယ် မဟုတ်လား"

"ပါတာပေါ့ကွ။ မပါလို့ ဖြစ်မလား . . . ဒီမှာ"

ခင်မောင်က ဘောင်းဘီအနောက်အိတ်မှ စီးက ရက်ဘူးလေးတစ်ဘူးကို ထုတ်ကာ စားပွဲပေါ် ပစ်တင်လိုက် သည်။ စီးကရက်ဘူးလေးကို ထွန်းဖော် လှမ်းကြည့်လိုက် တော့ သူ မမြင်ဘူးတဲ့တံဆိပ်ရယ်။

နိုင်ငံခြားကလာတဲ့ ဆေးလိပ်ထင်တယ်။ သူ ဆေးလိပ်ဘူးလေးကိုကြည့်ကာ တွေးနေဆဲ ကျော်ကျော်က သူ့ကို ကြည့်ကာ . . .

"မင်းရော မစွဲသေးဘူးလား ညီ"

"မစွဲသေးပါဘူး အစ်ကိုလေးရေ။ အခုမှ တွေ့ တုန်းပဲရှိပါသေးတယ်"

"ဟာ . . . ဟုတ်လား။ ဘယ်သူလဲ"

"ဝတ်မှုန်လေ"

"ဝတ်မှုန် . . . ဟုတ်လား"





"ဟုတ်တယ်"

"အင်း . . . ဒီကောင်မလေး မဆိုးပါဘူး။ လှလည်း လှတယ်။ စရိုက်လည်း မဆိုးဘူး။ မင်းနဲ့လိုက်တယ်။ မင်း ဖွင့်ပြောလိုက် ညီ"

"ကျွန်တော် ဖွင့်ပြောပြီးပြီဗျ"

"ဟာ . . . ငါ့ညီက သွက်လှချည်လား"

"သွက်လည်း အလကားပါပဲဗျာ"

"ဟေ . . . ဘာဖြစ်လို့လဲ"

အစ်ကို့စကားကို သူ ချက်ချင်း ပြန်မဖြေမိ။ နှာခေါင်းထဲ ရုတ်တရက်ဝင်လာသည့် မွှေးပျံ့လှသောရနံ့ ကြောင့် ရနံ့လာရာသို့ ကြည့်လိုက်တော့ ကိုခင်မောင် သောက်နေသည့် ဆေးလိပ်မှရယ်။ ဆေးလိပ်သောက်နေ တဲ့လူကလည်း ဆက်တီရှည်ပေါ်မှာလှဲကာ လက်ရန်းကို ခေါင်းအုံးလုပ်ပြီး မှိန်းနေတာ။ မျက်ခွံတွေက စင်းလို့။ လက် တစ်ဖက်က ဆေးလိပ်ကိုင်ပြီး စည်းစိမ်ရစ်နေတာ။ ဘာကို မှ ဂရုမစိုက်။ ဆေးလိုက် တစ်ချက် တစ်ချက် ရှိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင်မျှား ပါးနှစ်ဖက်က ချိုင့်ဝင်သွားကာ ပါးနှစ်ဖက်ပင် ထိလု မတတ်ရယ်။

သူ ကိုခင်မောင့်ကိုသာ ကြည့်လိုက်ကာ . . .

ဒီလူ့ကို ကြည့်ရတာ ဆေးလိပ်စည်းစိမ်ခံနေပုံပဲ။ ဒီဆေးလိပ်က ဘယ်လောက်ကောင်းလို့လဲ၊ အနံ့ကတော့ စိမ်းရွှေရွှေနဲ့။ အတော်မွှေးတာရယ်။

'သူက ကျွန်တော့်ကို ပြန်မချစ်နိုင်ဘူးတဲ့။ အဲဒါ ကျွန်တော် ညစ်နေတာဗျ"

"ဟား . . . ဟား . . . ငါ့ညီကတော့ ဖြစ်ရမယ် ဒါနဲ့ မင်းဒေါ်လေးနဲ့ ဘာဖြစ်ထားတာလဲ။ စကားမပြောကြ ဘူးလား"

"ဟုတ်တယ် . . . ကျွန်တော်တို့ စကားမပြောကြ တာ သုံးရက်ရှိပြီ"

"ဟာ . . . ပြင်းလှချည်လား။ ဘာဖြစ်ထားကြ လဲ"

"ထုံးစံအတိုင်း ဓာတ်ပြားဟောင်းကြီးပေါ့ . . .





ကျွန်တော် ဆိုးလို့ဆိုတဲ့ ခေါင်းစဉ်ကြောင့်ပေါ့"

"ဟား . . . ဟား . . . ဒေါ်လေးကတော့ လုပ် တော့မယ်။ ငါ့ညီ ဒီလောက်လိမ္မာတဲ့ဟာ"

"အဲဒါ အခု ကျွန်တော် စိတ်ညစ်နေတာ အစ်ကို လေး။ အမေကလည်း စကားမပြော၊ ဝတ်မှုန်ကလည်း ကျွန်တော့်ရဲ့အချစ်ကို ငြင်းနေတာဆိုတော့ . . ."

သူ့စကားသံ ဆက်ပြီးထွက်မလာတော့. ခေါင်း လေးသာ ငုံ့သွားပြီ။ သူ့ပုံစံကို ကျော်ကျော်ကြည့်ကာ . . .

"ဟား . . . ဟား . . . ဟား . . . ဟား"

အစ်ကိုလုပ်သူရဲ့ လှောင်ရယ်သံကြောင့် သူ နား လည်နိုင်သောအကြည့်နှင့် ခေါင်းမော့ကြည့်လိုက်တော့ အစ်ကိုကျော်က ရယ်နေတာကို ရပ်ကာ . . .

"မင်း လောကစည်းစိမ်ကြီးနဲ့ မတွေ့သေးလို့ပါ ညီ လေး။ မင်း တွေ့သာတွေ့သွားရင် အဲဒီစိတ်ညစ်စရာတွေဆို တာ ရေရဲကို လွင့်သွားလိမ့်မယ်"

"အစ်ကိုလေး ဘာကိုဆိုလိုတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့နားမလည်နိုင်သောမေးခွန်းကို ကျော်ကျော်က အားရပါးရရယ်ကာ စားပွဲပေါ်မှ ဆေးလိပ်ဘူးကို လှမ်းယူလိုက်ကာ တစ်လိပ်ထုတ်လိုက်ပြီးနောက် သူ့ဆီကို လှမ်းပေးကာ . . .

"ရော့ . . . လောကစည်းစိမ်ဆိုတာ အဲဒါပဲ။ မင်း ရှိုက်လိုက်ရင် နတ်ပြည်တောင် တက်လို့ရတယ်"

သူ ကျော်ကျော့်ကို တစ်လှည့် ဆေးလိပ်ကို တစ်လှည့် ကြည့်လိုက်သည်။ ဒါက ဘာဆေးလိပ်လဲဆိုသည့်သဘောနှင့်။ ဒါကို ရိပ်မိသော ကျော်ကျော်က . . .

"ဟား . . . ဟား . . . မကြောက်ပါနဲ့ ညီရာ။ ဒါ ကိုယ်တို့သောက်နေကျ ဆေးလိပ်ပါ။ ဒီဆေးလိပ်ကို လူတွေက နာမည်အမျိုးမျိုးနဲ့ ခေါ်ကြတာကွ။ ကိုယ်တို့ကတော့ သူ့ကိုခေါ်တာ လောကစည်းစိမ်တဲ့။ မင်း ခံစားကြည့်ပါ။ လောကစည်းစိမ်မကဘူး နတ်စည်းစိမ်ထက်သာတဲ့ စည်းစိမ်တောင် ရစေရမယ်"

ကျော်ကျော့်စကားကြောင့် သူ ခင်မောင့်ကို တစ်





ချက် ကြည့်လိုက်မိသည်။

ဟုတ်ပ။ ဒီကောင် ဘယ်လောက်အထိ Feeling ဘတ်နေသည်မသိ။

"ပေးဗျာ . . . ကျွန်တော် သောက်ကြည့်မယ်"

သူ ကျော်ကျော့်လက်ထဲမှ ဆေးလိပ်ကိုယူကာ ညှိလိုက်တော့သည်။

သူ့ကိုကြည့်နေသော ကျော်ကျော့်ရဲ့မျက်လုံးတွေ ဘလည်း ဝိတိတွေကြောင့် အရောင်လက်လို့။



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းတစ်ခန်းလုံး ဆေးလိပ်ငွေ့များဖြင့် ဖုံးလွှမ်းနေပြီ။ ဆက်တီခုံတွေပေါ်မှာလည်း လှဲပြီးဆေးလိပ်သောက်နေကြသော ပိုးလိုးပက်လက်တွေနှင့်။ ဆေးလိပ်သောက်နေကြတဲ့ သုံးယောက်သားရဲ့ မျက်လုံးတွေကလည်း ရီဝေပြီး မှေးစင်းနေကြပြီ။

"ဘယ်လိုလဲ ညီ။ လောကစည်းစိမ်က ခံစားလို့ကောင်းရဲ့လား"

ကျော်ကျော့်အမေးက မျက်လုံးတောင်မပွင့်ဘဲနှင့် အသံလေးကြီးနှင့်။

"ဟူး"





သူ ဆေးလိပ်ငွေ့တွေကို တဖြည်းဖြည်း ညင်းမှုတ်ထုတ်လိုက်ကာ အသံလေးကြီးဖြင့် . . .

"လောကစည်းစိမ်တင်မကဘူး နတ်စည်းစိမ်ပါအစ်ခါတည်း ခံစားသွားရတာပဲဗျာ"

"ဟား . . . ဟား . . . ဟား . . . ဖြစ်ရမယ်လေဖြစ်ရမယ်။ မင်းရဲ့စိတ်ညစ်တာတွေရော ပျောက်သွားပြီလား"

"ခေါက်ထားလိုက်စမ်းပါဗျာ။ ဒီမှာ စည်းစိမ်ခံနေတာ Feel ပျက်တယ်"

"ဟား . . . ဟား . . . ဟား . . . ဟား"

အသံလေး အသံဝါကြီးဖြင့် ရယ်နေသော ကျော်ကျော့်ခေါင်းက ပုတ်သင်ညိုလို။

တကယ်တမ်း သူတို့ဆိုသော လောကစည်းစိမ်ဆိုတာ လောကကြီးတစ်ခုလုံးကို ဖျက်ဆီးနေတဲ့ ဘိန်းဖြူဆိုတာသာ ထွန်းဇော်တစ်ယောက် သိခဲ့ရင်ဖြင့်။



www.burmeseclassic.com

www.burmeseclassic.com



လေညင်းသွဲ့သွဲ့တိုက်ခတ်နေသော မန်ကျည်းပင်လေးအောက်မှာ စကားထိုင်ပြောနေကြသော ဝတ်မှုန်နှင့် သူငယ်ချင်းဖြစ်သူ နှင်းမေ။

"ဝတ်မှုန် နင့်ကို ထွန်းဇော်က ရည်းစားစကားပြောတယ်ဆို"

"ဟုတ်တယ် . . . နှင်းမေ။ သူ ငါ့ကို သဲပဲချစ်တယ်တဲ့"

"ဟဲ့ . . . နင် ပြန်မချစ်လိုက်နဲ့နော်။ ဟိုကရပ်ကွက်ရဲ့အော့ကြောလန်ရယ်။ နင် ပြန်ချစ်လိုက်ရင် ဒုက္ခ





ရောက်သွားလိမ့်မယ်"

"ငါ နားလည်ပါတယ် နှင်းမေ။ သူဟာ အိမ်ထောင်တစ်ရကို ကောင်းကောင်းမွန်မွန် ထူထောင်နိုင်မယ့် အရည်အချင်းမရှိသေးဘူးဆိုတာ ငါ သိပါတယ်"

"အေးလေ . . . နင်က ငါတို့ထက် ပညာပိုတတ်ပြီး ဉာဏ်ရှိပါတယ်"

"ငါလေ မညာတမ်း အမှန်အတိုင်းပြောရရင် ထွန်းဇော်ကို သံယောဇဉ် တွယ်မိနေတယ်"

"ဟယ် . . . ဘုရားရေ . . . ဒုက္ခပါပဲ။ ထွန်းဇော်က တော်တော်ဆိုးတာနော်ဟဲ့။ တော်ကြာ နင် ဒူးနဲ့မျက်ရည်သုတ်နေရမယ်"

"အဲဒီလိုဘဝမျိုး ရောက်လောက်အောင်အထိတော့ ငါ မမိုက်ပါဘူးဟာ။ သူ သိပ်ပြီးဆိုးတာမှန်တယ်။ ဒါကြောင့်လည်း သူ လာပြောတော့ ငါ့ရင်ထဲက ချစ်နေပျက်နဲ့ ငါ ငြင်းလိုက်တာပေါ့။ ငါ သူ့ကို လူလိမ္မာလေးဖြစ်စေချင်တယ်ဟာ။ သူ ငါ့ကို သိပ်ချစ်တာ ငါသိတယ်ဟ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုချစ်လို့လဲ သူ ငါ့စကားနားထောင်ပြီး လိမ္မာလာလိမ့်မယ်လို့ ငါ ထင်တယ်။ အဲဒီအခါကျရင် သူ မျှော်လင့်တဲ့ အခြေကို . . .”

သူမ စကားကိုမဆက်တော့ နှင်းမေက . . .

“နှင် ထင်လို့လား”

“ငါ ယုံကြည်တယ်”

“အေး . . . နှင်ကသာ ယုံနေ။ အခုဆိုလေ နှင့်ကောင် မူတွေပျက်နေတာ သတိထားမိလား။ ဘယ်တော့မဆို တွေ့လိုက်တိုင်း တမှိုင်မှိုင် တတွေတွေနဲ့”

“သူ့အမေနဲ့ အဆင်မပြေလို့နေမှာပါဟာ”

“နှင်ကသာ သူ့ကို အကောင်းမြင်နေနော်။ ဟိုကတော့ နှင့်ရဲ့စေတနာကို အကောင်းမြင်မှာ မဟုတ်ဘူး”

“ဘာပဲဖြစ်ဖြစ်ဟာ ငါ ထွန်းဇော်ကို သိပ်ချစ်တယ်။ အဲဒီ ငါသိပ်ချစ်တဲ့သူဟာ ငါဖြစ်စေချင်တဲ့အတိုင်း ဖြစ်လာလိမ့်မယ်လို့ ငါ ယုံကြည်တယ်”

“ဟင်း”



နှင်းမေ မျက်နှာကြီးရှုံ့ကာ တစ်ဖက်သို့ လှည့်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှခင်တစ်ယောက် နေ့လယ်စာ ထမင်းစားရန် အတွက် ထမင်းတွေ ရှုံးနေစဉ် သားတော်မောင်ရောက်လာ သည်။

သူက အမေ့ကို ဘာမှမပြောဘဲ ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်သည်။ အနုတလော ထွန်းဖော်ကိုကြည့်ရ တာ ဒေါ်လှခင် အားသိပ်မရ။ အမြဲတမ်း တမှိုင်မှိုင် တတွေ တွေနဲ့။ ကြည့်လိုက်တိုင်း သန်းနေတာပဲ တွေ့နေတာ။ ဘာ များ ဖြစ်နေတာပါလိမ့်။

ဒေါ်လှခင် သားလုပ်သူရဲ့အမူအရာကို အကဲခတ်





ချင်တာကြောင့် ထမင်းဝိုင်းမှ အမြင်ကတ်ကတ်နှင့် မထ တော့ဘဲ သား၏မျက်နှာချင်းဆိုင်တွင် ထမင်းစားလိုက်ကာ အကဲခတ်တော့သည်။

ထမင်းစားတော့လည်း ခေါင်းကြီးငုံ့ပြီး စားနေတာ တို့ကနန်း ဆိတ်ကနန်းနှင့် အားမရ။ သူမကိုလည်း စကား မပြော။

သူမ စိတ်ဆိုးနေလို့များ စိတ်ညစ်ပြီး မစားတာ များလားဟု သံသယဝင်မိသည်။ သား အနုတလော တအားပိန်ကျသွားပြီ။ ညတွေလည်း သိပ်ပြီးမအိပ်ဘူးလား မသိ။ မျက်တွင်းလေးတွေက ညိုပြီး ချိုင့်လို့။

သူမ ထင်သလိုပဲ သားက သူမစကားမပြောလို့ များ စိတ်မကောင်းဖြစ်နေတာလား။ ဒီလိုတော့ အဖြစ်မခံ နိုင်ပါ။

ဪ . . . ဒင်းလေး လိမ္မာပါစေတော့လို့ဆိုပြီး ကျုပ်က စိမ်းနေတာ။ အခုတော့ ဒင်းက အရိုးချည်းကျန်လို့။

ဒေါ်လှခင် သားကိုကြည့်ကာ မျက်ရည်လေး



www.burmeseclassic.com

www.burmeseclassic.com



တစမ်းစမ်းနှင့်ဖြစ်လာပြီ။ ထမင်းလည်း တစ်လုတ်မှ မစားရသေး။ ဒါကို သားက ရိပ်မိသည်ထင်။ ခေါင်းကလေး မော့လာကာ . . .

"အမေ . . . ထမင်းစားလေ။ ဘာလဲ အမေက သားရှိနေလို့ မစားချင်တာလား။ ဒါဆိုလည်း အမေပဲ စားပါ အမေရယ်။ သား ထသွားပေးပါ့မယ်"

ထွန်းဖော် စကားဆုံးသွားသည်နှင့် ထ သွားပြီ။

"ဟဲ့ . . . ဟဲ့ . . . သား မဟုတ်ပါဘူး သားရယ်။ မသွားပါနဲ့ သားရယ်၊ ထမင်းစားသွားပါဦး။ သား"

လို့ဆိုချင်ပေမယ့်လည်း စကားတွေက ရင်ထဲမှ လာကာ လည်ချောင်းဝမှာသာ ပျောက်ကွယ်သွားပြီ။

သူမအနားမှ လက်ဆေးကာ ထသွားသောသားရဲ့ ကျောပြင်ကိုသာ ကြည့်ကာ ဒေါ်လှခင် မျက်ရည်လေးများ ကျလာပြီ။

သားရယ် သားနဲ့အတူမစားချင်လို့ မဟုတ်ပါဘူး ကွယ်။ အမေ့သားကို စကားမပြောဘဲ စိမ်းခဲ့မိတဲ့အမေ့ရဲ့



အပြစ်တွေအတွက် သားအပေါ် စိတ်မကောင်းဖြစ်မိတာပါကွယ်။

သား . . . သားရယ် အမေ့ကို ခွင့်လွှတ်ပါကွယ်။

ဒေါ်လှခင်တစ်ယောက် ထမင်း ဆက်မစားတော့ဘဲ တရှုပ်ရှုပ် ငိုတော့သည်။

သူမဘဝမှာ ဒီသားနဲ့ဒီအမေသာရှိတာ။ အခုတော့ ဒီနှစ်ယောက်တည်းရှိတဲ့ သားအမိလေးက ခပ်စိမ်းစိမ်းဖြစ်နေတော့ ရင်ထဲမှာ မချိ။ နာကျင်နေသည်။

သားကလည်း အခုတလော ပိန်လာလိုက်တာ အရိုးပဒေသာလားကျလို့။ မတော်လို့ တစ်ခုခုဖြစ်သွားခဲ့လို့ တတော့ ရင်ကျိုးရမှာက သူမရယ်။

www.burmeseclassic.com

www.burmeseclassic.com



"အစ် . . . အစ်ကိုလေး ကိုခင်မောင် မလာသေးဘူးလားဗျ။ ကျွန် . . . ကျွန်တော် တအားဆာနေပြီ"

"မင်းပဲလားကွ။ ငါလည်း ဆာတာပေါ့။ တောက် ဒီကောင် ဘယ်ကိုဝင်နေသလဲ မသိဘူးကွာ"

ထွန်းဇော်ရဲ့ တစ်ကိုယ်လုံး တုန်ယင်နေပြီ။ ရင်ထဲက ပူလောင်သော ဝေဒနာလည်း လိုက်တက်လာသဖြင့် နီးရာကို ကုတ်ခြစ်ဆွဲဖွဲ့နေသော Sofa ဆက်တီခုံတွေလည်း ဆုတ်ပြဲနေပြီ။

"အား"



ရင်တွင်းမှာ ပူလောင်လွန်းလှသည်။ လူးလိမ့် တွန့်လိမ်နေရတာနှင့်တင် အသက်ပင် ပျောက်တော့မလားမသိ။ တစ်ကိုယ်လုံးလည်း ယားယံနေသဖြင့် ကုတ်ခြစ်နေတာ သွေးတွေပင်စို့လို့။

မူးယစ်ဆေးဝါးကို မသိလို့ သုံးစွဲခဲ့မိတဲ့ ထွန်းဇော်တစ်ယောက် သိတဲ့အချိန်မှာ နောက်ကျနေပြီ။ အရာရာကို နောက်ကျနေပြီမဟုတ်ပါလား။

"မင်းဆီမှာ ငွေ ဘယ်လောက်ရှိသလဲ ထွန်းဇော်"

"မရှိ . . . မရှိဘူးဗျ"

"ဟာ . . . အဲဒါမှ ပြဿနာပဲ။ ဟိုကောင် ငွေမလောက်လို့ကြာနေတာ နေမှာကွ။ ငါ . . . ငါ့ဆီမှာလည်း မကျန်တော့ဘူး။ မင်း သွားဖန်ပါလား ထွန်းဇော်"

"ဟာ . . . အမေ့ဆီက ရလောက်မှာ မဟုတ်ဘူးဗျ။ အမေက ကျွန်တော့်ကို ကြည့်မှမကြည့်တာ။ ပေးမှာမဟုတ်ဘူးဗျ"

"အေးလေ . . . မရရင်တော့ တို့တွေ ဒီနေ့တော်ရုံ

www.burmeseclassic.com



ပေါ့"

"ဟာ . . . ဝတ် . . . ဝတ်လို့မဖြစ်ဘူးဗျ။ ကျွန် ကျွန်တော် အဝတ်နေလို့မဖြစ်တော့ဘူး။ ကျွန်တော် မရ ရအောင်ရှာခဲ့မယ်"

"ဟုတ်ပြီ။ ဒါ . . . ဒါဆို များ . . . များများရှာခဲ့ ကွာ။ ငါတို့များရင် ဆေးထိုးလို့ရတယ်ကွ"

"ဘာလဲဗျ . . . ဆေးထိုးလို့ရတယ်ကွ"

"ဘာလဲဗျ ဆေးထိုးတာ"

"မင်းပြီးရင် သိမှာပေါ့ကွာ။ ငါပြောသလိုသာ မင်း များများရအောင်ရှာခဲ့"

"OK ကောင်းပြီ။ ဒါဆို ကျွန် . . . ကျွန်တော် သွားတော့မယ်"

"အောင်မြင်ပါစေ ညီ"

သူ ဒယိမ်းဒယိုင် ခြေလှမ်းများကို စတင်လိုက်တာ က အိမ်သို့။

ဟူး . . . ဆေးမရလို့က မဖြစ်။ မရရအောင်ကို





ယူမှဖြစ်မှာ။ အမေ ငါ့ကို ပိုက်ဆံပေးမှ ပေးပါ့မလားမသိ ဘူး။ တော်ကြာ မပေးရင် ဒုက္ခရယ်။ ဟာကွာ . . . မပေး လည်းဘာဖြစ်လဲ။ ခိုးမှာပေါ့။ ခါတိုင်းလည်း ခိုးနေကျပဲဟာ။

သူ့ခြေလှမ်းတွေက အိမ်သို့လျှောက်အလာ အိမ် မရောက်မီ ဝတ်မှုန်တို့အိမ်ရှေ့လည်းအရောက် အိမ်ထဲက ဝတ်မှုန်က အစိမ်းနုရောင်ဝမ်းဆက်ကလေးနှင့် ဈေးခြင်းဆွဲ ကာ ထွက်အလာ သူနှင့်ပက်ပင်းတိုးပြီ။

"ဟယ် . . . ထွန်းဇော် နင် ဘယ်သွားမလို့လဲ"

သူမကိုမြင်တော့ ထွန်းဇော် ခေါင်းလေး တခြား ဘက်သို့လှည့်လိုက်တော့ . . .

"ဟဲ့ . . . နင် ဘာဖြစ်နေတာလဲ"

သူမဖြေ။ တစ်ကိုယ်လုံးတုန်ယင်ကာ ကုတ်ခြစ် ရာတွေနှင့် ပြည့်နေသော သူ့ပုံစံကို ဝတ်မှုန်က အံ့သြစွာ ဖြင့် ကြည့်ကာ . . .

"နင် . . . နင် ရန်ဖြစ်လာတာလား"

"ကျွတ် . . . စကားများလိုက်တာ ဝတ်မှုန်ရေး ငါ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်တော့မလို့နော်။ ကဲ . . . သိပြီမဟုတ်လား။ လစ်တော့ ငါလည်း လစ်ပြီ"

သူ့အသံတွေက ကတုန်ကယင်နှင့်မို့ ဝတ်မှုန် သူ့ကိုကြည့်ကာ သံသယဝင်လာပြီ။ ထို့ကြောင့် သူ သွားမည့် လမ်းကိုပိတ်ရပ်လိုက်ကာ အသံမာမာနှင့် . . .

"နင် ဘာဖြစ်လာတာလဲ ထွန်းဇော်။ ငါ့ကို ပြောစမ်း"

"ကျွတ် . . . နင် အနာပဲ ငါ့ဘာငါဘာဖြစ်ဖြစ်ပေါ့။ နင်နဲ့ ဘာဆိုင်လဲ"

နင်နဲ့ဘာဆိုင်လဲတဲ့။ ဒီစကားကြောင့် ဝတ်မှုန်ရဲ့ ရင်ထဲမှာ နာကျင်သွားကာ မဲ့ပြုံးလေး တစ်ချက်ပြုံးလိုက်ကာ . . .

"အေး . . . ငါနဲ့တော့ ဘာမှမဆိုင်ဘူး။ နင်ဟာ ငါ့သူငယ်ချင်းမို့လို့ ငါက စေတနာနဲ့မေးတာ။ နင်က လက်မခံဘူးဆိုလည်း သဘောပဲ"

သူမ စိတ်ဆိုးဆိုးနဲ့ လှည့်ထွက်သွားမည်အပြု





ထွန်းဇော် သူမ၏ရျေးခြင်းထဲမှ ပိုက်ဆံအိတ်ကို လှမ်းမြင်လိုက်သည်။ ထိုအခါ သူ့လေသံချက်ချင်း ပြောင်းသွားကာ သူမ၏ပခုံးလေးကို လှမ်းဆွဲလှည့်လိုက်ပြီး . . .

"နေ . . . နေပါဦးဟ။ နင်ကလည်း ငါ . . . ငါ စကားမှားသွားလို့ပါဟ။ ဟိုလေ . . . ဟို . . . ငါ နေမကောင်းဖြစ်နေလို့ဟ။ အဲ့ . . . အဲ့ဒါ နင့်ဆီမှာ ဆေး . . . ဆေးလေးများ . . ."

သူ့စကားပင် မဆုံးသေး သူမ၊ သူ၏နဖူးလေးကို လက်ဖြင့် ကပျာကယာစမ်းလိုက်ကာ . . .

"ဟယ် . . . ဟုတ်သားပဲ။ နင် ကိုယ်တွေ တအား ပူနေတာပဲ။ စောစောက အဲဒီလိုပြောပေါ့ဟယ်။ ငါ ဆေးတိုက်မှာပေါ့။ ခဏနော် . . . ငါ အိမ်ထဲဝင်ပြီး ဆေးသွားယူလိုက်ဦးမယ်"

ဝတ်မှုန် ပြောပြောဆိုဆို ခြင်းတောင်းကိုချကာ အိမ်ထဲသို့ လျင်မြန်စွာ ဝင်သွားပြီ။

ထွန်းဇော် အိမ်ထဲသို့ ဝင်သွားသောဝတ်မှုန်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ ဝတ်မှုန်အိမ်ထဲသို့ရောက်သွားတော့မှ ဆွဲခြင်းထဲမှ ပိုက်ဆံအိတ်ကို လှမ်းယူလိုက်ကာ ဇစ်ဖွင့်လိုက်ပြီး ပိုက်ဆံတွေ အကုန်လုံး နှိုက်ယူလိုက်သည်။ ပြီးတော့ ဇစ်ပြန်ပိတ်ကာ ခြင်းတောင်းထဲ ပြန်ထည့်လိုက်ပြီး အိမ်သို့ တစ်ချိုးတည်း လစ်ပြေးတော့သည်။





လက်တစ်ဖက်မှ ရေခန်ခွက်ကိုကိုင်ကာ ကျန်တစ်ဖက်မှ ဆေးတွေ ကိုင်လာသော ဝတ်မှုန် ခြံရှေ့ရောက်သည်နှင့် ထွန်းဇော်ကို မတွေ့တော့။ လမ်းဘေးဘီကို လှည့်ကြည့်တော့လည်း မတွေ့။

"ဟင် . . . သူ . . . သူ ဘယ်ရောက်သွားပြီလဲ"

"ဟင်"

သူမ ခြင်းထဲက ပိုက်ဆံအိတ်ကို သတိပြုမိသွားသည်။ ပိုက် . . . ပိုက်ဆံအိတ်က ပြားချပ်နေပါလား။ ငါ ဆည့်လာတုန်းက အပြည့်အညပ်နဲ့ ဖောင်းအိလို့။ အခု . . .



www.burmeseclassic.com

www.burmeseclassic.com



အခု ပြားနေပါလား။

သူမ ထိတ်လန့်မှုနှင့်အတူ ဆေးနှင့်ရေခွက်ကို ပစ်ချလိုက်ကာ ပိုက်ဆံအိတ်လေးကို ကောက်ယူဖွင့်ကြည့်လိုက်ရော့ . . .

"ဟင်! ပိုက် . . . ပိုက်ဆံတွေ မရှိတော့ပါလား။ ငါ့ပိုက်ဆံတွေ တစ်ပြားမှ မရှိတော့ပါလား . . . တောက် ထွန်းဇော်"

သူမ နှုတ်ခမ်းလေးကိုက်ကာ အသားများ ဒေါသကြောင့် တဆတ်ဆတ်တုန်လာပြီ။

ငါကတော့ နင့်အပေါ် စေတနာထားလိုက်ရတာ။ နင်ကတော့ ငါ့အပေါ် သိပ်ရက်စက်တာပဲ။ ငါ အခုပျောက်သွားတဲ့ပိုက်ဆံတွေကို မနမြောဘူး ထွန်းဇော်၊ ဒါပေမဲ့ နင့်ရဲ့စိတ်ဓာတ် ဒီလောက်အောက်တန်းကျသွားပြီဆိုတာ ငါ သိလိုက်တဲ့အတွက် နင့်ကို စွန့်လွှတ်ရတော့မှာ နမြောလိုက်တာ။ နင်ဟာ ငါ့ရဲ့စေတနာတွေကို တန်ဖိုးမထားတတ်ဘူး။ ဒီတော့ နင့်ရဲ့ကံကြမ္မာကို နင် ဖန်တီးတာပဲ ထွန်းဇော်၊





ဒီနေ့ကစပြီး နင့်ကို ငါ သံယောဇဉ်အပြတ်ပဲ ထွန်းဇော်။

သူမ အံတင်းတင်းကြိတ်ကာ မျက်ရည်ကလေးများ ကျလာလေပြီ။

ငါ သိပ်ချစ်တဲ့နင့်ကို ငါလေ တန်ဖိုးထား မြတ်နိုးအပ်တဲ့ အမျိုးကောင်းသားတစ်ယောက် သိပ်ဖြစ်စေချင်တာ ဟာ၊ အခုတော့ . . . နင် . . . နင်က . . .

သူမ၏မျက်ရည်မြစ်နှစ်စင်းက ပါးပြင်ကို ဖြတ်ကျော်ကာ စီးဆင်းသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုန်စုံဆိုင်လေးထဲမှာ ထိုင်ပြီး ဆားထုပ်ကလေးတွေ ထုပ်နေသော ဒေါ်လှခင်တစ်ယောက် ဆားတွေထုပ်နေရင်း သားလုပ်သူရဲ့မျက်နှာကို မြင်ယောင်လာမိသည်။

အင်း . . . ငါ့သားလေး . . . ငါ့သားလေး ငါ စိတ်ဆိုးနေလို့ သူ့ခမျာ မစားနိုင် မအိပ်နိုင်ရှာတာ။ အခုတော့ဖြင့် ပိန်လာလိုက်တာ မြင်ရက်စရာတောင် မရှိရာဘ်။

အင်း . . . ငါ စိတ်လျှော့လိုက်တော့မယ်။ နို့မို့ သားလေး မကျန်းမမာဖြစ်လာရင် ငါ့မှာ ဒုက္ခရယ်။

သူ့ခမျာ ဆိုးသာဆိုးရှာတာ အမေ စိတ်ဆိုးနေတော့ သူ့ခမျာ မနေတတ် မထိုင်တတ်နဲ့၊ တမှိုင်မှိုင် တတွေ



တွေရယ်။ သူလေးလည်း မအေကို ချစ်ရှာမှာပေါ့။ ဒီတစ်ခါ သူ စကားလာပြောရင် ငါ အလိုက်ထိုက်လေးနေမှရယ်။

ဒေါ်လှခင်တစ်ယောက် သားက သူမစိတ်ဆိုးလို့ တမှိုင်မှိုင် တတွေတွေဖြစ်နေတာ မှတ်တယ်။ အမှန်တော့ သူသားသာ ဘိန်းစွဲလို့ တမှိုင်မှိုင် တတွေတွေဖြစ်နေတာသာ သိရင်ဖြင့် ဒေါ်လှခင်မှာ . . .

"အမေ"

ခေါ်သံကြောင့် သူမ လှည့်ကြည့်လိုက်တော့ သားက ဆိုင်ပေါ်တက်လာကာ သူ့အနားမှာ လာထိုင်နေပြီ။

ကြည့်စမ်းပါဦး။ ဒင်းလေး တစ်နေ့တခြားကို သိသိသာသာကြီး ပိန်လာလိုက်တာ။ လေတိုက်ရင်တောင် တိုင်ကို ဖက်ထားရတော့မလို ခန္ဓာကိုယ်လေးရယ်။

"ဘာလဲ သား"

အမေ သူ့ကိုပြန်စကားပြောသဖြင့် သူ နည်းနည်းအားတက်သွားသည်။ စကားသံလေးကလည်း ခပ်ပျော့ပျော့ကိုး။

www.burmeseclassic.com



"သားကို မုန့်ဖိုးပေးပါလား"

"သား ဘာစားချင်လို့လဲ။ အမေ ဝယ်ကျွေးမယ်လေ"

"သား မုန့်ဖိုးပဲ ရချင်တာ အမေရဲ့"

"သားရယ် သားကို အမေ ပိုက်ဆံပေးလိုက်ရင် သားက မဟုတ်ကဟုတ်ကတွေပဲ လျှောက်လုပ်တဲ့ဟာ အမေ သားကို ပိုက်ဆံပေးဖို့က မနှမြောပါဘူး သားရယ် အမေ့သားလေး ပျက်စီးသွားမှာကို အမေက ကြောက်ထ

"အမေကလည်း သား ဖဲမရိုက်၊ အရက်မသော တော့ပါဘူး။ အမေ မကြိုက်ဘူးဆိုလို့ ဒါတွေကို သားဖြ နေပါပြီ"

"ဟင် . . . သား အဲဒါတွေကို ဖြတ်တယ်လို့ ကြ ရတော့ အမေ ဝမ်းသာပါတယ်။ ဒါဆို သား အခု ပိုက် တောင်းတာ ဘာလုပ်ဖို့လဲ"

အမေ့အမေးကို သူ ရုတ်တရက် မဖြေနိုင်။

"ဟိုဟို . . . ကိုကြီးကျော်ကျော်လေ ကိုကြီး



ကျော်"

"ဟင် . . . ကျော်ကျော် ဘာဖြစ်လို့လဲ"

"ဘာ . . . ဘာမှ မဖြစ်ပါဘူး အမေရဲ့။ ဟို . . . ဟိုလေ သူ . . . သူနဲ့အတူတူပါခဲ့တဲ့ သူ့သူငယ်ချင်းလေး၊ အမေ သိလား"

သားလုပ်သူ၏စကားကြောင့် သူမ စဉ်းစားဟန် ပြု တော့ . . .

"ဟိုလေ အမေရာ ကိုကျော် သားတို့အိမ်ကို စ ရောက်တုန်းက လိုက်လာတဲ့လူလေ"

"ြော် . . . သိပြီ . . . သိပြီ။ အဲဒါ ဘာဖြစ်လဲ သား"

"ဒီနေ့ သူ့မွေးနေ့လေ၊ အဲဒါ သား လက်ဆောင် ပေးချင်လို့"

"ဒါများ သားရယ် စောစောကပြောရောပေါ့"

အမေက ပြောရင်းဆိုရင်းနှင့်ပင် ပိုက်ဆံသေတ္တာ လေးကိုဖွင့်ကာ တစ်ထောင်တန်ငါးရွက်ကို ထုတ်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

အမေလှမ်းပေးသောပိုက်ဆံကိုကြည့်ကာ မျက်နှာရှုံ့သွားသည်က သူ။

"ဟာ . . . အမေကလည်း ဒီလောက်တည်းနဲ့ ဘယ်လိုလုပ်လောက်မှာလဲ"

"သားရယ် အခုတလော အမေ ဈေးရောင်းပါးနေတယ်ကွယ့်။ ဈေးဖိုးတောင် ချေးတာနေရတယ်"

အမေ့စကားကြောင့် သူ့မျက်နှာစူပုပ်နေပြီ။ အမေလှမ်းပေးသော ပိုက်ဆံကို သူ လှမ်းယူလိုက်ပြီးနောက် အကျီအိတ်ထဲထည့်လိုက်သည်။ ဘောင်းဘီအနောက်အိတ်ထဲမှာလည်း ဝတ်မှုန်ရဲ့ ပိုက်ဆံတွေက အပြည့်အနှပ်

"မလှခင် ဒီမှာ ဈေးမှာတာတွေ"

"ဩော် . . . ဟုတ်ကဲ့။ လာပြီ . . . အစ်မရေ . . . လာပြီ"

ဆိုင်ရှေ့မှ ဆွဲခြင်းကြီးနှင့် မိန်းမတစ်ယောက်ရပ်လာတော့ အမေ ဆိုင်ပေါ်မှ ကပျာကယာဆင်းသွားပြီ



ခွင်ပဲ . . .

အမေဆိုင်ပေါ်မှ ဆင်းသွားသည်နှင့် သူ ပိုက်ဆံသေတ္တာကိုဖွင့်ကာ ရှိသမျှ ငွေတွေအကုန် သိမ်းကြုံးလိုက်တော့သည်။

ပြီးတော့ အကျီရင်ဘတ်ထဲကို ထည့်လိုက်ကာ ကပျာကယာထပြီးနောက် ဆိုင်ပေါ်မှ ဆင်းသွားတော့သည်။ ဆိုင်ရှေ့အရောက် အမေက သူ့ပစ္စည်းတွေ သူ့မျှားခြင်းထဲမှ ရွေးယူနေပြီ။

"အမေ . . . သားသွားပြီနော်"

"အေး . . . အေး . . . သား။ အေးအေးဖြည်းဖြည်းသွားနော် သား"

ဒေါ်လှခင် သားဖြစ်သူ၏ ကျောပြင်ကို ကြည့်ကာ ပြုံးမိသည်။ အင်း . . . ငါ့သားလေး လွတ်လွတ်လပ်လပ်နေပါစေလေ။

သူမ ပစ္စည်းများကို သယ်ကာ . . .

"ကျေးဇူးပဲနော် အစ်မ။ ကျွန်မက ဆိုင်စောင့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လို့ ဈေးမသွားအားဘူးလေ"

"ရပါတယ် မလှခင်ရယ်။ ဘာအပန်းကြီးတာ မှတ်လို့။ ပစ္စည်းမှ မများဘဲ။ ကဲ . . . ကျွန်မလည်း သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ အစ်မ"

ဒေါ်လှခင် ပစ္စည်းများကို ဆိုင်ပေါ်တင်နေတုန်း ဈေးဝယ်တစ်ယောက် ရောက်လာကာ . . .

"မလှခင် ကျွန်မကို ခြင်ဆေးခွေတစ်ဘူးလောက်"

"ဟုတ်ကဲ့"

သူမ ခြင်ဆေးခွေဘူးကို လှမ်းယူနေစဉ် . . .

"ဘယ်လောက်လဲ မလှခင်"

"လေးရာ့ငါးဆယ်ပါ"

"ရော . . . ပိုက်ဆံ"

ဒေါ်လှခင် သူမ လှမ်းပေးသောပိုက်ဆံကို လှမ်းယူလိုက်သည်။ ပိုက်ဆံက တစ်ထောင်တန်ရယ်။

"ခဏနော် အစ်မ။ ကျွန်မ ပိုက်ဆံပြန်အမ်းဖို့"



ဒေါ်လှခင် ပိုက်ဆံပြန်အမ်းရန် ဆိုင်ပေါ်ကို တက်လာကာ ပိုက်ဆံဘူးဖွင့်လိုက်တော့ . . .

"ဟင်"

ပိုက်ဆံသေတ္တာက ဟာလာဟင်းလင်းဖြစ်နေပြီ။ ရက်စက်လိုက်တာ ထွန်းဇော်ရယ်။

သူမ ပိုက်ဆံသေတ္တာကို ဖွင့်ရင်း သားဖြစ်သူရဲ့ လုပ်ရပ်ကို ကြေကွဲစွာနောင်တရနေရင်း . . .

"အစ်မ ပိုက်ဆံအမ်းဦးလေ"

"ဪ . . . ဟို . . . ခဏနေမှ လာပေးလိုက်လေ။ ပြန်အမ်းဖို့ အကြွေမရှိလို့ပါ"

"ဟုတ်ကဲ့ . . . ဒါဆို ခဏနေမှ ပြန်လာပေးမယ်နော်"

သူမ လက်ထဲမှကိုင်ထားသော ပိုက်ဆံတစ်ထောင်တန်ကို ပြန်ပေးလိုက်တော့ ဈေးဝယ်က ပြန်သွားပြီ။

သူမ ဟာလာဟင်းလင်းဖြစ်နေသော သေတ္တာသို့ ကြည့်ကာ မျက်ရည်လေးများ ကျလာပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလထဲမှာ အရောင်းက ပါးလာသောကြောင့် ဈေး

ဗိုးတောင် ငြိုးငြိုးနေသော သူမ။ အခုတော့ ပိုက်ဆံတွေ

အကုန်ကုန်ပြီ။ ဒီနေ့မြတ်မှ မနက်ဖြန် ပြန်ဝယ်ထည့်နိုင်တဲ့

ဟာ။ အခုတော့ . . .

သားရယ် . . . မင်း ဘယ်တော့မှ နောင်တရမလဲ

ကွယ်။

"ဒေါ်လေး"

"ဟော"

ဆိုင်ပေါ်တက်လာသူက ဝတ်မှုန်ရယ်။

"ဩော် . . . သမီး ဝတ်မှုန်။ လာ တက်ခဲ့လေ"

ဝတ်မှုန်က သူမအနားတွင် လာထိုင်ကာ . . .

"ဒေါ်လေး မျက်နှာလည်း မကောင်းပါလား။ ဘာ

ဖြစ်လို့လဲ"

"ဟင်း . . . ပြောမပြောချင်ပါဘူး သမီးရယ်

ထွန်းဇော်လေ ဒီနေ့ ရောင်းရတဲ့ဈေးဖိုးတွေ အကုန်ယူသွား

တယ်"





"ရှင်"

ဈေးဖိုးတွေ အကုန်ယူသွားသတဲ့။ မိုက်ရိုင်းလိုက်

တာ။ မိဘကို တစ်စက်မှ မကူညီဘဲနဲ့ မိဘရှာတဲ့ပိုက်ဆံ

တို့ တစ်ပြားမကျန် အကုန်ယူသွားရသည်တဲ့။

သူမ ဒေါ်လေးလှခင်ကို ကြည့်လိုက်တော့ မျက်

ရည်လေး တစမ်းစမ်းနှင့်ဖြစ်နေပြီ။

"ထွန်းဇော် သိပ်ဆိုးနေပြီ သမီး။ ဒေါ်လေးက သူ့

ကို စကားမပြောဘဲနေတာ ခင်းကလေး တအားပိန်လာလို့

ဒါက စိတ်မကောင်းဖြစ်ပြီး ဒီနေ့မှ သူ့ကို စကားလေး ပြန်

ပြောမိပါတယ်။ အခုတော့ သူက . . ."

ဒေါ်လှခင်ရဲ့အသံက တိမ်ဝင်သွားပြီ။

"ဟုတ်တယ် ဒေါ်လေး။ ဝတ်မှုန်လည်း အခု

တလော ထွန်းဇော်ကို သတိထားပြီးကြည့်မိတယ် သိလား။

သူ အခုတလော တအားပိန်လာတယ်။ ပြီးတော့ မျက်တွင်း

လည်း တအားဟောက်လာတယ်။ ပြီးတော့လည်း ကတုန်

ကယင်နဲ့။ အသံကလည်း လေးလေးပင်ပင်ကြီး။ ဒီကြားထဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာက ဘာတွေအိပ်ရေးပျက်နေသလဲ မသိဘူး။ အမြဲ တမ်း သန်းနေတယ်။ မျက်လုံးတွေလည်း မှေးစင်းစင်းနဲ့။ မျက်နှာမှာလည်း ကုတ်ခြစ်ရာတွေကို မနည်းဘူး။ ဒီမနက် လည်း သမီးနဲ့တွေ့တော့ ကိုယ်တွေ ပူနေတယ်"

"ဟင် . . . သား ကိုယ်တွေပူနေတယ် ဟုတ်လား"

"ဟုတ်တယ် အန်တီ။ မနက်တုန်းက သူနဲ့သမီး တွေ့တော့ . . . . . . . . . . . . . . . . . . "

"ဟင် . . . ဒါ . . . ဒါဆို သူက သ . . . သမီးရဲ့ ပိုက်ဆံတွေရော ယူသွားတာပေါ့"

ဒေါ်လှခင်၏ မျက်လုံးတွေက အံ့ဩမှုကြောင့် ဝိုင်း စက်သွားသလို အသံတွေကလည်း တုန်တုန်ယင်ယင်နှင့်။ သားက ပိုက်ဆံယူတယ်ဆိုပေမဲ့ သူမဆီမှာပဲ ယူဖူးတာ။ အခုတော့ သူများဆီကပါ ခိုးနေပြီတဲ့။ သား ပိုက်ဆံတွေ ဘာကြောင့် ဒီလောက်ယူနေတာလဲ။ သား ဘာတွေလုပ် နေတာလဲ။ ဘုရား . . . ဘုရား . . . မဟုတ်မှလွဲရော သား





လေး ဘိန်းတွေများ သုံးနေသလား မသိဘူး။

"ဟုတ်တယ် ဒေါ်လေး။ အဲဒါ ဒေါ်လေးကို သမီး လာပြောတာ။ သမီး သူယူသွားတဲ့ပိုက်ဆံကို နမြောလို့ လာ ဆိုင်တာ မဟုတ်ဘူးနော်။ ထွန်းဇော် ဆိုးတယ်ဆိုတာ သမီး သိတယ်။ ဒါပေမဲ့ အရင်က ထွန်းဇော်ဆိုတာ သူများပိုက်ဆံ ယူတဲ့လူမဟုတ်ဘူး။ အခု ယူနေပြီ။ ဒါကြောင့် သူ ပိုပျက်စီး သွားမှာကြောက်လို့ သမီး ဒေါ်လေးကို လာပြောတာပါ"

"ကျေး . . . ကျေးဇူးတင်ပါတယ် သမီးရယ်"

"ထွန်းဇော်လေ ပိုက်ဆံတွေ ဒီလောက်ယူပြီး ဘာ လုပ်နေတာလဲ မသိဘူးနော်"

"ဒေါ်လေးလည်း မသိပါဘူး သမီးရယ်"

"ဒေါ်လေး သမီးပြောမယ် စိတ်မဆိုးနဲ့နော်"

သူမစကားကြောင့် ဒေါ်လှခင် မျက်နှာငယ်လေး နဲ့ သူမကိုကြည့်လိုက်မိသည်။

"သူ ဒီလောက်ပိုက်ဆံတွေလုပ်နေတာ မိုးများ ရှိနေလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟင် . . . ဗိုးများသုံးနေသလား မသိဘူးတဲ့။ ဘုရား ဘုရား . . . ဝတ်မှုန်ရဲ့စိတ်က ငါနဲ့ထပ်တူဖြစ်လို့ပါလား။ ဘုရား . . . ဘုရား . . . သားလေး . . . အို . . . မ . . . မဖြစ်ပါစေနဲ့ . . . မဖြစ်ပါစေနဲ့။

"သမီး . . . အဲဒါ ထွန်းဇော်ရဲ့ပုံစံကိုကြည့်ပြီး ပြောနေတာ ဒေါ်လေးရဲ့။ သူ့ရဲ့ပုံစံက အခုတလော မှုမမှန်ဘူးလို့ သမီး ထင်တယ်"

ဟုတ်တယ်။ ဒါကိုလည်း သူမ သတိထားမိတာပဲ။ မှတ်မှတ်ရ ကျော်ကျော်တို့အိမ်က ပြန်လာကတည်းက ရယ်။ ဒီကောင်တွေ သားကိုများ သမီးဝတ်မှုန်ပြောသလို ဗိုးတွေများ ကျွေးလိုက်သလား မသိဘူး။ ဘုရား တပည့်တော်မကို ကယ်ပါ ဘုရား။ သားလေး ဗိုးစွဲတယ်ဆိုတာ မဖြစ်ပါစေနဲ့။

သူမ မျက်ရည်မနိုင်ဖြစ်လာပြီ။ သူမ မျက်ရည်ကျလာတာမြင်တော့ ဝတ်မှုန်က ပျာပျာသလဲဖြင့် . . .

"ဟို . . . ဒေါ် . . . ဒေါ်လေး . . . သမီးက သမီး



အထင်ကို ပြောတာပါ။ ဒီအတိုင်းကြီး မမှတ်ပါနဲ့။ ထွန်းဇော် ဒီလောက်အထိတော့ မိုက်လှောက်မှာ မဟုတ်ပါဘူး"

"အေးလေ . . . သမီးပြောသလိုပဲ။ သူ ဒီလောက် အထိ မမိုက်ပါစေနဲ့လို့ပဲ ဘုရားမှာ ဆုတောင်းရုံပေါ့ သမီး ရယ်"

ထိုစဉ် ဆိုင်ရှေ့သို့ ဗင်ကားလေးတစ်စင်း ရပ်လာတာ ကားပေါ်မှ အမျိုးသမီးကြီးတစ်ဦး ဆင်းလာပြီ။

"ညီမလေးရေ . . . ညီမလေး"

"ဟယ် . . . မမ။ ကျွန်မ ဆိုင်ပေါ်မှာ တက်ခဲ့လေ"

"အေး . . . အေး"

ခပ်ဝဝအမျိုးသမီးကြီးက ဆိုင်ပေါ်တက်လာကာ သူတို့အနားတွင် ဝင်ထိုင်လိုက်တော့ ဒေါ်လှခင်က . . .

"အစ်မကြီးတို့ ပဲခူးသွားတယ်ဆို။ တူလေး ပြောတယ်"

"ဟုတ်တယ် ညီမလေးရေ။ အခုမှ ပြန်လာတာ။ အဲဒါ အိမ်မပြန်ခင် ဒီကို အရင်ဝင်လာတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . ဒါနဲ့ တူလေးက မင်္ဂလာဆောင်တော့မှာဆို"

"ဟုတ်တယ် ညီမလေး။ အဲဒီကိစ္စနဲ့ပဲ မမတို့ အလုပ်ရှုပ်နေရတာ"

"အင်း . . . မမတို့တော့ သားကောင်းရထားတာပဲနော်"

"ဘာဖြစ်လို့လဲ"

"ဩော် . . . ကျော်ကျော်လေးက သဘော်သားဆိုတော့ ငွေရှာကောင်းတယ်လေ။ ပြီးတော့ လိမ်လည်းလိမ္မာရှာတာပဲဟာ"

"ဟင်း"

ဒေါ်မြခင် သက်ပြင်းချလိုက်မိသည်။

"ဒါက အများအမြင်ပေါ့ ညီမလေးရယ်။ မမတို့မှာဖြင့် ရက်လွန်းလို့ကို ဘယ်သူ့မှကို မပြောရဲတာ"

"ဘာဖြစ်လို့လဲ မမရဲ့"

"ညည်းတူ ကျော်ကျော်ပေါ့အေး၊ ဖိုးစားတယ်အေ့"



"ရှင်"

ဒေါ်မြခင်၏စကားကြောင့် ဒေါ်လှခင်ရော ဝတ်မှုန်ာ မျက်လုံးမြူးကာ တစ်ယောက်ကိုတစ်ယောက် ကြည့်တ်ကြပြီ။

"ဟုတ်တယ် ညီမလေး။ မမလည်း သားကို ဘယ်ိုတားတား မရဘူး။ နေ့တိုင်း မမမှာလေ မျက်ရည်နဲ့ာ်စွက်ချည်း။ အရိုးများပြောင်းသွားမလားဆိုပြီး အခုန်းမပေးစားမလို့လေ"

အစ်မလုပ်သူ၏စကားကို ဒေါ်လှခင် ဘာမှမကြား။မနားထဲမှာ ပဲ့တင်ထပ်နေတာက ညည်းတူကျော်ကျော်စားတယ်အေ့ ဆိုတာကိုပဲ ကြားနေတာရယ်။

ဘုရား . . . ဘုရား . . . သားလေးလည်း . . . ားလေးလည်း . . . သူမ ဆက်ပြီးမတွေးတော့။ တွေးည်း မတွေးရဲတော့။ မျက်ရည်လေးများပင် ဝဲလာပြီ။

သားတစ်ယောက် ဖိုးစားနေပြီဟု သိလိုက်သောခင်တစ်ယောက်၏ ရင်တွင်း ခံစားမှုသည်ကား . . .

www.burmeseclassic.com



ရပ်ကွက်ထဲရှိ တစ်လုံးတည်းသော အိမ်စုတ်ကြီး။ အိမ်ကြီးက ဂိုဒေါင်ပျက်ကြီးလိုလိုပ။ လူမနေတာ ကြာပြီမို့ထင်။ အိမ်ကြီးက တိတ်ဆိတ်လို့။

ဒီတိတ်ဆိတ်မှုကို အခွင့်ကောင်းယူနေတာက လူသုံးယောက်ရယ်။ ဂိုဒေါင်ပျက်ကြီးနောက်မှာ ငုံ့နေကြတာ။

"ငါ ပိုက်ဆံမလောက်လို့ အပ်တစ်ချောင်းပဲ ဝယ်ခဲ့တယ် ဟော့ကောင်ရေ"

ခင်မောင့်စကားကို ကျော်ကျော်က . . .



"ဟော့ကောင် ဘာမှမဖြစ်ဘူး။ တို့သုံးယောက်လုံး ယုံကြည်ရတဲ့လူတွေချည်းပဲ။ ဖိုးသမားအချင်းချင်းပဲ ဘာမှ မယုံကြည်စရာမရှိဘူး"

ကျော်ကျော်က ထွန်းဇော်ကို လှည့်ကြည့်လိုက်ပြီ။ သူ့ခမျာ တအားဆာနေရှာပြီထင်။ နှုတ်ခမ်းတွေပင် ပြာအောနေပြီး တစ်ကိုယ်လုံး နတ်ကျသလိုပင် ဖြစ်နေပြီ။

"ဟော့ကောင် ညီ မင်းရောထိုးမှာလား"

"ကျွန် . . . ကျွန်တော် တစ်ခါမှ မထိုးဖူးဘူး အစ်ကိုလေး။ ကျွန်တော် ဆေးလိပ်ပဲ သောက်ချင်တယ်"

"ကျွတ် . . . ဆေးလိပ်က မရဘူးကွ။ ပိုက်ဆံက ဒီပုလင်းဖိုးတောင် မလောက်လို့ သုံးယောက် မျှထိုးရမယ့်ဟာ"

ခင်မောင့်စကားကြောင့် သူ ခေါင်းကုပ်လိုက်ကာ

"ပြီးရောဗျာ။ တစ်ခါပဲ ထိုးတာ။ ဘာမှဖြစ်မသွားပါဘူး။ ကျွန်တော် ထိုးမယ်။ ဒါပေမဲ့ ကျွန်တော် မလုပ်တတ်ဘူးနော်"

www.burmeseclassic.com



သူ့အသံက တုန့်တုန့်ယင်ယင်ကြောင့် ခင်မော

က . . .

"ဒါ ငါ့တာဝန်ထားပါကွာ။ ကဲ . . . ကျော်ကျေ

မင်းကို ငါ အရင်လုပ်ပေးမယ်"

ကျော်ကျော်က လက်ကအကျီလက်ရှည်ကို

လိုက်ကာ လက်သလုံးအထက်နားကို ဆုပ်ကိုင်ပြီး ခင်မော

ရှေ့သို့ ထိုးပေးလိုက်သည်။

"အား"

ကျော်ကျော်ရဲ့ Feeling Voice က ညင်သာ

ထွက်လာပြီ။ ပြီးတော့ မျက်လုံးလေးတွေ မှေးစင်းသွား

နတ်ပြည်တက်သွားပြီ။

ဒီတစ်ခါ သူ့ရဲ့အလှည့်။ သူ့ကိုထိုးမည်လုပ်တော

အဆာလွန်နေလို့လား မသိ။ ခင်မောင့်လက်တွေ တုန်ယ

နေပြီ။ အပ်ကိုင်တဲ့လက်တောင် ကတုန်ကယင်နဲ့ရယ်။

သူလည်း အကျီလက်ပင့်ကာ လက်သလုံးအ

နားအောက်ကို ဖိညှစ်လိုက်တော့ ခင်မောင့်အပ်ဖျားက





လက်သလုံးထဲကို ထိုးဝင်သွားပြီ။

"အား"

သူ့မျက်ခွံလေးတွေ မှေးစင်းလာတာ တစ်ကိုယ်

လုံးရှိ အကြောအချဉ်များ ကြွတက်လာပြီး ငြိမ်သက်သွား

တော့သည်။

သွားလေပြီ နတ်ပြည်ကို။ နတ်သမီး ငါးထောင်

နှင့် စည်းစိမ်ခံဖို့။

အလွန်ပြီးပြည့်စုံတဲ့ လောကီစည်းစိမ်ပါပေလား။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြခင်က ငိုကြီးချက်မနှင့် သူ့သားအကြောင်း ပြောပြီး ပြန်သွားပြီ။

ဆိုင်ထဲမှာ တိတ်ဆိတ်စွာဖြင့် ကျန်နေကြသည် က ဝတ်မှုန်နှင့် ဒေါ်လှခင်တို့။ နှစ်ယောက်လုံး စကားမပြော ဘဲ ခေါင်းလေးငုံ့ပြီးနေနေကြတာ။ လူကသာ ငြိမ်နေ တာပါ။ စိတ်ထဲမှာက ပေါက်ကွဲလုစ မီးတောင်ကိုယ်စီနှ မဟုတ်ပါလား။

ဒေါ်လှခင်၏ရင်ထဲမှာကား သားတစ်ယောက် ဆုံးရှုံးသွားသော ဘဝကို သိသဖြင့် ယူကျုံးမရဖြစ်နေသ



ဝတ်မှုန်၏ရင်ထဲမှာလည်း အရောရာနှင့်ရင်းပြီး ချစ် ခင်မြတ်နိုးရသည့် ချစ်သူတစ်ယောက် ဆုံးရှုံးရတော့မယ် ဆိုတဲ့အသိကြောင့် အသည်းနှလုံး တစ်ခုလုံးပင် လစ်ဟာ သွားသလိုပင်။

နှစ်ယောက်လုံး၏ ရင်တွင်းခံစားမှုများက ကိုယ်စီ ကိုယ်စီနှင့်မို့ ဘယ်သူမှ စကားမပြောဖြစ်ကြ။

အတန်ကြာတော့ ဝတ်မှုန်က တိတ်ဆိတ်ခြင်းရဲ့ ဒဏ်ကို မခံနိုင်တော့ဘူးထင့် . . .

"ဒေါ် . . . ဒေါ်လေး သမီးတို့ထင်သလို ထွန်းဖော် ဖြစ်နေသလား မသိဘူးနော်"

ဝတ်မှုန်၏ကြေကြေကွဲကွဲအသံကြောင့် ဒေါ်လှခင် တစ်ယောက် ခေါင်းမော့လာပြီ။

အို . . . ဒေါ် . . . ဒေါ်လေး ငိုနေတာပါလား။

"သိပ်သေချာတာပေါ့ သမီးရယ်။ ဒင်း နဂို ကတည်းက ဓာတ်ဖောက်ချင်နေတဲ့ဟာ။ ချိုတစ်ပေးလိုက် တော့ မဖောက်ပဲနေပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . ဒါဆို သမီးတို့ ဘယ်လိုလုပ်ကြမလဲ ဟင်"

"ဘယ်တတ်နိုင်မလဲ သမီးရယ်။ သူ့ကုသိုလ်နဲ့ သူ ပဲပေါ့"

"ရှင်"

"ဟုတ်တယ် သမီး။ အဲဒီဖိုးစွဲတဲ့လူတွေမှာ မိဘ မရှိဘူး။ ဘုရားမရှိဘူး။ ပြီးတော့ ချစ်သူဆိုတာလည်း မရှိ ဘူး"

"စဉ်းစားပါဦး ဒေါ်လေးရယ်။ ထွန်းဇော်ကို လွှတ် ထားလိုက်မယ်ဆိုရင် ပိုပြီးဆိုးသွားလိမ့်မယ် ဒေါ်လေးရဲ့"

"အို . . . ဆိုးလို့ သေချင်လည်း သေသွားစမ်းပါ စေ။ တန်ဖိုးမရှိတဲ့လူအတွက် နှမြောမနေစမ်းပါနဲ့။ ဒင်းက ခွေးလိုသေချင်တာပဲဟာ"

"သမီးကတော့ သူ့ကို အဲဒီလိုမဖြစ်စေချင်ဘူး ဒေါ်လေးရယ်။ သမီးလေ . . . သမီး . . . သူ့ကို . . . အဟင့် ဟင့်"





သူမ စကားမဆက်နိုင်တော့ဘဲ ငိုလေပြီ။ ဒေါ်လှ ခင် တစ်ယောက် ဝတ်မှုန်အား စိတ်မသက်မသာဖြင့် ကြည့် လိုက်ကာ . . .

"အင်း . . . ထွန်းဇော် . . . ထွန်းဇော် . . . ဒင်း ဘယ်တော့မှ ဒုက္ခပေးလို့ဝမလဲ သားရယ်"

"ဒေါ် . . . ဒေါ်လေး ထွန်းဇော်ကို ကယ်ပါဦးနော်။ သမီး တောင်းပန်ပါတယ် ဒေါ်လေးရယ်နော်"

"ဟင်း . . . ကဲပါကွယ်။ သမီးစိတ်တိုင်းကျ ဖြစ် စေရပါမယ်။ မနက်ဖြန် ရွာက ဘကြီးကို ဒေါ်လေး လူကြုံနဲ့ ခေါ်ခိုင်းလိုက်မယ်။ ဒင်း သူ့ဘကြီးတော့ ကြောက်ပါတယ်"

"လုပ်ပါဦး ဒေါ်လေးရယ်နော်"

သူမ အားကိုးတကြီးနှင့် ဒေါ်လှခင်ရဲ့လက်မောင်း ကို ဖမ်းဆုပ်လိုက်တော့ . . .

"သမီး . . . ဒေါ်လေးတို့ ထွန်းဇော် မူးယစ်ဆေးဝါး သုံးနေတာ မသိသလိုပဲ နေကြရအောင်"

"စိတ်ချပါ ဒေါ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် . . . ဒင်း အဲဒီမှူးယစ်ဆေးဝါးနဲ့ထဲ
ရှန်းထွက်နိုင်ပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့"



မှူးယစ်ဆေးဝါး၏အရှိန်က တဖြည်းဖြည်း ပြယ်
သဖြင့် စတင်လှုပ်ရှားလာသူက ထွန်းဇော်ရယ်။

ညည်းညူမှုနဲ့အတူ သူ့မျက်လုံးတွေ စတင်ပွင့်
တော့ သူ ပထမဦးဆုံးကြည့်မိသူက သူ့ဘေးနားမှာ
ပ်ပျော်နေသော အစ်ကိုလုပ်သူ ကျော်ကျော်။ သူက
ရှိန်မပြယ်သေးဘူးထင် မှိန်းနေသေးသည်။

သူ တစ်ဖက်က ကိုခင်မောင့်ကို လှမ်းကြည့်လိုက်
တော့ . . .

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေ ပြူးပြီး ကိုယ်တွေ တောင့်သွားလိုက်တာ အသက်ပင် ရှူရဲ့လားမသိတော့။ သူ့မြင်ကွင်းကလူကို ကြက်သေ သေသွားစေပြီ။

ကိုခင်မောင်တစ်ယောက် မျက်လုံးကြီး ပြူးလို့ ကိုယ်ကြီးတောင့်တင်းနေတာ။ ပါးစပ်တွေမှာလည်း အမြှုပ်တွေနှင့်။ မျက်လုံးကြီးတွေကလည်း သူ့ဘက်ကိုကြည့်နေတာ ကြောက်စရာ။

"အ . . . အစ်ကိုလေး . . . အစ်ကိုလေး"

သူ တုန်ယင်စွာဖြင့် ကျော်ကျော့်ပခုံးကို လှုပ်နှိုးသည်။ မရ။ သူ ကျော်ကျော့်ကိုသာ လှုပ်နှိုးနေတာ။ သူ့မျက်လုံးတွေက ကိုခင်မောင့်ဆီမှာသာရယ်။

"အ . . . အစ်ကိုလေး . . . အစ်ကိုလေး"

သူ ခပ်ကြမ်းကြမ်းဖြင့် နှိုးလိုက်တော့ လှုပ်ရှုံသာလှုပ်လာပြီးနောက် လှုပ်နှိုးနေသော သူ့လက်ကို ပုတ်ချလိုက်တာ ရိဝေသောအသံဖြင့် . . .

"ဘာလဲကွာ။ ဒီမှာ Feeling က မပြတ်သေးဘူး





ကွ"

ဟာ . . . ဒုက္ခပဲ။ သူကသာ Feeling မပြတ်သေးဘူး ပြောနေတာ။ ဟိုက ဂန့်နေပြီ။

"အ . . . အစ်ကို . . . ထ . . . ထစမ်းပါဦးဗျ။ ဒီဒီမှာ ကိုခင်မောင် ဘ . . . ဘာဖြစ်သွားတာလဲ မသိဘူး"

သူ့စကားကြောင့် ကျော်ကျော် ထိတ်လန့်သွားကာ ကပျာကယာနှင့် ထလိုက်ပြီးနောက် ခင်မောင့်ကိုကြည့်လိုက်ကာ . . .

"ဟာ . . . ပြ . . . ပြဿနာတော့ တက်ကုန်ပြီ"

"အ . . . အစ်ကို . . . ဘယ်လိုလုပ်ကြမလဲ"

သူ့အသံက ကြောက်လွန်းသဖြင့် တုန်ယင်နေပြီ။

"လာ . . . ညီ . . . ငါတို့ ပြေးကြမယ်"

"ဟင် . . . သူ . . . သူ့ကို ထားခဲ့ပြီး"

"မထားခဲ့လို့ မဖြစ်ဘူးကွ။ မင်းရော ငါပါ ထောင်နန်းစံရမယ့်ကိစ္စဟာ။ မင်း သူ့ကို ညှာနေရင် ငါတို့ ထောင်ထဲသွားရလိမ့်မယ်။ လာကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်က မတ်တတ်ထရပ်ပြီး ပြေးမည် အလုပ် သူက မထသေး။ ငေးကြောင်ပြီး ကိုခင်မောင့်ကို ကြည့်နေဆဲ။ ကိုခင်မောင်ရဲ့ မျက်လုံးကလည်း သူ့ကို ကြည့် နေတာ အသည်းယားစရာရယ်။

"လာစမ်းပါကွာ"

ကျော်ကျော်က သူ့လက်တစ်ဖက်ကို အတင်းဆွဲ တော့ သူ တရွတ်တိုက်ပါလာပြီ။

အတော်ဝေးဝေးရောက်တဲ့အထိ သူ့မျက်လုံးတွေ ထဲမှာ ကိုခင်မောင်၏ပုံရိပ်က ပီပြင်ထင်ရှားစွာပင် ပေါ်နေ သေးသည်။





သူ အိမ်ပြန်ရောက်တော့ အမေက မအိပ်သေး။ …အိမ့်ထဲဝင်ကာ အိမ်ပေါ်တက်မည်အလုပ် ခြေလှမ်းတွေ …ရှေ့လှေကားနားမှာ ရပ်တန့်သွားပြီ။

ဘာကြောင့် ရပ်သွားတာလဲဆိုတော့ သူ နေ့လယ် … အမေ့ဆီမှာ ပိုက်ဆံခိုးထားတာ မဟုတ်လား။ ဒီတော့ … အမေ့မျက်နှာကို သူ ရင်မဆိုင်ရဲ။ အမေက သူ့ကို …စကားပြောတာရယ်။ အဲဒါကို သူက ဒီနေ့ပဲ ပညာ …တ်တော့ အမေ သူ့ကို ဘယ်လိုသဘောထားတော့မလဲ …။ ထို့ကြောင့် သူ အမေနဲ့တွေ့ရမှာကို သိပ်ပြီးကြောက်

www.burmeseclassic.com



နေမိသည်။

သူ ကိုယ့်အပြစ်နှင့်ကိုယ် ခြံထဲမှ လှမ်းထွက်မည် အပြု။

"သား"

သူ လှည့်ကြည့်လိုက်တော့ အမေရယ်။ မျက်ရည်လေး အဝဲသားနဲ့ တံခါးဘောင်လေးကို လက်တစ်ဖက်နှင့်ကိုင်ကာ သူ့ကို ခေါ်နေတာ။

သူ အမေ့ကို သေချာကြည့်လိုက်မိသည်။ အမေရဲ့ ရုပ်ရည်က အရာရာကို ခွင့်လွှတ်နားလည်တတ်တဲ့မိခင်တစ်ယောက်ရဲ့ မေတ္တာအပြည့်နဲ့ သူ့ကို လှမ်းကြည့်နေတာ။ သူ့အပေါ်ကို အရာရာ ခွင့်လွှတ်နားလည်တတ်တဲ့ မေတ္တာကရုဏာရှင် အမေပါလား။ ဒီလိုအမေမျိုးကိုမှ သူ ပြစ်မှားမိလေခြင်းရယ်။

"သား . . . သား ဘယ်ကိုပြန်သွားမလို့လဲ၊ မိုးချုပ်နေပါပြီ သားရယ်။ အိမ်ထဲဝင်တော့နော်"

ဘယ်လောက်ဆိုးဆိုး ဘယ်လောက်မိုက်မိုက်





ခွင့်လွှတ်နားလည်တတ်တဲ့ အမေ့ရင်ခွင်။ ပြီးတော့ အမြဲတမ်း နွေးနွေးထွေးထွေးနဲ့ ကြိုနေတတ်တဲ့ အမေ့အိမ်လေး။ ဒါလေးတွေကို သူ ဥပေက္ခာပြုထားခဲ့တာ ကြာပြီပဲ။ တန်ဖိုးကြီးလိုက်တဲ့ အရာတွေကို သူ မယူတတ်ခဲ့တာပဲ။ ဟုတ်တယ် အမေ့ရဲ့ မေတ္တာ၊ အမေ့ရဲ့ အကြင်နာတွေကို သူ မယူတတ်ခဲ့တာပဲ။

သူ အမေ့ရဲ့မျက်နှာလေးကို သေချာကြည့်လိုက်မိသည်။ ပင်ပန်းလွန်းလို့လား မသိ။ အမေ့ရဲ့ ပါးရေနားရေလေးတွေတောင် ရှုံ့ကျချင်နေပြီ။ မဟုတ်ပါဘူး။ အမေ ပင်ပန်းလို့ မဟုတ်လောက်ပါဘူး။ ငါ . . . ငါ နှိပ်စက်လွန်းလို့ အမေ စိတ်ပင်ပန်းလို့ အရွယ်ကျတာပါ။

"သား . . . လာလေ သားရဲ့၊ ဘာကြည့်နေတာလဲ"

သူ လေးကန်သော ခြေထောက်တွေကို အိမ်ထဲသို့ စတင်လှမ်းလိုက်ပြီ။ အိမ်ပေါ်ရောက်တော့ အမေက နွေးထွေးတဲ့အပြုံးနဲ့ ပြုံးကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"သားလေး ထမင်းစားပြီးပြီလား"

"အမေရော . . ."

"အမေ မစားရသေးဘူး သား။ အမေ သားနဲ့ အတူတူ ထမင်းစားချင်လို့ ထိုင်စောင့်နေတာ။ အမေနဲ့သား ထမင်း အတူမစားရတာ ကြာပြီလေ"

"အမေရယ် . . ."

သူ့ရဲ့နှုတ်က အသံထွက်ရုံလေး ညည်းရုံသာ။

"သား စားမယ် မဟုတ်လားဟင်၊ သားရဲ့အကြိုက် ငါးသလောက် အမေ ချက်ပေးထားတယ်ကွယ့်။ သားလေး စားလိုက်နော်"

သူ ခေါင်းကို လေးတွဲစွာ ချလိုက်မိသည်၊ ဒါက လည်း ထမင်းမစားချင်လို့ မဟုတ်၊ အမေနဲ့ ထမင်းတစ် ဝိုင်းတည်း အတူစားရလောက်အောင်အထိ သူနဲ့အမေ့ မေတ္တာ မတန်ဘူးဟု သူ ထင်ထားသောကြောင့်ပင်။

သူတို့သားအမိနှစ်ယောက် ထမင်းဝိုင်းတွင် ထိုင် လိုက်ကြတော့ အမေက သူ့ပန်းကန်ထဲ ငါးသလောက်တုံး ကြီးကို ထည့်ပေးလိုက်တာ . . .



"သား . . . ဝအောင်စားနော်၊ အမေက သား ကြိုက်တတ်တယ်ဆိုလို့ အများကြီး ချက်ပေးထားတာ။ သား စားနော်"

"ဟုတ်"

သူ ခေါင်းလေးငုံ့ကာ ထမင်းစားရင်း မျက်ရည် လေးတွေ ဝဲလာပြီ။ ပြီးတော့ သူ့မျက်ရည်စက်ကလေးက ထမင်းပန်းကန်ထဲကို ကျသွားပြီ။

အမေများ သိသွားသလားလို့ အမေ့မျက်နှာကို မော့ကြည့်လိုက်တော့ . . .

"ဟင်"

အမေက သူ့ကို ပြုံးပြုံးကြီးကြည့်ပြီး မျက်ရည်တွေ ကျနေတာ။

"အ . . . အမေ ငိုနေတယ်"

သူ့အမေ့ကြောင့် သူ့ကိုငေးနေသော အမေ့ သတိဝင်လာကာ ပျာယီးပျာယာနှင့် မျက်ရည်သုတ်လိုက်

www.burmeseclassic.com



ကာ . . .

"အ . . . အမေ မငိုပါဘူး သားရယ်၊ သား . . . သားစားနော်"

အမေက ပြောရင်းဆိုရင်းနှင့်ပင် သူ့ထမင်းကို ငုံ့စားနေပြီ၊ ဒီလိုနဲ့ တစ်ယောက်နှင့်တစ်ယောက် စကားဆက်မပြောကြဘဲ ထမင်းစားနေကြတာ အမေ့လက်ရာကောင်းပေမယ့် သူ ထမင်း မဝင်။ အမေရဲ့စေတနာဟင်းတွေ ကောင်းလေ သူ့ရင်ထဲမှာ နင်လေ မဟုတ်လား။ သူ ထမင်းကို ဆက်ပြီးစားဖို့ ခွန်အားမရှိတော့၊ လက်ဆေးလိုက်ပြီ၊ ဒါကိုမြင်သော အမေက . . .

"ဝပြီလား သား"

"ဟုတ်ကဲ့"

"နည်းလိုက်တာ သားရယ်"

"သား ဗိုက်သိပ်မဆာလို့ပါ အမေ"

"ဪ . . . ဪ"

အမေ့ရဲ့ ဪ . . . ဪ ဆိုသောစကားအဆုံး



မှာတော့ သူ ထမင်းဝိုင်းကို ကျောခိုင်းလိုက်တော့သည်။

အနောက်မှ အမေ့ရှိုက်သံလေးကလည်း သဲ့သဲ့လေးမျှ ထွက်ပေါ်လာလေပြီ မဟုတ်ပါလား။

သူ့အခန်းနှင့် မီးဖိုခန်းက နီးနီးလေးပါ။ ဒါပေမဲ့ သူ့ခြေလှမ်းတွေ အိပ်ခန်းထဲထိရောက်ဖို့ သယ်နေရတာ လေးနေပါလား။ အမေ့ရဲ့မေတ္တာစာတ်တွေနဲ့မဲ ဆွဲငင်ထားတာလား အမေရယ်။

www.burmeseclassic.com



အိပ်ရာထက်မှာ လှဲနေစဉ် နဖူးပေါ်လက်တင် မျက်နှာကြက်ဆီသို့ ငေးနေမိသည်။

သူ ငေးနေတာက မျက်နှာကြက်ဆီကို ဒါပေမဲ့ သူ မြင်နေရတာက မျက်နှာကြက်ကိုမဟုတ်။ မောင်၏ ပုံရိပ်ကိုသာ။

သူ့ကိုကြည့်နေသည့် မျက်လုံးတွေက ပြုံး ဝိုင်းစက်ပြီး ကြောက်စရာ။

ကိုခင်မောင်တို့က ချမ်းသာသည့်မျိုးရိုးမှ သက်လာသူတွေမို့ သေဆုံးရင် တခမ်းတနားနဲ့ သင်္ဂြိုဟ်





တာ။ အခုတော့ ကိုခင်မောင့်ပုံစံက လမ်းဘေးက ခွေးသေ သလို။

ငါ . . . ငါလည်း ဒီမူးယစ်ဆေးဝါးကို ဆက်ပြီး သုံးနေသေးရင် ဒီလိုပဲ လမ်းဘေးမှာ သေရမှာလား။ ငါ သေ တာက အရေးမကြီးဘူး။ အမေ . . . ဟုတ်တယ်၊ ကိုခင် မောင့်နေရာမှာ ငါသာဆို အမေ အလောင်းကိုမြင်တာနဲ့ တင် သေသွားနိုင်တယ်၊ ဟာ . . . မ . . . မဖြစ်ဘူး။ အမေ ဖို့အတွက်နဲ့ စိတ်ဆင်းရဲတာတွေ များနေပြီ၊ ငါ ဘယ် လောက်ပဲ အမေ့အပေါ်ကို ဆိုးဆိုး အမေ အမြဲတမ်း ခွင့်လွှတ်နားလည်ပေးခဲ့တာ၊ ဒီနေ့ပဲ ကြည့်၊ ငါ့ကို ဂရုစိုက် လိုက်တာ၊ အမေသာ ငါ ဖိုးစွဲနေတာသာ သိသွားရင်၊ ဟာ မဖြစ်ဘူး . . . အမေသိလို့ မဖြစ်ဘူး၊ အမေသာ သိသွားရင် ငါ မသေဘဲ အမေ သေသွားနိုင်တယ်၊ အမေရယ် အမေ့ သားလူမိုက်ကြီးကို ခွင့်လွှတ်ပါ အမေရယ်၊ သားလေ သား နောင်တတွေရပါပြီ အမေရယ်။ သား . . . သား အမေ့ဆီမှာ ခုန်ချတောင်းပန်မယ်နော်၊ အမေ့သား လူမိုက်ကြီးကို အမေ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါနော် . . . အမေ။

သူ အိပ်ရာမှထလိုက်ကာ အပြင်ထွက်ခဲ့တော့ အမေ့အခန်းက မီးလင်းနေသေးသည်။

အမေလည်း မအိပ်သေးဘူးဘဲ။

သူ အမေ့အခန်းထဲကို ဝင်ခဲ့တော့ အမေက ပြတင်းပေါက်မှတစ်ဆင့် အဝေးကြီးကို အဓိပ္ပာယ်မဲ့စွာ ငေး နေပြီ။ မျက်လုံးတွေကလည်း ရီဝေမှုနှင့်အတူ မျက်ရည် ကလေးများ ဝေ့သီလို့။

သူ့ကို ကျောပေးကာထိုင်ပြီး အတွေးလွန်နေ သော အမေ သူလာနေတာကိုပင် သတိမထားမိ။

"အမေ"

သူ့အသံက တိုးလျလျှနှင့် တုန်တုန်ယင်ယင်။

အမေ သူ့ကို လှည့်ကြည့်လာပြီ။ ဟုတ်ပါတယ် အမေ ငိုနေတာပါ။ မျက်လုံးမှာ မျက်ရည်တွေ ဝဲနေတာ အမေ့ရဲ့မျက်နှာကိုကြည့်ပြီး ထွန်းဇော် စိတ်မနိုင်တော့။

"အမေ"





သူ အမေ့ရင်ခွင်ထဲကို ပြေးဖက်လိုက်ပြီ။ အမေ ကလည်း သူ့ကို အလိုက်သင့် ပွေ့ဖက်ထားလို့ နှစ်ဦးစလုံး ဖက်ထားလိုက်ကြတာ တင်းတင်းကျပ်ကျပ်ရယ်။

"သား"

အမေ့အသံက တုန်ယင်အက်ကွဲစွာဖြင့် ထွက် လာပြီ။

"သား"

အမေ ငိုနေပြီ။ အားရပါးရငိုနေပြီ။ သူလည်း အတူတူပဲ မဟုတ်လား။

"အ . . . အမေ . . . သား . . . သား လူမိုက်ကြီး ကို အမေခွင့်လွှတ်ပါ အမေရယ်။ သားကို ခွင့်လွှတ်ပေးပါ ရှာ . . . နော် . . . အမေ နော်"

"အမေ ခွင့်လွှတ်ပါတယ် သား။ မိဘဆိုတာ သား သမီး ဘာအပြစ်ပဲလုပ်သွားလုပ်သွား ခွင့်လွှတ်တတ်ကြတာ ပဲကွယ်။ ဗိန္ဒိသာရမင်းကြီးတောင်မှ သူ့သားက သူ့ကို သတ် သွားတာတောင်မှ ခွင့်လွှတ်သေးတာပဲကွယ်။ အမေ့ အမေ့

ရွှေအသွာ

www.burmeseclassic.com

www.burmeseclassic.com



သားက အမေ့ကို သတ်သွားတာမှ မဟုတ်သေးတာ၊ အမေ ခွင့်လွှတ်တာပေါ့ သားရဲ့"

"အမေရယ် . . . သား . . . သား မှားခဲ့ပါတယ် အမေရယ်၊ သား အခု နောင် . . . နောင်တရပါပြီ အမေ၊ သား လိမ္မာပါတော့မယ် အမေ . . . နော်၊ သား လိမ္မာပါတော့မယ် အမေ"

"သား . . . သား . . . အမလေး . . . အမေ့သားလေးရယ် အမေ ဝမ်းသာလိုက်တာ . . . ဝမ်းသာလိုက်တာ"

အမေက သူ့ကို လက်တစ်ဖက်က တင်းကျပ်စွာဖက်ကာ ကျန်တစ်ဖက်မှ သူ့ဆံပင်လေးတွေကို သပ်ပြီး ငိုနေပြီ၊ ကျလိုက်တဲ့မျက်ရည်တွေကလည်း မနည်းရယ်။

ဒီမျက်ရည်တွေကျတာ သူ ကျေနပ်ပါသည်၊ ဒါ အမေ ဝမ်းသာလို့ကျတဲ့မျက်ရည်ပဲ မဟုတ်လား၊ အမေ ကျေနပ်နိုင်ပါစေ၊ အမေ သားအပေါ် နားလည်ခွင့်လွှတ်နိုင်ပါစေ အမေရယ်။

"သား . . . အှ . . . အမေလေ သားရဲ့နှုတ်က





ပွင့်ထွက်လာမယ့် နောင်တရပါပြီဆိုတဲ့စကားကိုလေ အမေမျှော်လင့်တောင့်တခဲ့တာ အကြိမ်ကြိမ်ပါ၊ အ . . . အခု အမ့ဆန္ဒ . . . အမေ့ဆန္ဒတွေ ပြည့်ပါပြီ၊ သားရယ် အမေ သေပျော်ပါပြီကွယ်၊ အမေ သေပျော်ပါပြီ"

"အမေရယ်"

သူ အမေ့ရင်ခွင်ထဲတွင် အကြာကြီးခိုအောင်းနေလိုက်ပါပြီ၊ နွေးထွေးလှတဲ့ အမေ့ရင်ခွင် အေးမြလှတဲ့ အမေ့ရင်ခွင်မှာ သား အမြဲတမ်း ခိုလှုံပါရစေအမေ၊ အမေ ခိုလှုံခွင့်ပြုပါအမေ။

"သား"

အမေက သူ့ပခုံးလေးနှစ်ဖက်ကို ကိုင်ပြီး ရင်ခွင်ထဲမှ ဆွဲထုတ်လိုက်ကာ သူ့မျက်နှာလေးကို ကြည့်လိုက်သည်။

"သား . . . သား . . . ကျော်ကျော်နဲ့ပေါင်းပြီး ဘိန်းဖြူတွေ သုံးနေတာလားဟင်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူမစကားကြောင့် သားရဲ့မျက်လုံးလေးတွေ ပြူး သွားကာ မျက်နှာပျက်သွားပြီ။

ဘုရား . . . ဘုရား . . . သားလေး မသုံးပါဘူးလို့ ပဲ ဖြေပါစေ။

သူမ သားကို စိတ်ပူလို့သာမေးလိုက်မိတာပါ။ တကယ်တမ်း သည်မေးခွန်းကို သူမ မမေးရဲ၊ သားက ဟုတ်ပါတယ်လို့သာ ဖြေလိုက်ရင်ဖြင့် . . .

"သား . . . အမေ မေးတာဖြေဦးလေ . . . သား"

သူ အမေ့မျက်နှာကို ကြည့်လိုက်သည်၊ အမေ့ မျက်နှာ အထူးသဖြင့် အမေ့ အမေ့မျက်လုံး ဒါလေးတွေဟာ သူ့ဘဝရဲ့မျှော်လင့်ချက်ကြောင့်လားမသိ အရောင်လေး တွေ လက်လို့၊

သူ အမေ့ကို မလိမ်ချင်၊ သူ အမေ့ကိုလည်း မျက်နှာချင်းမဆိုင်ရဲတော့၊ သူ ခေါင်းကလေး ငုံ့လိုက်ကာ

"ဟုတ်ပါတယ် အမေ"

"ဟင်"



သား သူမကိုပြောလိုက်တာ တိုးတိုးလေးနဲ့ တစ်လုံးချင်းစီပါ။ သို့သော် သူမ၏နားထဲမှာ အရှိန်ပြင်းတဲ့မိုးကြိုး တစ်စင်း ဝင်သွားသလိုရယ်။

"မိုက်လိုက်တာ သားရယ်"

အမေ သူ့ကို ရင်ခွင်ထဲ ပြန်ဆွဲသွင်းလိုက်တာ မျက်ရည်များနှင့်။

"အ . . . အမေ့မှာလေ ဒီသားလေး တစ်ယောက် တည်းပဲ ရှိတာ၊ အမေ့သားလေး ဘဝပျက်သွားမှာကို အမေ မလိုလားဘူး သား။ အမေ သားကို ဒီဆေးတွေရဲ့ ကျေးကျွန်အဖြစ်မခံနိုင်ဘူး သား"

အမေ့စကားကြောင့် သူ အမေ့ရင်ခွင်ထဲမှနေ အံ တင်းတင်းကြိတ်လိုက်ကာ . . .

"စိတ်ချပါ အမေ၊ သား အမေ့ကို ကတိပေးပါ တယ်။ သားအတွက်နဲ့ အမေ ဘာမှစိတ်မဆင်းရဲရစေပါဘူး။ သား ကတိပေးပါတယ်။ သား့ အဲဒီမူးယစ်ဆေးဝါးကို ဒီနေ့ ဒီအချိန်ကစပြီး ဖြတ်လိုက်ပြီ အမေ။ သား ဖြတ်လိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့စကားကြောင့် အမေက တုန်ယင်သော လေသံဖြင့် . . .

"ဝမ်း . . . ဝမ်းသာလိုက်တာ သားရယ်။ အ. . . အမေလေ . . . အမေ သားရတနာအစစ်လေး ရပါပြီ သားရယ်"

သားအမိနှစ်ယောက်၏ တင်းကျပ်စွာ ဖက်တွယ်မှုက နှစ်ကိုယ်ကြားထဲမှာ ဆံမြှူမျှပင် ဝင်နိုင်မည်မထင်တော့ပါ။



"ဒုန်း . . . ဒုန်း"

အခန်းထဲမှ ထုနက်သံတွေ အော်သံတွေက တစ္ဆာပင် ပျက်တော့မတတ်ရယ်။

"အား . . . မှ . . . မှတယ် . . . အား"

ထွန်းဇော်၏အခန်းထဲမှ အော်သံက အာခေါင်ခြစ်နေပြီ။

"အား . . . အ . . . အမေရေ"

ထွန်းဇော်တစ်ယောက် ခလုတ်ထိမှ အမိတနေပြီသည်။ ဘိန်းဆာနေသော ထွန်းဇော်တစ်ယောက် ရင်ခွင်း

www.burmeseclassic.com

www.burmeseclassic.com



မှာ ပူလောင်နေပြီး တစ်ကိုယ်လုံး တုန်ယင်နေပြီး တစ်ကိုယ်လုံးလည်း ချမ်းလွန်းလို့ တဆတ်ဆတ်တုန်နေပြီ။

ဒေါ်လှခင် တစ်ယောက် သားလုပ်သူ၏ အခန်းတံခါး ဘေးဘက်မှာ ထိုင်ရမလို ထရမလိုဖြစ်နေပြီ။

ရင်တွင်း၌ သားတစ်ယောက်၏ဒုက္ခကို မြင်ကြားနေရသော မိခင်တစ်ယောက်၏ ရင်တွင်းပူလောင်မှုက ဘိန်းဆာနေသော သားလုပ်သူ၏ရင်တွင်းပူလောင်မှုထက်ပင် အဆပေါင်းများစွာ သာလိမ့်မယ်ထင်။

"အား"

အထဲမှာ ထွန်းဇော် တစ်ယောက် လူးလိမ့်နေပြီ။

သူမ အထဲကိုဝင်မည်လုပ်သော်လည်း သားက အထဲမှ ဂျက်ချထားပြီး ဝင်လို့က မရ။

"ညီမလေးရေ . . . ညီမလေး"

ဟယ် . . . ကိုကြီး လာပြီ။

ဒေါ်လှခင်တစ်ယောက် အားကိုးမှီတွယ်ရာ ရွှေတောင်ကြီး ရောက်လာလေပြီ။



သူမ အိမ်ပေါ်မှ ပြေးဆင်းခဲ့တော့ အစ်ကိုလုပ်သူက အိမ်ထဲရောက်နေပြီ။ လက်ထဲမှာလည်း အထုပ်တွေ အပိုးတွေနှင့်။

"အ . . . အစ်ကိုကြီး"

သူမ အားကိုးတကြီးမှီတွယ်ရာ အစ်ကိုလုပ်သူ၏ ရှေ့တွင် ဒူးထောက်လိုက်ပြီး ခြေသလုံး ဖက်ငိုတော့သည်။

"ဟဲ့ . . . ဟဲ့ . . . ဘာဖြစ်တာလဲဟဲ့ လှခင်ရဲ့"

အစ်ကိုလုပ်သူက သူမ၏အပြုအမူကြောင့် လက်က အထုပ်တွေပင် မချနိုင်ဘဲ သူမကို ငေးကြောင် ငုံ့ကြည့်တာ . . .

"ကျွန် . . . ကျွန်မကို ကယ်ပါဦး အစ်ကိုကြီး။ သား . . . သားလေးလေ ဆေးဖြတ်ထားတာ။ အဲဒါ အခန်းထဲမှာ ဆူနေပြီ"

"ဟာ . . . ဒီကလေးနှယ် . . . ဒုက္ခပါပဲ"

ဦးကျော်ငွေ လက်ထဲမှ အထုပ်တွေကို ပစ်ချကာ အိမ်ပေါ်တက်ခဲ့လိုက်ပြီ။ ထွန်းဇော် အခန်းရှေ့ရောက်တော့

www.burmeseclassic.com

www.burmeseclassic.com



တံခါးဖွင့်သည်။ မပွင့်။ အထဲမှာ ကလန့်ချထားသည်ထင်၏။

"ငါ့တူ တံခါးဖွင့်စမ်းပေါ့"

အထဲက ဘာမှပြန်မထူး။ လူးလိမ့်ပြီးသာအော်နေပြီ။

"ဟာ . . . ဒီကောင် ဒုက္ခပါပဲ။ ကဲ . . . လှခင် ငါ တံခါးဖျက်ပြီး ဝင်မယ်"

ဒေါ်လှခင်တစ်ယောက် ဘာမှမကြံတတ်။ မလုပ်တတ်။ အစ်ကိုလုပ်သူကိုသာ ငေးကြည့်နေလိုက်သည်။

တံခါးကို ဦးကျော်ငွေ ခန္ဓာကိုယ်နှင့် ဆောင့်ဖွင့်သည်။ တစ်ချက် မပွင့်။ နှစ်ချက် မရ။ သုံးချက် လှုပ်လာပြီ။ လေးချက်

"ဝုန်း"

တံခါးပွင့်သွားပြီ။

ထွန်းဇော်က အခန်းထောင့်လေးကိုမှီကာ ကုပ်ကုပ်လေးထိုင်ပြီး သူတို့ကို မျက်လုံးပြူးပြူးလေးနှင့် ကြည့်နေပြီ။ တစ်ကိုယ်လုံးလည်း တုန်ယင်နေပြီး နှုတ်ခမ်းတွေ



လည်း ပြာအောနေတာ။ သူတို့ကိုကြည့်နေတာများ မလှုပ်မယှက်ရယ်။ မျက်ကွင်းတွေလည်း မည်းပြီး ချောင်ကျလို့။

ဦးကျော်ငွေ အခန်းထဲဝင်ခဲ့တော့ တူလုပ်သူက နံရံမှာ အတင်းကပ်နေပြီ။ ဘာကိုများ ကြောက်နေသည် မသိ။

ဦးကျော်ငွေ တူလုပ်သူ၏အနားတွင် ငုတ်တုတ် ထိုင်လိုက်ကာ . . .

"အင်း . . . ဒုက္ခ . . . ဒုက္ခ . . . မင်း ဒီလိုဖြတ်လို့ ဘယ်ရမလဲကွ။ နည်းနည်းချင်း လျှော့ဖြတ်မှပေါ့။ အခုတော့ မင်း ဒီလိုဖြတ်ရင် သေရုံပဲရှိမှာ"

သူ ဒေါသဖြင့် ပြောနေသော ဘကြီးလုပ်သူကို ဘီလူးသရဲတစ်ကောင်အလား ကြည့်နေတာ ကြောက်စရာ ရယ်။

မေးတွေလည်း ခိုက်ပြီး ရိုက်နေတာ တဂတ်ဂတ် နဲ့ ချမ်းလွန်းလို့ ထင်သည်။

"မင်း ဒီအတိုင်းဆို ဒုက္ခရောက်သွားလိုက်မယ်

www.burmeseclassic.com



မင်း ဆေးနည်းနည်းလောက် စားလိုက်ပါလား ငါ့တူ”

“မစားဘူး . . . လုံးဝမစားဘူး”

သူ့ရဲ့ငြင်းဆန်သံက စူးစူးဝါးဝါးနှင့်။ ဘကြီးလုပ်သူ

က သူ့ကိုကြည့်ကာ စိတ်မကောင်း အမေကတော့ သား

လုပ်သူ၏အဖြစ်ကို မမြင်ရက်သဖြင့် အပြင်မှာငိုနေပြီ။

“သား . . . သား မစားပါရစေနဲ့ ဘကြီးရယ်။ သား

သားလေ ပြန်စားရင် ဆေးပြတ်တော့မှာ မဟုတ်ဘူး ဘကြီး

ရဲ့။ သား ဆေးမပြတ်ရင် အမေ ပြန်ပြီးစိတ် . . . စိတ်ဆင်း

ရမှာ။ သား အ . . . အမေ့ကို စိတ်မဆင်းရဲစေချင်ဘူး

သား . . . သား သေချင်သေသွားပါစေ၊ နည်းနည်းလေး

ပြန်မသောက်ဘူး။ သား မသောက်ဘူး”

တုန်တုန်ယင်ယင်နှင့် ငြင်းဆန်နေသော တူလုပ်

သူကို ကြည့်ကာ ဦးကျော်ငွေ ဘာမှမတတ်နိုင်တော့။ ခေါင်း

ငုံ့၍သာနေရှာသည်။

အခန်းတွင်းမှ သားပြောနေသောစကားများသည်

ဒေါ်လှခင်၏ အသည်းများကို ဓားနှင့်လှီးသလိုပြီး ဆားသိပ်နေ





သလိုပ။ အမေ စိတ်ဆင်းရဲမှာကြောက်လို့ ဆေးကို နည်း

နည်းလေးမှ မသောက်ဘူးတဲ့၊ သူ့အသက်သာ သေသွားပါ

စေ လုံးဝမသောက်ဘူးတဲ့။

ဘုရား ကယ်တော်မူပါ။ တပည့်တော်မရဲ့သား

လေး အရင်က ဆိုးခဲ့ ပေခဲ့တာ မှန်ပါတယ် ဘုရား၊ ဒါပေမဲ့

အခုအချိန်မှာ လိမ္မာနေပါပြီ ဘုရား။ ဒါကြောင့် တပည့်တော်

မရဲ့သားလေးကို ကယ်ပါဦးဘုရား။

ဒေါ်လှခင် လက်အုပ်ကလေးချီကာ ဆုတောင်းပြီး

တရှုပ်ရှုပ်ငိုတော့သည်။

အခန်းထဲမှ သားလုပ်သူ၏ နာကျင်ပူလောင်စွာ

အော်နေသံက သူမ၏နှလုံးသားကို အပ်နဲ့လာထိုးနေသလို

ပင် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်တို့အိမ်ရဲ့ ဧည့်ခန်းမှာ သားအမိ သုံးယောက် ထိုင်နေကြပြီ၊ ဒေါ်မြခင်က သားလုပ်သူကို လှမ်းကြည့်လိုက်သည်။

သားကိုကြည့်လိုက်တာ တစ်စက်မှ စိတ်ချမ်းသာစရာ မရှိ၊ အရိုးချည်း။

သူနဲ့လက်ထပ်မည့်မိန်းကလေး ရွှေရည်က မနက်ဖြန် ဆေးစစ်ချင်တယ်တဲ့၊ သူ့ပုံစံနဲ့ဆို ဆေးစစ်တာတောင် အောင်ပါ့မလားမသိ၊ မအောင်သာ မအောင်ရင်တော့ အရှက်ဖြင့် ကွဲလိုက်မယ့်ဖြစ်ခြင်း။





အင်း . . . ဒါပေမဲ့ သားက သဘောသားသာ ဖြစ်ဘာ မိန်းမအရှုပ်အရှင်းတော့ ကင်းပါတယ်၊ ဆေးစစ်တာတော့ အောင်လောက်မှာပါ။

"သား"

"ဗျာ . . . မေမေ"

"ရွှေရည်လေး မနက်ဖြန် ဒီကိုလာလိမ့်မယ်"

"ဟုတ်ကဲ့"

"သူက သားနဲ့အတူ မနက်ဖြန် ဓာတ်ဆေးရုံမှာ ဆေးသွားစစ်ချင်တယ်တဲ့"

မေမေ့စကားကြောင့် သူ့ မျက်နှာပျက်သွားပြီ၊ ရွှေရည်က ဆေးစစ်ချင်တယ်တဲ့၊ အို . . . ငါ ဘာလို့ မစစ်ရမှာလဲ၊ ငါက ဘယ်မိန်းကလေးနဲ့မှမှ မရှုပ်တဲ့ဟာ။ ဘာရောဂါမှ မရှိလောက်ပါဘူး။

"အဲဒါ သားရဲ့သဘောက"

"စစ်မှာပေါ့ အမေရဲ့၊ ဆေးစစ်တော့ သားတို့ နှစ်ယောက်အတွက် ပိုပြီးကောင်းတာပေါ့၊ တစ်ယောက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် သံသယရှင်းသွားတာပေါ့"

"ဟုတ်တယ် သား။ သားတို့က ခေတ်ပညာတတ်တွေဆိုတော့ ဒါတွေကို အမေတို့ထက် ပိုပြီးနားလည်မှာပါ"

"သား မနက်ဖြန် ရွှေရည်နဲ့ ဆေးရုံသွားလိုက်ဦးမယ်"

"ဩော် . . . အေး . . . အေး . . . ဒါနဲ့ သား မောင်ခင်မောင်တစ်ယောက် ဆုံးသွားပြီတဲ့ကွယ်"

မေမေ့စကားကြောင့် သူ မျက်နှာပျက်သွားပြန်ပြီ။ သို့သော် မေမေ ရိပ်မိသွားလို့မဖြစ်။ သူ မသိချင်ယောင်ဆောင်ကာ . . .

"ဟာ . . . ဟုတ်လား။ ဘယ်တုန်းကလဲ"

"ဟိုတစ်နေ့ကမှကွယ့်။ ဟိုလေ ရပ်ကွက်ထဲက ဂိုဒေါင်ပျက်ကြီးနောက်မှာ ဆုံးတာတဲ့ကွယ်"

"ဘာဖြစ်လို့ဆုံးသွားတာလဲ မသိဘူးနော်"

သူ့စကားကြောင့် တစ်ချိန်လုံးငြိမ်ပြီး နားထောင်နေတဲ့ ဖေဖေက . . .



"ဘာဖြစ်ရမှာလဲကွ။ ဆေးသမား ဆေးနဲ့ပဲ သေတာပေါ့။ ဟွန့် . . . သေတာတောင် နည်းသေးတယ်။ အမျိုးမြင့်ပြီး လမ်းဘေးမှာ ခွေးလိုသေရတယ်လို့"

"ဟုတ်တယ် သား။ ဖိုးထိုးတာလေ။ ရှော့ဖြစ်သွားတာပေါ့။ သူ့အမေတွေ အဒေါ်တွေက ဆုံးတော့ မသိကြဘူးလေ။ နောက်ပြီးမှ သိကြတာ။ သွားကြည့်ကြတော့ ခင်မောင့်အလောင်းက မြင်လို့တောင် မကောင်းတော့ဘူးရယ်။ ငိုလိုက်ကြတာ သားရယ်။ သူ့အမေခမျာ သနားပါတယ်"

"ဟုတ်လား . . . သား စိတ်မကောင်းပါဘူးဗျာ"

"မနေ့တုန်းက သင်္ဂြိုဟ်လိုက်တယ် သားရဲ့။ သူ့မိဘတွေတောင် သားမလာလို့တဲ့ မေးနေကြတယ်"

"သား . . . မသိလို့ပါ အမေရယ်။ သိရင် သွားပါတယ်"

သူ့စကားကြောင့် ဖေဖေက သူ့ကို မျက်ထောင့်နီကြီးဖြင့် ကြည့်ကာ လေသံပြတ်ပြတ်ဖြင့် . . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းက တကယ်ပဲမသိတာလား။ ဒါမှမဟုတ် မသိချင်ယောင်ဆောင်နေတာလား"

"ဗျာ"

ဖေဖေ့စကားကြောင့် သူ မျက်လုံးပြူးကာ လန့်သွားပြီ။ မေမေက ဖေဖေ့ကိုကြည့်ကာ . . .

"အို . . . တော်စကားကလည်း ဘာကြီးလဲ။ ရှင်ပြောနေတဲ့ပုံစံက ခင်မောင်သေတာပဲ သားနဲ့ပတ်သက်နေသလိုလို"

"ဟာကွာ . . . မင်းသားနဲ့ဒီအကောင်ခင်မောင်တို့ဆိုတာ တပူးပူး တတွဲတွဲဟာ။ အခု ဒီကောင်သေတာ ဒင်းမသိဘူးဆိုတော့ ကျုပ်က ဘယ်လို ယုံရမှာလဲ"

"အို . . . ရှင် . . ."

မေမေ့စကားပင် မဆုံးသေး ဖေဖေက လက်ကာပြကာ . . .

"မင်း ဘာမှမပြောနဲ့ မြခင်။ မင်း ဒီကောင့်ကို ကြပ်ကြပ်အလိုလိုက်။ မင်းသားလည်း ခင်မောင်လို သေလိမ့်





မယ်"

ဖေဖေက သူ့စကားဆုံးသည်နှင့် အခန်းထဲမှ ထွက်သွားပြီ။

သူ့မှာသာ ခေါင်းကြီးငုံ့ပြီး ကျန်ခဲ့လို့။ မေမေကတော့ သူ့ကိုကြည့်နေတာ ဆွေးဆွေးမြည့်မြည့်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုတ်တစ်ယောက် ခြံရှေ့မှာ တံမြက်စည်းလှဲ နေစဉ် နှင်းမေက ချိုင့်ကြီးဆွဲကာ ခြံဝင်းထဲဝင်လာပြီ။

"ဟယ် . . . မိန်း ကျုပ်အိမ်ကိုတောင် မလာတာ ကြာပြီ။ ဘယ်တွေရောက်နေတာလဲ၊ လာထိုင်"

သူမ နှင်းမေကို အိမ်ရှေ့တန်းလျှားလေးတွင် ထိုင်ခိုင်းလိုက်ကာ သူမပါ ထိုင်လိုက်ပြီးနောက် . . .

"ပြော . . . ဘယ်က ပြန်လာတာလဲ"

"ကျုပ် ရွာပြန်သွားတာအေ့။ မနေ့ကမှ ပြန်ရောက်တယ်၊ အဲဒါ ဒီနေ့မနက် ဘုန်းကြီးကျောင်းမှာ ဆွမ်း





ချိုင့်သွားပို့တာလေ၊ ဟဲ့ . . . ဒါ ဘုန်းကြီးကျောင်းမှာ ဘာတွေ့ခဲ့လဲ သိလား"

နှင်းမေက မျက်လုံးပြူး မျက်ဆန်ပြူးနှင့်ဆိုတော့ သူမ စိတ်ဝင်စားလာကာ . . .

"ဘာ . . . ဘာတွေ့ခဲ့လို့လဲ"

သူမအမေးကြောင့် နှင်းမေ ဘေးဘီဝဲယာသို့ ကြည့်လိုက်ကာ . . .

"ဟဲ့ . . . နှင့်အမေတို့ ရှိလား"

"မရှိဘူး။ ဟိုဘက်ရပ်ကွက်က အလှူဖိတ်လို့ သွားတယ်။ ဘာဖြစ်လို့လဲ"

"ထွန်းဇော်အကြောင်းပြောမလို့ဟ"

"ထွန်းဇော်အကြောင်း . . . ဟုတ်လား"

ထွန်းဇော်အကြောင်းကို အိမ်မှာလာပြောတာ အဖေနှင့်အမေတို့က ကြိုက်တာမဟုတ်။ ဒါကြောင့် နှင်းမေက အဖေတို့ကို အရင်မေးတာကိုး။

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ထွန်းဇော် ဘာဖြစ်လို့လဲ”

“ဘာဖြစ်ရမှာလဲဟ။ အဲဒီကောင်ပေါ့ ငယ်ကတည် က ဘုန်းကြီးကျောင်းဆို ခြေဦးတောင်မလှည့်တဲ့ ဒီ ကောင်။ အခုတော့ ဘုန်းကြီးကျောင်းလာတက်တယ် တော့”

“ဘာရယ် . . . ထွန်းဇော်က ဘုန်းကြီးကျောင် တက်တယ် ဟုတ်လား”

“ဟုတ်ပ။ တက်တာမှလေ သပ်သပ်ရပ်ရပ် ဝတ်ပြီး တက်တာ။ အရင်က ပိုသီဖတ်သီနေပြီး ဆံပင် ရှ လန်ကြဲအောင်နေတတ်တဲ့ကောင်လေ။ အခုတော့ ဆံပင် လေးကို ဆီလူးပြီး ဖြီးထားသေးတယ်။ ပြီးရင် ပုဆိုးအဖြ အင်္ကျီအဖြူလက်ရှည်လည်ကတုံးနဲ့ ဧွမ်းချိုင့်အဖြူလေး လည်း ကိုင်ထားသေးတယ်။ အံမယ် . . . ဟဲ့ . . . ဒီအကောင်က အခုလိုဝတ်စားထားတော့လည်း အချော သားဟဲ့နော်”

“အံမယ် . . . ညည်း သူ့ပုံစံကို သေချာကြည့်ခဲ့





တာပေါ့”

“ဘာရယ်လို့ မဟုတ်ပါဘူးဟယ်။ ထူးဆန်းနေလို့ ကြည့်မိတာပါ။ အင်း . . . ထွန်းဇော်က ဒီလို သပ်သပ်ရပ် ရပ်လေးနေတော့ အချောသားဟဲ့။ အဲ့လိုပဲ အမြဲနေရင် ကောင်းမှာ”

“ဟယ်နော် . . . မိန်းမ ညည်းက သူ့ကိုကြိုက်နေ တာလား”

“အံမယ် . . . ကျုပ်က သူ့မျိုးမှန်တောင် လုစား တာ မဟုတ်ပါဘူးနော်။ အခုဟာက ညည်းရဲ့လူကြီးဟာ”

“ဟယ်တော် . . . ဘယ်က ငါ့လူကြီးရမှာလဲ”

“ညည်းရဲ့အကြောင်း ကျုပ် အသိဆုံးပါပဲနော်။ ညည်း ဝှက်မနေနဲ့။ အခုတောင် ညည်း သူ့အကြောင်းပြော လို့ စိတ်ဝင်စားနေပြီ မဟုတ်လား”

“ဟုတ်တယ်။ ငါ သူ့အကြောင်းကို စိတ်ဝင်စား တယ်။ ဒါပေမဲ့ တခြားဟာတွေကို မဟုတ်ဘူး။ သူ ဘုန်းကြီး ကျောင်းလာတယ်ဆိုလို့ စိတ်ဝင်စားတာ။ သူ . . . သူ လိမ္မာ



www.burmeseclassic.com

www.burmeseclassic.com



လာတာလား မသိဘူးနော်"

တည်တည်ငြိမ်ငြိမ် လေးလေးနက်နက်နှင့် ပြောနေသော ဝတ်မှုန်မျက်နှာကို နှင်းမေ ရွဲ့ကာကြည့်လိုက်ပြီး

"အလိုတော် . . . ခွေးမြီးကောက် ကျည်တောက်စွပ်ကိုများ သွားအထင်ကြီးလို့ရယ်။ ဟိုကဖြင့် သူ့အမေ ဆွမ်းပို့နိုင်းလို့ လာပို့တာလားတောင် မသိတဲ့ဟာ"

"မဖြစ်နိုင်ဘူးဟာ။ ထွန်းဇော်အကြောင်း ငါ အသိဆုံးဟာ"

"အေး . . . နှင့်ဟာနှင် ဘယ်လိုထင်ထင် ကျုပ်တော့ ပြန်တော့မယ်။ တော်ကြာ နောက်ကျလို့ အမေက ကျုပ်ကိုသတ်နေဦးမယ်"

"အေး . . . အေး"

ထွန်းဇော် ဘုန်းကြီးကျောင်းတက်တယ်တဲ့။ ကြားသားမိုးကြိုးရယ်။ သူ့အမေ ဆွမ်းချိုင့်ပို့နိုင်းတာလည်း မဖြစ်နိုင်၊ နှင်းမေ ပြောတော့ သပ်သပ်ရပ်ရပ်ကို ဖီးလိမ်းပြီးတက်တာတဲ့။ ဒါဆို သူ့သဘောနဲ့သူတက်တာပဲနေမှာ။





သူ . . . သူ လိမ္မာသွားတာလား။ ဘာပဲဖြစ်ဖြစ် ညနေတော့ ဒေါ်လေးကို သွားမေးကြည့်ရမှာပဲ။ အင်း . . . ငါ ထင်သလိုပဲ သူ လိမ္မာသွားတာဖြစ်ပါစေ။

www.burmeseclassic.com



"ဟော . . . သား ပြန်လာပြီလား"

ဆိုင်ဖွင့်ရန်ပြင်နေသော ဒေါ်လှခင်တစ်ယော

ဘုန်းကြီးကျောင်းမှ ပြန်လာသော သားကို ပီတိတွေပြ

ကြည့်လိုက်မိသည်။

ဘိန်းဆေးပြတ်သွားသောသားက အရင်လို ငေ

ပိန်ညောင်ညောင်နှင့် မျက်တွင်းဟောက်ပက် မဟု

တော့။ ဖြူဖြူဖွေးဖွေးနဲ့ ဝဝလေးဖြစ်လာပြီ။

အကျီအဖြူလည်ကတုံး လက်ရှည်လေးဝတ်ပြ

ပုဆိုးအဖြူလေး ဝတ်ထားသောသားက အသားလေးက ဖြ



ဘာမို့ လိုက်ဖက်လွန်းလှသည်။

နှုတ်ခမ်းရဲရဲနှင့် နှာတံချွန်ချွန်လေးမှာ ထူထဲတဲ့

မျက်ခုံးနှစ်ဖက်ကြီးအောက်မှ စင်းကော့စွာသွယ်တန်းသွား

လိုက်တာ မျဉ်းဖြောင့်လေးလိုပ။

"သားရယ် ကျတ်သရေရှိလိုက်တာကွယ်"

"ဟား . . . အမေကလည်း သားအမိချင်း မြှောက်

နေပြန်ပြီ။ ပြော . . . အမေ ဘာစားမလဲ"

"အမေ တကယ်ပြောတာပါ သားရယ်။ ကဲ . . .

ဘဲ . . . သား ဆာလှရောပေါ့။ အမေ အိမ်ပေါ်မှာ ထမင်းခူး

ပေးထားတယ်။ သွားစားလိုက်ဦး"

"ဟုတ် . . . သား စားပြီးရင် အမေရေချိုးဖို့အတွက်

ရေခပ်ပေးမယ်နော်"

"အေးပါကွယ် . . . အေးပါ"

"ဘကြီးရော"

"ရှိပါ့။ အိမ်ပေါ်မှာ အကြွမ်းသောက်နေလေရဲ့"

"ဒါဆို သား သွားလိုက်ဦးမယ်"

www.burmeseclassic.com



"အေး . . . အေး . . . သား"

သူ အမေ့ကိုနှုတ်ဆက်ကာ အိမ်ပေါ်တက်ခဲ့လိုက်တော့ နောက်မှ အမေက သူ့ကျောပြင်ကိုကြည့်ကာ ပြုံးပြုံးကြီးကျန်နေခဲ့တော့သည်။

သူ အိမ်ပေါ်ရောက်တော့ ဘကြီးက လက်ဖက်ရည်ကြမ်းသောက်နေလေရာ . . .

"ငါ့တူက ဒီလိုဝတ်ထားတော့လည်း အခန့်သားပဲကွ"

"ဟား . . . ဟား . . . ဘကြီးက မြှောက်ပြန်ပြီ"

"ဘကြီး တကယ်ပြောတာကွ။ ကဲပါကွာ . . . လာပါဦး။ ဘကြီး မင်းကို စကားပြောစရာရှိသေးတယ်"

"ဟုတ်"

သူ ဘကြီးနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"အင်း . . . ငါ့တူက အခုမှ ရတနာသားလောင်းနဲ့တူလာတာကွ။ ရတနာသားလောင်းဆိုတာ သိလား ငါ့တူ"





"ရှင်းပြပေးပါ ဘကြီး"

"အေး . . . ဒီလိုကွ"

"တို့လူတွေဟာ ကျောက်မျက်ရတာတွေဆိုရင် အင်မတန်ကို ချစ်ခင်မြတ်နိုးတတ်ကြတာကွ။ အရည်အသွေးနဲ့ပြည့်စုံတဲ့ ကျောက်သာဆို အတိုင်းထက်လွန်ပေါ့ကွာ။ အေး . . . အဲဒီလို မြတ်နိုးနှစ်သက်အပ်တဲ့ ရတနာတွေနဲ့ ခိုင်းနှိုင်းထားတာတစ်ခုရှိသေးတယ်ကွ"

ဘကြီးက သူ့စကားကို ခဏရပ်ကာ သောက်လက်စဖန်ခွက်ထဲမှ ရေနွေးကြမ်း ကုန်သွားသဖြင့် ကရားထဲမှ ထပ်လောင်းငှဲ့ထည့်လိုက်သည်။ ပြီးတော့မှ . . .

"အဲဒါ သားသမီးတွေကို နှိုင်းတာပဲ။ မိဘတွေဟာ သားသမီးတွေကို သိပ်ပြီးချစ်မြတ်နိုးတတ်ကြတာကွ။ ဘယ်လောက်အထိ ချစ်မြတ်နိုးသလဲဆိုရင် သားသမီးတွေကို သူတို့နှစ်သက်မြတ်နိုးတဲ့ ရတနာတွေနဲ့ ခိုင်းနှိုင်းလိုက်ကြတယ်။ ဥပမာကြည့် သားရတနာ၊ သမီးရတနာဆိုပြီးကွာ။ အဲဒီလောက်အထိ သားသမီးတွေကို ရတနာနဲ့နှိုင်းလိုက်



www.burmeseclassic.com

တော့ သူတို့တွေဟာ သားသမီးတွေကို ဘယ်လောက် ချစ်မြတ်နိုးသလဲဆိုတာ အဲဒါသက်သေပေါ့။ အေး . . . အဲဒီလို မိဘတွေက သားသမီးလေးတွေကို ရတနာလိုတန်ဖိုးထားပေမယ့် သားသမီးတချို့က ရတနာဆိုတဲ့ဂုဏ်ပုဒ်ကို အလေးမထားဘဲ သူတို့ဖြစ်ချင်ရာဖြစ် လုပ်ချင်ရာလုပ်မယ် ဆိုခဲ့ရင် အဲဒီရတနာဂုဏ်တင်ခံထားရတဲ့ သားသမီးတွေက ရတနာမဟုတ်တော့ဘဲ ရတာနာဖြစ်သွားရောကွ"

ဘကြီးက သူ့စကားကို ခဏရပ်ကာ ခုနက သူငှဲ့ထားသော ရေနွေးကြမ်းကို တစ်ငုံငုံလိုက်ပြီး ရေနွေးပန်းကန်ကို စားပွဲပေါ် ပြန်ချကာ . . .

"အေး . . . သားသမီးတွေက ရတနာဆိုတော့ မိဘတွေက ရတနာသွေးသမားတွေပေါ့ကွာ။ သူတို့တွေက သူတို့လက်ထဲမှာရှိတဲ့ ရတနာအရိုင်းတုံးလေးတွေကို အရောင်အသွေးတောက်ပလာအောင် သွေးကြတယ်ကွ။ အဲဒီလို အရည်အသွေးကောင်း ရတနာအလောင်းအလျာလေးကို ရတနာသွေးသမား ကောင်းကောင်းက သွေးလိုက်





ရင် ဒီရတနာလုံးလေးက ပြည်တန်သွားပြီပေါ့။ ဒါပေမဲ့ တချို့ရတနာအလောင်းအလျာလေးတွေက အရည်အသွေးမကောင်းဘူးကွ။ အဲဒီအခါကျတော့ ရတနာသွေးသမားဘယ်လောက်ပဲကောင်းကောင်း ပြည်တန်ဆိုတာ ဖြစ်မလာနိုင်ဘူး။ အဲဒါကျတော့ ဘယ်သူ့အပြစ်လဲ။ ဒီရတနာပြည်တန်ဖြစ်မလာတာ ရတနာသွေးတဲ့လူကြောင့်လား"

"မဟုတ်ပါဘူး ဘကြီး။ အရည်အသွေးညံ့ဖျင်းတဲ့ရတနာလောင်းလျာလေးကြောင့်ပါ"

"ဒါပေါ့ကွာ။ မင်းရဲ့အမေက ရတနာ ကောင်းကောင်း သွေးတတ်တဲ့လူပါ။ အေး . . . သူ သွေးရင်လည်း ဒီအတိုင်းမသွေးတတ်ဘူးကွ။ မိခင်မေတ္တာဆိုတဲ့ ရေစင်စက်ကလေးထည့်ပြီးမှသာ သွေးရတတ်တယ်။ ဒီတော့ ရတနာသွေးသမားကောင်းကောင်းရဲ့လက်ထဲမှာ ပြည်တန်ရတနာလောင်းလျာပဲ ရှိသင့်သလား၊ အရည်အသွေးညံ့ဖျင်းတဲ့ရတနာလောင်းလျာလေးပဲ ရှိသင့်သလား"

"ပြည်တန်ရတနာလောင်းလျာပဲ ရှိသင့်ပါတယ်

www.burmeseclassic.com



ဘကြီး"

"အေး . . . ဒီလိုပဲပေါ့ကွာ။ ငါ့တူက ပြည်တန်ရတနာပါ။ မင်းရဲ့အပေါ်မှာ ရွှံ့နွံတွေဖုံးနေလို့ပါ။ အဲဒါတွေကို ရတနာသွေးသမားနဲ့တူတဲ့ မင်းရဲ့အမေက မေတ္တာရေစက်ကလေးတွေနဲ့ သွေးနေတာကွ။ ဒီတော့ မင်းဟာ တစ်နေ့မှာ ပြည်တန်ရတနာဖြစ်လာမှာပါ"

"စိတ်ချပါ ဘကြီး၊ ကျွန်တော်ဟာ အမေ့အတွက် ပြည်တန်ရတနာပဲ ဖြစ်ရပါစေမယ်"

"ဒါပေါ့ကွာ။ ကဲ . . . ငါ့တူ ထမင်းသွားစားတော့မှာ မဟုတ်လား"

"ဟုတ်ကဲ့ . . . ဩော် . . . ဒါနဲ့ ဘကြီး ဘယ်တော့ ရွာပြန်မှာလဲ။ သား ရွာကဆရာတော်အတွက် ဝတ္ထုပစ္စည်းလေးတွေ ကပ်ချင်လို့ပါ"

"ဩော် . . . ဩော် . . . သန်ဘက်ခါ ပြန်မယ်ကွ"

"ဟာ . . . ဒါဆို အချိန်ရသေးတယ်။ သား မနက်ဖြန် ဈေးထဲသွားပြီး ပစ္စည်းတွေ သွားဝယ်လိုက်မယ်"



"အေး . . . အေး"

"သား ထမင်းသွားစားတော့မယ်နော်"

"အေး . . . အေး"

ဘကြီးက သူ့ကိုနှုတ်ဆက်ပြီး ထွက်သွားသော တူတော်မောင်၏ကျောပြင်ကိုကြည့်ကာ ပြုံးပြီး ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး"

"ဩော် . . . သမီး ဝတ်မှုန် ဘာလာဝယ်တာလဲ သမီး"

"ဘာမှမဝယ်ပါဘူး အန်တီရဲ့၊ ဟို . . . ဟိုလေ ထွန်းဇော်ရှိလား"

"မရှိဘူး သမီးရဲ့၊ သူ့ဘကြီးနဲ့ အပြင်ခဏသွားတယ်၊ လာတော့မှာ သမီးရဲ့၊ သွားတာ ကြာပြီ၊ လာလေ သမီး။ ဆိုင်ပေါ်တက်ခဲ့လေ"

"ဟုတ်"



သူမ ဆိုင်ပေါ်တက်လာကာ ဒေါ်လေးအနားတွင် ဝင်ထိုင်လိုက်သည်။

"ဟို . . . ဒေါ်လေး ထွန်းဇော်ရဲ့အခြေအနေက ဘယ်လိုလဲဟင်"

"ဟင်း . . . ဟင်း . . . သူ လိမ္မာသွားပြီ သမီး"

"ရှင်"

သူမ အံ့သြသွားပြီ။ သူမ အကြားချင်ဆုံး၊ အမျှော်လင့်ဆုံး၊ အတောင့်တဆုံး စကားရယ်။

"ဟုတ်တယ် သမီး။ သူ နောင်တရသွားပြီ"

ဒေါ်လေးများ နောက်နေတာလား ဟူသော စိတ်ကြောင့် ဒေါ်လေးမျက်နှာကို ကြည့်လိုက်တော့ . . .

ဒေါ်လေးပုံစံက လေးလေးနက်နက်နဲ့ရယ်။ မျက်လုံးအိမ်မှာလည်း ဝမ်းသာမှုတွေ ရောစွက်နေလို့လား မသိ။ မျက်ရည်ကြည်လေးတွေ လဲ့လို့။

"သ . . . သမီး ဝမ်းသာလိုက်တာ ဒေါ်လေးရယ်"

"ဒေါ်လေးလည်း ဝမ်းသာတာပေါ့ သမီးရယ်။"

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ဒေါ်လေးတို့တွေ အမျှော်လင့် အတောင့်တဆုံးဆန္ဒ မဟုတ်လား"

"ဟုတ်တာပေါ့ ဒေါ်လေးရယ်"

"သမီးကို ဒီထက်ဝမ်းသာစရာ ပြောရဦးမယ်"

"ဘာ . . . ဘာလဲဟင်"

"သား မူးယစ်ဆေးဝါးပြတ်သွားပြီ သမီး"

"ဟယ် . . . တကယ်"

သူမ ဝမ်းသာမှုကြောင့် ကိုယ်လေးပင် မတ်သွားပြီ။

"တကယ်ပေါ့ သမီးရဲ့၊ သားဟာ အခုတော့ ဒေါ်လေးတို့အတွက် စစ်မှန်တဲ့ ရတနာတုံးလေးဖြစ်သွားပါပြီ"

ဒေါ်လေးရဲ့စကားတွေကြောင့် သူမ၏ကိုယ်ခန္ဓာမှာ ရှိသမျှသွေးကြောတွေ ရပ်တန့်သွားသလား မသိ၊ တစ်ကိုယ်လုံး ဝမ်းသာမှုကြောင့် ရှိန်းနေပြီ။

ထွန်းဇော်ရယ် နင်က ငါဖြစ်စေချင်တဲ့ အားကိုး

မျှဝေသော



ထိုက်တဲ့ယောကျ်ားလေးတစ်ယောက် ဖြစ်ပါပြီဟာ။

"သမီး ဝမ်းသာလိုက်တာ ဒေါ်လေးရယ်၊ ဟို . . . ဟိုလေ သမီး သူ့ကို မနက်ဖြန်ညနေလေးနာရီ ဆုံနေကျ မန်ကျည်းပင်ကြီးအောက်မှာ စောင့်နေမယ်လို့ ပြောပေးပါနော်"

"ဟင် . . . သမီးက သားအပြန်ကို မစောင့်တော့ဘူးလား"

"မစောင့်တော့ဘူး ဒေါ်လေး။ ဆသမီး ပြန်တော့မယ်၊ သူ လာရင် သမီးပြောသလိုသာ မှာပေးပါနော်"

"အေး . . . အေး . . . သမီး"

"ဒါဆို သမီးပြန်တော့မယ် ဒေါ်လေး"

"အေးပါကွယ် . . . အေးပါ"

သူမ ဒေါ်လေးကို နှုတ်ဆက်ကာ ဆိုင်ပေါ်မှ ဆင်းခဲ့လေပြီ။

ငါ နင့်သတင်းကို ကြားရတာ ဝမ်းနားငါတောင် မယုံနိုင်ဘူး ထွန်းဇော်ရယ်၊ နင်က အခု ငါဖြစ်စေချင်တဲ့

မျှဝေသော

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လိမ္မာလာပြီနော်။ ဒီတော့ နင် ဒီတစ်ခါ ငါ့ကို ချစ်ရေးလာဆိုရင်လေ ငါ . . . ငါလေ . . . နင့်ကို . . .

သူမ ဆက်မတွေးတော့။ ပါးပြင်ဖြူဖြူလေးမှာ ပန်းရောင်လေးပင် ဖြတ်ပြေးသွားပြီး။



လေရှူးလေးများက တသုန်သုန် တိုက်ခတ်ကျီစယ်နေသဖြင့် မန်ကျည်းပင်ကြီး၏ မန်ကျည်းရွက်ကလေးများက မြေပြင်ပေါ်သို့ လွှစ်လီလွှစ်လဲ့ ကခွဲ့ကလျှနှင့် ကျဆင်းနေကြပြီ။

ဝတ်မှုန်တစ်ယောက် မန်ကျည်းပင်ကြီးနားကို ရောက်တော့ လေးနာရီထိုးနေပြီ။

ထဘီအစိမ်းနုရေလေးနှင့် အကျီနက်ပြာရောင်လေး ဝတ်ထားသော သူမက အသားဖြူဖြူလေးနှင့်မို့ ချစ်စရာ။ ကျောလွယ်လောက်ရှိသော ဆံပင်လေးကို ဖြန့်ချထားပြီး





www.burmeseclassic.com

www.burmeseclassic.com



အပေါ်သားကို စုထုံးကာ ကလစ်လေးနှင့် ညှပ်ထားလိုက်သေးသည်။

"ဟင်"

ဂန်ကျည်းပင်ကြီး၏အောက်နားကို ရောက်တော့ သူမ ခြေလှမ်းတွေ ရပ်တန့်သွားပြီ။ နှုတ်မှလည်း တိုးတိုးလေးနှင့် ရေရွတ်လိုက်မိသည်။

"ထွန်းဇော်"

သူကတော့ ဝတ်မှုန်ကို မမြင်။ ကျောပေးပြီး မန်ကျည်းပင်ကြီးကို မော့ငေးနေတာ။

ပုဆိုးအနီရောင်ကွက်စိပ်ကလေးနှင့် အကျီအနီရောင်လေးဝတ်ထားသော ထွန်းဇော်ရဲ့စတိုင်က ကျက်သရေရှိပြီး ခန့်ညားနေသည်။

ဘာတွေအာရုံတွေးလွန်နေသည် မသိ။ သူမ အနားကိုရောက်လာတာကိုပင် မြင်ပုံမပေါ်။

"ထွန်းဇော်"

သူမ ခေါ်လိုက်သည့်အသံက တိုးတိုးလေးနှင့်



ညင်းညင်းလေးရယ်။ သူ လှည့်လာပြီ။

"ဝတ်မှုန်"

နှစ်ယောက်လုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြတာ အကြာကြီးရယ်။ ရှွန်းရှွန်းစားစားကိုကြည့်နေကြတာ။

ထွန်းဇော်ရဲ့ပုံစံက အရင်လို ဝိန်ဝိန်ညောင်ညောင်တုန်တုန်ယင်ယင်နှင့် မျက်တွင်းဟောက်ပက်ကြီး မဟုတ်တော့။ ဝင်းပသော အသားအရေက ပြည့်ဖြိုးစိုပြည်နေပြီး မျက်ဝန်းလေးတွေကလည်း စူးရှနက်မှောင်နေပြီ။

"ဝတ်မှုန် . . . နင် ငါ့ကို ခွင့်လွှတ်ပါနော်"

"ဘာကိုလဲ ထွန်းဇော်"

သူမ ထွန်းဇော်ရဲ့စကားကြောင့် နားမလည်နိုင်သောအကြည့်ဖြင့် ထွန်းဇော်ရဲ့မျက်နှာကိုကြည့်လိုက်သည်။

"ဟို . . . ငါ . . . ငါ နင့်ရဲ့ပိုက်ဆံကို ယူသွားတာကိုလေ"

"ဪ . . . ထွန်းဇော်ရယ် နင်နဲ့ငါက ပျိုင်ယ်

www.burmeseclassic.com



ငယ်လေးကတည်းက ပေါင်းလာကြတဲ့ သူငယ်ချင်းတွေပဲ ဟာ။ ငါ ဘာကြောင့်ခွင့်မလွှတ်နိုင်ရမှာလဲ။ ငါ နှင့်ကို ခွင့်လွှတ်ပါတယ်ဟာ။ ငါကလေ အခုလို နှင် လိမ္မာလာပြီဆိုတဲ့ သတင်းကြားလို့ ငါ အရမ်းဝမ်းသာနေတာပါ"

"အေးဟာ . . . ငါ မလိမ္မာလို့မရတော့ဘူးဟ။ ငါ့အတွက်နဲ့ အမေ အရမ်းပင်ပန်းနေရှာပြီ။ ပြီးတော့ နှင်ရောပေါ့"

"ငါက ဘာမှမဟုတ်ပါဘူးဟယ်။ ဒေါ်လေးကသာ နင့်အတွက် အစစအရာရာ အနစ်နာခံခဲ့တဲ့သူပါ"

"ဟုတ်တယ် ဝတ်မှုန်။ ငါ့အတွက်ဆိုရင်လေ အမေက အစစအရာရာ အနစ်နာခံခဲ့တာဟ။ ဒါကြောင့် ငါ အမေ စိတ်ဆင်းရဲမယ့်အလုပ်ဆို ငါ ဘာမှမလုပ်တော့ဘူး။ ငါအမေ့ကို စိတ်ချမ်းချမ်းသာသာနဲ့ ထားချင်တယ်။ ပြီးတော့ နှင့်ကိုရောပေါ့"

သူ့စကားကြောင့် ဝတ်မှုန် သူ့မျက်နှာလေးကို မြတ်နိုးစွာ ကြည့်မိလိုက်သည်။

●——ရွှေအသော——●



အို . . . သူ ကြည့်နေတဲ့မျက်လုံးတွေကလည်း သူမရင်ကို လှုပ်ခတ်နေစေပြီ မဟုတ်ပါလား။

"ဝတ်မှုန်"

သူက ပြောပြောဆိုဆိုနှင့် သူမရဲ့လက်ကလေးကို လှမ်းကိုင်လိုက်ပြီး . . .

"အို"

သူမ ရုက်ရှုံသွားမိသည်။ သို့သော် သူကိုင်ထားသော သူမရဲ့လက်ကလေးကို မရုန်းမိ။ သူ့အလိုကျသာ ငြိမ်နေလိုက်ပြီ။

"နှင့် . . . နှင့်ကို ငါ သိပ်ချစ်တယ် ဝတ်မှုန်။ နှင် ပြောသလို ငါလည်း လိမ္မာအောင် ကြိုးစားနေပါပြီဟာ"

"နှင်က လိမ္မာနေပြီပဲ ထွန်းဇော်"

"ဒီလောက်လိမ္မာတာနဲ့ပဲ အမေနဲ့ နှင့်အတွက် မလုံလောက်သေးပါဘူးဟာ။ ငါ ဒီထက်ပိုပြီး လိမ္မာအောင် လုပ်ရဦးမှာဟ"

"နှင် အခုလိုပြောင်းလဲသွားတာနဲ့တင် ငါ ဝမ်းသာ

●——ရွှေအသော——●

www.burmeseclassic.com

www.burmeseclassic.com



လှပါပြီဟာ"

"ငါ နင့်ကို အရမ်းချစ်တယ် ဝတ်မှုန်၊ နင်ရော ဟင်"

"နင့်ကို ငါ ပြောဖူးတယ်လေ ထွန်းဇော်၊ နင် အရင်တစ်ခါ ငါ့ကို ချစ်ရေးဆိုတုန်းကပေါ့။ အဲဒီတုန်းက ငါ နင့်ကို ပြောခဲ့တယ်လေ၊ နင် လိမ္မာသွားရင် ငါ နင့်ကိုစဉ်းစားမယ်လို့၊ နင် အခု လိမ္မာနေပြီပဲလေဟာ။ ဘာပြောစရာလိုသေးလို့လဲ"

"ဟာ . . . ဒါ . . . ဒါဆို နင်ကလည်း ငါ့ကို ချစ်တယ်ပေါ့"

သူ့အမေးကို သူမ မဖြေ။ သူ့ကိုသာ ပြုံးပြုံးလေးနင့်ကြည့်နေတော့ သူ အသည်းယားလာပြီထင်၏။

"ဟဲ့ . . . ဘာပြုံးနေတာလဲဟ။ နင် ငါမေးတာဖြေဦးလေဟာ။ နင် . . . နင်ရော ငါ့ကို ချစ်တယ်မို့လား"

သူမေးနေတဲ့ပုံစံက မျှော်လင့်တကြီးနင့်တောင့်းနေတယ်ဆိုတာ သူ့မျက်လုံးလေးတွေရဲ့ တောင်းဆိုမှုတွေ





က သက်သေပြနေသယောင် . . .

"ငါ မေးတာ ဖြေဦးလေ ဝတ်မှုန်"

"အင်း"

"ဟာ . . . ဘာကြီးလဲ၊ ကောင်းကောင်း ဖြေပါဟ"

"ဟုတ်တယ်။ ငါ နင့်ကိုချစ်တယ် ထွန်းဇော်၊ အခုမှမဟုတ်ဘူး။ ဟိုးအရင်ကတည်းက ချစ်ခဲ့တာ။ ကဲ . . . ကျေနပ်ပြီလား"

"ငါ . . . ငါ ဝမ်းသာလိုက်တာ ဝတ်မှုန်ရယ်"

သူက သူမရဲ့ကိုယ်လုံးလေးကို ရင်ခွင်ထဲ သိမ်းကျုံးထည့်လိုက်တော့သည်။

နှစ်ယောက်လုံးရဲ့ ရင်ခုန်မှုတွေက နွေးထွေးမှုတွေ ရင်ခုန်မှုတွေနဲ့ ပြည့်ဝနေပြီ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဘကြီး ပစ္စည်းတွေစုံပြီလား"

"စုံပြီ ငါ့တူ။ ကဲ . . . ဘကြီး ပြန်တော့မယ်။ မင်း လိမ်လိမ်မာမာနေနော်။ အရင်က ငါ့တူ ဘယ်လောက်ပဲ ဆိုးခဲ့ မိုက်ခဲ့ အခု မင်းဟာ လူလိမ္မာလေးဖြစ်ခဲ့ပြီပဲ။ ဆက် ပြီးသာ လိမ္မာအောင်နေပါ"

"စိတ်ချပါ ဘကြီး။ ကျွန်တော့်အတွက်နဲ့ အမေနဲ့ ဘကြီးတို့ နောက်ထပ် စိတ်မဆင်းရဲရစေပါဘူး"

သူ့စကားကြောင့် အမေရော ဘကြီးပါ ပြိုင်တူ ပြုံးလိုက်ကြပြီ။



"အေးကွာ . . . မင်းက ပြည်တန်ရတနာပဲ။ အဖိုး တန်မှာပါကွ။ ကဲ . . . ကဲ . . . ဘကြီး ပြန်တော့မယ်နော်"

"ဟုတ်ကဲ့ . . . ဘကြီး"

ဘကြီးလုပ်သူက ပစ္စည်းပစ္စယအိတ်တွေကို စုံစီ နေအောင် လွယ်ထားပြီး အိမ်ပေါ်က ဆင်းတော့ အမေရော သူပါ လိုက်ဆင်းခဲ့လိုက်သည်။ အမေ့ရဲ့လက်မှာလည်း ခရီး ဆောင်အိတ်က တစ်အိတ်။ ဘကြီးကို ကားဂိတ်ထိ လိုက် ပို့မလို့လေ။

သူတို့ ခြံဝနားရောက်တော့ အမေက . . .

"ကဲ . . . သား အမေ နင့်ဘကြီးကို လိုက်ပို့လိုက် ဦးမယ်နော်။ ဘယ်ကိုမှ လျှောက်သွားမနေနဲ့"

"စိတ်ချပါ အမေရဲ့။ သား အိမ်မှာပဲ နေမှာပါ"

"အေး . . . အေး . . . ဒါဖြင့် အမေတို့ သွားပြီနော်"

"ဟုတ်"

"ကဲ . . . ငါ့တူ သွားပြီ"

"ဟုတ်ကဲ့ ဘကြီး"

www.burmeseclassic.com

www.burmeseclassic.com



ဘကြီးနှင့်မေမေက သူ့ကို နှုတ်ဆက်ကာ ထွက်သွားကြပြီ။

အတော်လှမ်းလှမ်း ရောက်သွားတဲ့အထိ ငေးကြည့်မိနေပြီးမှ သူ ခြံထဲပြန်ဝင်လာခဲ့ကာ အိမ်ပေါ်တက်မည်အရောက် . . .

"အား"

သူ့ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး လဲပြိုတော့မည်အလုပ် တံခါးဝဘောင်ကို ကိုင်ပြီး လှမ်းမှီလိုက်သည်။

ခေါင်းထဲက ကိုက်လာတာ တဆစ်ဆစ်နှင့် မူးသလိုလို ဝေသလိုလိုနဲ့။

"အား . . . ကျွတ်ကျွတ်"

သူ ခေါင်းထဲက တဆစ်ဆစ်ကိုက်ခဲမှုက ပြင်းထန်လာပြီ။

သူ တံခါးဘောင်တန်းကိုမှီကာ တဖြည်းဖြည်းထိုင်ချလိုက်မိသည်။

ငါ . . . ငါ ဘာဖြစ်တာလဲ မသိဘူး။ ဒီလိုမျိုး





အရင်က ငါ တစ်ခါမှ မဖြစ်ဖူးပါဘူး။

သူ ထိုင်ရာမှ ကြိုးစားပြီးထလိုက်တော့ ခေါင်းက တဆစ်ဆစ်နှင့် ကိုက်နေဆဲ။ ရင်ထဲကလည်း တစ်မျိုးကြီး။ ပျို့ချင်သလိုလိုကြီးရယ်။

သူ ယိုင်နဲ့နေသောခြေလှမ်းများဖြင့် သူ့အခန်းရှိရာသို့ လှမ်းခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မန်ကျည်းပင်ကြီးရဲ့အောက်မှာ တစ်ယောက်တို့ တစ်ယောက် တင်းကျပ်စွာဖက်ပြီး ထိုင်နေကြတဲ့ချစ်သူနှစ်ယောက်။ ကောင်လေးရဲ့ရင်ခွင်ထဲကို ကောင်မလေးက ဝင်ပြီး ထိုင်နေတာ၊ တစ်ယောက်ရဲ့လက်ကလေးကို တစ်ယောက် မြဲမြဲစွာဆုပ်ကိုင်လို့။

သူတို့နှစ်ယောက်ရဲ့မျက်နှာမှာလည်း ပျော်လင့်ချက်များ၊ အနာဂတ်များကြောင့် ပြုံးရွှင်နေကြလို့။

"မောင် ဝတ်မှုန်ကို ဘယ်တော့မှ မုန်းမသွားရဘူးနော်"





"စိတ်ချ ဝတ်မှုန်၊ ကိုယ့်ရဲ့အချစ်ဆုံးချစ်သူကို ကိုယ် ဘယ်တော့မှ မမုန်းသွားဘူး။ မမေ့သွားဘူး စိတ်ချ"

"ဝတ်မှုန်လေ မောင်ထားသွားမှာကို သိပ်ကြောက်တာပဲ သိလား"

"မောင်ကတော့ ဘယ်တော့မှ ထားသွားမှာ မဟုတ်ဘူး။ ဝတ်မှုန်သာ . . ."

"ဟင် . . . ဝတ်မှုန်က ဘာလို့ထားသွားရမှာလဲ"

"ဝတ်မှုန်ရဲ့မိဘတွေက ကိုယ်နဲ့သဘောမတူရင်လေ"

"အဲဒါဆို မောင့်နောက်လိုက်ခဲ့မှာပေါ့"

"ဟား . . . ဝမ်းသာလိုက်တာ ဝတ်မှုန်ရယ်"

"အဲဒါ မောင့်ကိုသိပ်ချစ်လို့ သိလား"

"မောင် ယုံပါတယ်ကွာ"

"မောင် ရှေ့လျှောက်လေ ဝတ်မှုန်တို့ဘဝက ပျော်စရာကြီးပဲနေမှာနော်"

"ဒါပေါ့ ဝတ်မှုန်။ မောင်တို့နှစ်ယောက် လက်တွဲပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးကြရင်လေ ကလေးတွေနဲ့"

"ဟာကွာ . . . မောင် ဘာတွေပြောနေတာလဲ"

"ဟုတ်တယ်လေ။ ဝတ်မှုန်က ဗိုက်ပူပူလေး"

"ဟာကွာ . . . ပြောလို့ကို မရဲဘူး . . .ကဲ . . . ကဲ"

"အား . . . နာတယ် . . . နာတယ်"

ဝတ်မှုန်က ရှက်ရမ်းရမ်းကာ သူ့ရင်ဘတ်ကို ဆွဲထားလိုက်ပြီ။

"မှတ်ပြီလား"

"မှတ် . . . မှတ်ပါပြီ။ အား . . . လွှတ် . . . လွှတ်တော့ နာတယ်"

ထိုအခါမှ သူမ လွှတ်လိုက်ကာ . . .

"ဟင်း . . . နောက်တစ်ခါ ပြောကြည့်"

"မောင်က မှန်တာ ပြောတာပဲဟာ"

"အင်း . . . ဟုတ်တယ်နော်။ ဝတ်မှုန်က ကလေးတွေဆို သိပ်ချစ်တတ်တာ။ မောင်နဲ့သာ လက်ထပ်လိုက်ရင် ပျော်စရာကောင်းမှာပဲနော်"



"ဒါပေါ့ ဝတ်မှုန်ရယ်။ မောင်တို့ရဲ့ ပျော်စရာကောင်းတဲ့ မိသားစုဘဝ အနာဂတ်လေးကို မောင်တို့ ပိုင်ဆိုင်ခွင့်ရဖို့အတွက် အချိန်တွေ သိပ်မကျန်တော့ပါဘူး"

"အင်း . . . မောင် ပြောသလို မောင်နဲ့ဝတ်မှုန်တို့ရဲ့ အနာဂတ်ဘဝလေး သာယာအောင် မောင် လိမ္မာနော်။ ဝတ်မှုန်လည်း လိမ္မာမယ်"

"ဒါပေါ့ ဝတ်မှုန်ရယ်၊ လိမ္မာရမှာပေါ့၊ ဒါမှ ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းတဲ့ မောင်တို့ရဲ့ မိသားစုအနာဂတ်ကလေးကို ထူထောင်နိုင်မှာပေါ့"

"မောင် . . . ဝတ်မှုန်တို့ ပြန်စို့နော်"

"ဘာဖြစ်လို့လဲ ဝတ်မှုန်ရဲ့"

"မေမေတို့က ဝတ်မှုန်ကြာလို့ လိုက်ရှာနေလိမ့်မယ်"

"အင်းလေ . . . ဒါဆိုလည်း ပြန်ကြတာပေါ့"

သူတို့နှစ်ယောက် ထိုင်ရာမှအထ . . .

"အား"

www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်ထိုင်ကျသွားပြီ။ သူ့ရဲ့ပုံစံကြောင့် ဝတ်မှုန် ထိတ်ထိတ်ပျာပျာဖြစ်သွားကာ . . .

"ဟယ် . . . မောင် . . . ဘာ . . . ဘာဖြစ်တာလဲ"

"ဟို . . . ဟို . . . ခေါင်းထဲကရော ရင်ထဲကပါ တစ်မျိုးကြီးပဲ"

"အဲဒါ ဘာဖြစ်တာလဲဟင်"

"မသိဘူး ဝတ်မှုန်"

"ဆေးခန်းပြကြည့်ပါလား"

"မပြတော့ပါဘူး။ ခဏနေရင် သူ့ဘာသာသူ ပျောက်သွားလိမ့်မယ်"

"မောင် ပေါ့သေးသေးလုပ်မနေနဲ့နော်"

"စိတ်ချပါ ဝတ်မှုန်ရယ်။ ဒါတွေက မောင် ခဏ ခဏ ဖြစ်နေကျပါ။ ပြီးရင် သူ့ဘာသာသူ ပျောက်သွားတာပဲ ဟာ"

"ဟင် . . . ခဏ ခဏ ဖြစ်တယ် ဟုတ်လား"

ဝတ်မှုန်ရဲ့အမေးကို သူ ခေါင်းကလေးသာညိတ်





ပြီး ဖြေလိုက်သည်။

"ဟာ . . . မောင်ကလည်း ကျန်းမာရေးကို တော်တော်ပေါ့တာပဲ။ မရဘူး မောင်။ မောင် ဆေးခန်းပြကြည့်ရမယ်"

"အင်းပါ ဝတ်မှုန်ရယ်။ မောင် ပြပါ့မယ်။ အခုတော့ ပြန်ကြစို့နော်"

"မောင် သက်သာသွားပြီလား"

"သက်သာသွားပြီ"

သူ ထိုင်ရာမှထကာ လက်တစ်ဖက်မှ ဝတ်မှုန်ကို ဆွဲပြီး ကျန်တစ်ဖက်မှ ခေါင်းလေးကို နှိပ်ကာ မန်ကျည်းပင်ကြီးအောက်မှ ထွက်ခဲ့တော့သည်။

ဝတ်မှုန်က သူ့နောက်မှ သူ့မျက်နှာကိုကြည့်ကာ အင်တင်တင်နဲ့လိုက်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဝတ်မှုန်ကို အိမ်ပြန်ပို့ပြီးကာ အိမ်သို့ပြန်ခဲ့တော့ အိမ်ရှေ့မှာ ဗင်ကားလေး ရပ်ထားပြီ။

ဒါ အစ်ကိုလေးတို့အိမ်က ကားပဲ။

သူ ရပ်ပြီး ကားလေးကို ငေးနေစဉ် ခြံထဲမှ ဒေါ်လေးက ထွက်လာပြီး ကားထဲဝင်သွားပြီ။

ကားလေးက ခြံရှေ့ကထွက်ခဲ့ကာ သူ့နားကို ရောက်တော့ သူ ဒေါ်လေးကို လှမ်းကြည့်လိုက်သည်။

ဒေါ်လေးကတော့ သူ့ကို မမြင်။ ကားထဲမှာ ခေါင်းလေးငုံ့ပြီး ငိုနေပြီ။

ပွှပလေသာ



ကားလေးက သူ့ကိုဖြတ်ကျော်သွားပြီ။

ဒေါ်လေးက ဘာလို့ငိုသွားတာလဲ။

သူ အိမ်ထဲသို့ အလျင်အမြန်ဝင်ခဲ့ကာ အိမ်ပေါ်တက်ခဲ့တော့ အမေက ဧည့်ခန်းမှာထိုင်နေပြီ။ အမေ့မျက်နှာကလည်း စိတ်မသက်မသာနဲ့ရယ်။ သူ အမေနှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ကာ . . .

"အမေ ဒေါ်လေး ဘာလို့ငိုသွားတာလဲ"

သူ့အမေးကြောင့် အမေ သက်ပြင်းရှည်ကြီးကို ချလိုက်သည်။

"ဟင်း . . . ကျော်ကျော်ပေါ့သားရယ်"

"ဟင် . . . အစ်ကိုလေးက ဘာဖြစ်လို့လဲ"

"သူ သင်္ဘောပြန်တက်သွားပြီ သား"

"ဟာ . . . ဘာဖြစ်လို့လဲ။ သူတို့ပြောတော့ အစ်ကိုလေး မင်္ဂလာဆောင်ပြီးမှပဲ ပြန်တက်မှာဆို"

"သူတို့ မင်္ဂလာဆောင်ပျက်သွားပြီ သား"

"ဗျာ"

ပွှပလေသာ

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုလေးတို့ မင်္ဂလာဆောင်ပျက်သွားပြီတဲ့၊ သူ အံ့ဩမှုကြောင့် မျက်လုံးလေးတွေ ဝိုင်းစက်သွားသည်။

"ဘာ . . . ဘာဖြစ်လို့ပျက်သွားတာလဲ အမေ"

"ဟင်း . . . ကျော်ကျော်လေ သူ သိပ်မိုက်တယ် သား။ သူ့ကောင်မလေးက မင်္ဂလာမဆောင်ခင် သွေးတွေ စစ်ကြည့်ချင်တယ်တဲ့၊ အဲဒါ သူတို့သွားစစ်ကြတယ်"

"အဲဒါနဲ့ . . ."

"ကျော်ကျော့်ကို သွေးစစ်တော့ သူ့မှာ AIDS ရောဂါရှိနေတယ်တဲ့"

"ဗျာ"

သူ ထပ်မံအံ့ဩသွားရပြန်ပြီ၊ အစ်ကိုလေးထဲမှာ AIDS ရောဂါရှိတယ်တဲ့၊ သူ လုံးဝထင်မထားတဲ့အရာ။ အစ်ကိုလေးက မိန်းမကိစ္စလည်း အရှုပ်အရှင်းမရှိပါလျက်နဲ့ ဘာကြောင့် ဒီရောဂါရရတာလဲ။

"ဟုတ်တယ် သား။ အဲဒါ ကျော်ကျော်က ရှက်လို့ ဆိုပြီး သင်္ဘောပြန်တက်သွားပြီ။ ဟိုဘက်မိန်းကလေးရှင်





တွေဘက်ကလည်း မင်္ဂလာကိစ္စတွေကို ဖျက်သွားတယ် လေ။ အဲဒါ သူ့အမေ ခုနက အမေ့ကိုလာပြောပြပြီး ငိုသွား တာပေါ့"

"ဖြစ်ရောဖြစ်နိုင်ပါ့မလား အမေရယ်၊ အစ်ကို လေးက မိန်းကလေးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက်မှ မရှိတဲ့ဟာ"

"ဩော် . . . သားရယ် ဒီရောဂါက မိန်းကလေး တွေနဲ့ ရှုပ်ရှုပ်ယှက်ယှက်ဖြစ်မှ ကူးတာမှ မဟုတ်တာ။ တခြားနည်းလမ်းတွေနဲ့လည်း ကူးတာပါလေ။ မင်းအစ်ကို လေးက ဘိန်းသမားပဲဟာ၊ အချင်းချင်းဘိန်းထိုးရာကနေ ကူးမှာပေါ့"

"ဗျာ"

ဘိန်းထိုးရာကနေ ကူးမှာပေါ့တဲ့။ ဟာ . . . ဒါ . . ဒါဆို ငါလည်း ထိုးတာပဲ။ ဟာ . . . အဲဒါမှ ဒုက္ခ။ ငါ ထိုး တုန်းက အပ်တစ်ချောင်းတည်းနဲ့ သုံးယောက်ထိုးကြတာ။ အဲဒီတုန်းက အစ်ကိုလေး အရင်ထိုးတာ။ ပြီးတော့ ငါ၊ နောက်တော့မှ ကိုခင်မောင် ထိုးတာ။ ဒါ . . . ဒါဆို အစ်ကို

www.burmeseclassic.com



လေးရဲ့ရောဂါပိုးတွေ ငါ့ထဲမှာ . . . ဟာ . . . သွား . . . သွားပြီ။

သူ အမေ ဆက်ပြောနေသော စကားတွေကို မကြားတော့။ တစ်ကြိမ်ပဲဆိုပြီး သူ လုပ်ခဲ့တဲ့အမှားတွေက သူ့ကို ကောင်းကောင်းကြီး နှိပ်စက်ပြီ။

ပြီးတော့ အမေ့ကို အမြဲတမ်းနှိပ်စက်ခဲ့တဲ့သူ ဒီ တစ်ခါတော့ ကံကြီးထိုက်ပြီ။ အမြဲတမ်း ဆိုးခဲ့တဲ့ထွန်းဇော် အခုမှ လိမ္မာမယ်ကြံတယ်။ အခုတော့ . . . အခုတော့ . .

ဟာ . . . သွားပြီ။ အစ်ကိုလေးရဲ့ရောဂါတွေသာ ဖျံ့ဆီကူးခဲ့ရင် . . . ဟာ . . . အမေကယ်ပါ။

သူ အမေ့ရဲ့မျက်နှာကို ယောင်ယမ်းစွာ ကြည့် လိုက်တော့ အမေက သူ့ကိုကျောခိုင်းကာ ဆိုင်ကိုသွားပြီ။

ဟာ . . . ဟာ . . . သွားပြီ။ ငါ့ရဲ့ကိုယ်ထဲမှာသာ ဒီရောဂါရှိရင် ဘဝပျက်ပြီ။

ငါနဲ့ဝတ်မှုန်တို့ တည်ဆောက်ထားတဲ့ အနာဂတ် ပြီး . . . ပြီးတော့ ငါ . . . ငါ့ကြောင့် စိတ်ဆင်းရဲရမယ့်





အမေ။ ဟာ . . . မ . . . မဖြစ်ဘူး ငါ့ဆီမှာ ဒီရောဂါရှိလို့ မဖြစ်ဘူး။

ယွန်းဇော်တစ်ယောက် ထိုင်ခုံမှာ ထိုင်နေရင်း ဆောက်တည်ရာမရဖြစ်လာပြီ။ ပြီးတော့ သူ့မျက်လုံးအိမ်မှာ လည်း မျက်ရည်တွေနှင့်။

ဘုရား . . . ဘုရား . . . တပည့်တော်ကို ကယ် တော်မူပါ။

တ . . . တပည့်တော် ဒီရောဂါကြီး မဖြစ်ပါရစေ နဲ့ ဘုရား။ ထွန်းဇော်တစ်ယောက် ဆောက်တည်ရာမဲ့နေပြီ။

ပြီးတော့ သူ့အာရုံထဲမှာ သူ့ ခဏ ခဏ မူးလဲတာ တွေ၊ ရင်ထဲမှာ ပျို့လာတာတွေ ပေါ်လာပြီ။

ငါ . . . ငါ အရင်က ဒါ . . . ဒါတွေ မဖြစ်ဖူးဘူး။ အဲ . . . အခုမှ ဖြစ်တာ။ ဒါ . . . ဒါဆိုရင် ငါ့မှာ . . . ငါ့မှာ အစ်ကိုလေးရဲ့ရောဂါတွေ ကူးနေပြီလား။ မ . . . မဖြစ်ဘူး။ ငါ ရောဂါရှိမရှိ တိတိကျကျ သိမှဖြစ်မယ်။

ဟုတ်တယ်။ ငါ ဆေးခန်းသွားပြရမယ်။ တ . . .

www.burmeseclassic.com



တကယ်လို့ ရှိခဲ့ရင် အ . . . အမေနဲ့ ဝတ်မှုန်တို့ကို မကူး အောင် ငါ . . . သူတို့နဲ့ရှောင်နေရမယ်။ ဟုတ်တယ်။ ဆိုး မိုက်ခဲ့တဲ့ ငါ့အတွက်နဲ့ အမေနဲ့ ဝတ်မှုန်တို့ပါ ရောပြီး ဒုက္ခ မရောက်စေချင်ဘူး။

ငါ . . . ငါ ဘာဆက်လုပ်ရမလဲ။

ထွန်းဇော်တစ်ယောက် အခုလောလောဆယ် တော့ ယူကျုံးမရနဲ့ ငိုကြွေးနေရုံသာ မဟုတ်ပါလား။





ဝတ်မှုန်တစ်ယောက် ညနေခင်းတွင် ထိုင်ကာ ဆွယ်တာထိုင်ထိုးနေလေပြီ။

ဆွယ်တာအင်္ကျီလေးက အဖြူရောင်လေး။

ဒါ မောင့်အတွက် ရည်ရွယ်ပြီး ဝတ်မှုန်ထိုးနေတာ ပါ။ ဝတ်မှုန်တို့နှစ်ယောက် ချစ်တဲ့ ချစ်ခြင်းတွေဟာ ဘယ် တော့မှ အရောင်ပြောင်းလဲသွားခြင်းမရှိဘဲ ဖြူစင်တဲ့ အချစ်နဲ့ပဲ ချစ်ကြမယ်လို့ ရည်ရွယ်ပြီး မောင့်အတွက် ဝတ် မှုန် ဆွယ်တာအင်္ကျီအဖြူလေး ထိုးနေခြင်းပါ။ ဝတ်မှုန် ထိုး လက်စ ဆွယ်တာလေးကို ကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



မောင်ရယ် မောင့်ကို ဝတ်မှုန်သိပ်ချစ်တယ်၊ မြတ်လည်း မြတ်နိုးတယ်။ မောင်နဲ့အတူ ဝတ်မှုန်တို့ရဲ့သာယာတဲ့ အနာဂတ်လေးကို ထူထောင်ချင်တယ်။

မောင်သာလေ ဝတ်မှုန်ကို လမ်းခွဲသွားရင် ဝတ်မှုန် ရှုံးပြီးသေသွားနိုင်တယ် မောင်။ မောင်ဟာ ဝတ်မှုန်ရဲ့ အနာဂတ်အလင်းရောင်ပါ။ မောင် ဘယ်တော့မှ ဝတ်မှုန်ရဲ့ အနာဂတ်တွေကို မဖျက်ဆီးသွားပါနဲ့နော်။ ဝတ်မှုန် သိပ်ကြောက်လို့ပါ။

မောင်က အသားဖြူတော့ ဒီဆွယ်တာ အဖြူလေးနဲ့ဆို သိပ်လိုက်မှာ။ မောင် ဒီဆွယ်တာလေးကို ဝတ်ထားတိုင်း ဝတ်မှုန်ကို သတိရနေပါနော်။ ဝတ်မှုန် မောင့်ကို သိပ်ချစ်တယ်။ မောင်ရယ် ဝတ်မှုန်ရဲ့ အနာဂတ်ကို မောင်နဲ့ အတူ တည်ဆောက်ဖို့အတွက် ဝတ်မှုန် မျှော်လင့်နေမယ်နော် မောင်။

"ဟိတ် . . . အံမယ်။ ဆွယ်တာတွေ ထိုးနေလို့ပါလား။ ဘယ်သူ့အတွက်လဲဟေ့"





နှင်းမေရဲ့အသံကြောင့် သူမ၏ အတွေးဝဲဂယက်လေး ပျက်စီးသွားပြီ။

"ဟယ် . . . နှင်းမေ လာလည်တာလား"

"ဟုတ်တယ်။ ညည်းက ကျုပ်ဆီတောင်လာ မလည်တော့ဘူးနော်။ ဘာတွေ အလုပ်ရှုပ်နေတာလဲ"

နှင်းမေက သူမ အနားတွင် ဝင်ထိုင်လိုက်ကာ စကားဆိုတော့ . . .

"ဝါ ဒီဆွယ်တာလေးကို အပြီးထိုးနေလို့ဟ"

"အံမယ် . . . ညည်း အရင်က ထိုးတာမတွေ့ဖူးပါဘူး။ အခုမှ ဘာစိတ်ကူးပေါက်လို့လဲ"

"ဒါ မောင့်အတွက် ဝါထိုးပေးနေတာဟ"

"ဘုရားရေ မောင်တဲ့။ ဘယ်ကမောင်လဲ"

ဟုတ်သားပဲ သူမနှင့် ထွန်းဇော်ရည်းစားတွေဖြစ်သွားကြတာ သူမမှ မသိတာ။

"ဝါနဲ့ ထွန်းဇော် ချစ်သူတွေ ဖြစ်သွားကြပြီဟ"

"ဗုဒ္ဓေါ။ ဘယ် . . . ဘယ်လို၊ နှင်နဲ့ ထွန်းဇော် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူတွေဖြစ်ကြပြီ ဟုတ်လား"

"ဟုတ်တယ်"

အံ့သြစွာဖြင့် ပြန်မေးနေသော နှင်းမေရဲ့ အမေးကို သူမ ခေါင်းလေးညိတ်ကာ ဖြေတော့ . . .

"ဟယ် . . . မိုက်လိုက်တာ မိန်းမရယ်။ ညည်းနယ် ကြိုက်စရာရှားလို့ ရစ်ကွက်က ဘေးမဲ့ပေးထားတဲ့ ကောင်ကိုများ"

"နှင်းမေနော် . . . . မောင့်ကိုများ ဘေးမဲ့တဲ့ ဘာဘေးမဲ့လဲ။ မောင်က လိမ္မာလာပါပြီနော်"

"အံမယ် . . . အံမယ် . . . သူ့ကောင်ကို ထိတော့ နာတတ်လိုက်တာ။ ခွေးမြီးကောက်က ကျည်တောက် စွပ်ထားတုန်း ဖြောင့်တာပါအေ"

"ဟယ် . . . နှင်းမေ ပြောလေ ကဲလေနော်။ နှင်း ဥပမာက မောင့်ကို ဘာနဲ့နှိုင်းနေတာလဲ သိလား"

သူမ စိတ်ဆိုးသံလေးဖြင့်ပြောတော့ နှင်းမေက

"အမလေးတော် . . . တစ်စက်ကလေးမှတို့





အထိမခံပါလား။ မထိဝံ့ပါဘူးတော် . . . မထိဝံ့ပါဘူး"

"မောင်က တကယ်လိမ္မာတာပါနော်"

သူမ မျက်စောင်းလေးရွယ်ကာ ပြောတော့ . . .

"အေးဟဲ့ . . . အခုတစ်လော ထွန်းဇော်ကို သတိထားမိတဲ့လူတွေများလာတယ်။ သူ့ကိုတောင်ကြည့်ပြီး လူတွေ အံ့သြနေကြတယ်။ နှင်းပြောသလိုပဲ သူတကယ် လိမ္မာလာတာလား မသိဘူးနော်"

"နှင်းကလည်း တကယ်ပါဆို"

"အေးလေ။ သူ တကယ် လိမ္မာလာတာ ဆိုရင်တော့ ဝါဝမ်းသာပါတယ်။ ဒါနဲ့ နှင်တို့နှစ်ယောက် ဘယ်တုန်းက ချစ်သူတွေဖြစ်သွားကြတာလဲ"

"မကြာသေးဘူးဟ။ မောင်က ငါ့ကို အရမ်းချစ်တာပဲ သိလား"

"အေးလေ . . . ချစ်မှာပေါ့။ နှင်တို့က ငယ်ပေါင်းတွေပဲဟာ။ ဒါနဲ့ နှင့်အိမ်က နှင့်ကို ထွန်းဇော်နဲ့ သဘောတူပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ယုံကြည်လာအောင် ကြိုးစားပြမယ်လို့ မောင်က ပြောတာပဲ"

"အင်း . . . လွယ်လွယ်နဲ့တော့ ဖြစ်မယ် မထင်ဘူး နော်၊ နင့်မိဘတွေက ထွန်းဇော်ဆိုရင် မျက်မုန်းကျိုးနေကြတာ"

"ဘယ်တတ်နိုင်မလဲဟာ။ ငါကတော့ တစ်နေ့ မောင်နဲ့အတူ လှပတဲ့အနာဂတ်လေးမှာ တစ်ရေတည်းသောက်၊ တစ်ခရီးတည်းသွားပြီး ဘဝခရီးကို အတူလျှောက်လှမ်းနိုင်မယ်လို့ ထင်ထားတယ်"

"အေးလေ . . . နင်တို့ ဆန္ဒအတိုင်းဖြစ်ပါစေလို့ ငါ ဆုတောင်းပေးပါတယ်ဟယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ သူငယ်ချင်းရယ်"

သူငယ်ချင်းဖြစ်သူ နင်းမေ၏ ဆုတောင်းသံကို သူမ နှစ်နှစ်ခြိုက်ခြိုက်ကြီး လက်ခံယူလိုက်တာပဲ မဟုတ်လား။

"ဟော . . . သမီး နှင်းမေရောက်နေတာကိုး"





"ဟယ် . . . မေမေတို့ ပြန်လာပြီ"

ဖေဖေနှင့်မေမေတို့က သူတို့နားတွင် ဝင်ထိုင်လိုက်ကြကာ။ ဖေဖေက . . .

"သမီး ဒီနေ့ မန္တလေးက သမီးအဒေါ် Phone ဆက်လာတယ်"

"ဘာတဲ့လဲ ဖေဖေ"

"ဪ . . . သမီးရဲ့အဒေါ်က သမီးကို မန္တလေးအလည်လာပါဦးတဲ့၊ အဲ့ဒါ သမီး မန္တလေးကို သွားရလိမ့်မယ်"

ဟင် . . . သူမ မန္တလေးသွားရလိမ့်မယ်တဲ့၊ ဟင့်အင်း . . . မသွားချင်ပါဘူး။ မန္တလေးကိုသွားရင် တော်ရုံတန်ရုံနဲ့ ပြန်ရမှာလည်း မဟုတ်ဘူး။ မသွားချင်ပါဘူး။ သွားလိုက်ရင် မောင်နဲ့ဝေးသွားမှာပေါ့။

"မသွားချင်ပါဘူး။ ဖေဖေကလည်း ဒေါ်လေးက မန္တလေးရောက်ရင် ပြန်လွှတ်ချင်တာ မဟုတ်ဘူး"

သူမ၏နှုတ်ခမ်းစူစကားလေးကြောင့် မေမေက .



www.burmeseclassic.com

www.burmeseclassic.com



"သမီး မသွားလို့ မရဘူးသမီး။ သမီးက မေမေတို့ရဲ့ တစ်ဦးတည်းသော သမီးလေး၊ ပြီးတော့ သမီး အဒေါ်ဆိုတာကလည်း အပျိုကြီးဆိုတော့ မေမေတို့ မောင်နှမနှစ်ယောက်မှာ အမွေပေးစရာဆိုလို့ သမီးလေးပဲ ရှိတာ။ အဲဒီတော့ မန္တလေးက မေမေတို့ပိုင်တဲ့ ပွဲရုံကိစ္စတွေကို သမီး သွားလေ့လာရလိမ့်မယ်။ ဒါမှ မေမေတို့ မျက်ကွယ်ပြု သွားရင် သမီးဒုက္ခမရောက်တော့မှာပေါ့"

"ဟာ . . . မေမေကလည်း အဲဒီကိစ္စတွေက စောပါသေးတယ်။ မေမေတို့က စိတ်အရမ်းပူတတ်တာပဲ"

"မပူလို့မရဘူး သမီး။ ကွေးသောလက်မဆန့်မီတဲ့ မေမေတို့က အသက်တွေကြီးနေပြီလေ၊ သမီး မေမေတို့ ပြောတဲ့အတိုင်း နာခံပါသမီးရယ်"

"ဟင့်အင်း . . . သမီးမသွားချင်သေးဘူး မေမေ။ သမီး ဒီမှာပဲ နေချင်သေးတယ်။ သမီးမသွားဘူး"

သူမ စကားဆုံးသည်နှင့် အခန်းထဲပြေးသွားပြီ။

မေမေနဲ့ ဖေဖေကတော့ သူမကို ကြည့်ကာ



သက်ပြင်းချရှုံသာ။

နှင်းမေကတော့ ပခုံးလေးနှစ်ဖက်တွန့်လိုက်တော့သည်။

ဝတ်မှုန် ဘာကြောင့် မန္တလေး မသွားတာလဲဆိုတာ၊ သူမ သိတာပဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းလေးက ရေးလက်ရာမှို့ အိုမင်းဟောင်းနွမ်းနေပြီ။ ဘုန်းကြီးကျောင်းဝင်းကြီးကလည်း အကြီးကြီးရယ်။ ဥပုသ်နေ့လည်း မဟုတ်။ အခါနေ့လည်း မဟုတ်သဖြင့် ဘုန်းကြီးကျောင်းမှာ တိတ်ဆိတ်နေပြီ။

ဘုန်းကြီးကျောင်းဝင်းကြီးကလည်း ကျယ်သလောက် လှေကားကြီးကလည်း ရှည်လွန်းလှသည်။

ဘယ်လက်ထက်ကတည်းက ဆောက်လာခဲ့တဲ့ ဘုန်းကြီးကျောင်းမှန်းမသိ။ တံတားဘေးနံရံတွေမှာ ရေညှိပုပ်ရောင်တွေကြောင့် မည်းနက်ပြီး ရင့်ရော်အိုမင်းနေပြီ။

●———ရွှေယွန်းနွေး———●



ထိုလှေကားလေး၏ တစ်ဝက်လောက်တွင် ထိုင်နေသော လူတစ်ယောက်။ သူက ထွန်းဇော်။ လက်ထဲမှာလည်း ကိုင်ထားသော စာရွက်အဖြူလေးတစ်ရွက်။ ဆေးစာရွက်ကလေး။ ထွန်းဇော် စာရွက်ကလေးကို ကြည့်ပြီး ယူကျုံးမရဖြစ်နေပုံ။ ဘယ်လောက်ပင် ငိုနေသည်မသိ။ မျက်လုံးတွေက နီရဲပြီး မို့အစ်နေပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေပေမယ့်လည်း သူ့ရဲ့ရှိုက်သံက တစ်ချက်တစ်ချက် ထွက်ပေါ်လာပြီ။

သူ့မှာ HIV ပိုးရှိတယ်တဲ့။ ငယ်ငယ်ကတည်းက နေ အရွယ်ရောက်တဲ့အထိ ဒီပိုးဖျော့ သူ့ထံရောက်လာ လိမ့်မယ်လို့ လုံးဝမထင်ထား။ အိပ်မက်တောင် မမက်ဖူးခဲ့။ အခုတော့ သူ့အိပ်မက်ထဲမှာတောင် မမက်ဖူးတဲ့ ဒီပိုးတွေက အပြင်လက်တွေ့မှာ သူ့ခန္ဓာကိုယ်ထဲကို ရောက်နေပြီတဲ့။

ရက်စက်လှတဲ့ လောကကြီးရယ် ဆိုးသွမ်းလှတဲ့ ကျွန်တော့်ကို ဒီ AIDS ရောဂါကြီးနဲ့ ဒဏ်ခတ်လိုက်တာလားဗျာ။ အဲ့ဒါဆိုရင် အဲ့ဒီအပြစ်က ကြီးလွန်းလှပါတယ်ဗျာ။

●———ရွှေယွန်းနွေး———●

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။ ဒီအပြစ်က သိပ်ကို ကြီးလွန်းတယ်။ သူ့ဘဝ သူ့အနာဂတ် ဒါတွေဟာ အစိတ်စိတ်အမွှာမွှာ ပဲ့ကြွေကုန်ပြီ။

ဒီမှူးယစ်ဆေးဝါးတွေကို သူ့ရဲ့ခန္ဓာကိုယ်ထဲ ထိုးသွင်းလိုက်တာ တစ်ကြိမ်တည်းပါ။ တကယ့်ကို တကြိမ်တည်းပါ။

အဲဒီတစ်ကြိမ်တည်းကြောင့် သူ့ဘဝ အစိတ်စိတ်အမွှာမွှာ ပဲ့ကြွေသွားလိမ့်မယ်လို့ သူလုံးဝ မထင်မှတ်ထားခဲ့။ အခုတော့ သူ့ရဲ့ ခန္ဓာကိုယ်ထဲမှာ ကြောက်စရာကောင်းတဲ့ HIV ပိုးကြီးရှိနေပြီတဲ့။

ဒီခန္ဓာကိုယ်ကြီးနဲ့ အမေ့ကို ဘယ်လိုပတ်သက်ရမှာလဲ။ ပြီးတော့ ဝတ်မှုန်။ သူတို့နဲ့ ငါဘယ်လို ပတ်သက်ရမှာလဲ။ ဒီအတိုင်းသာ အတူနေ၊ အတူစား၊ အတူသွားခဲ့ရင် ဒီရောဂါတွေ တစ်နေ့ သူတို့ဆီ ကူးသွားမှာပဲ။ လုံးဝကူးလို့မဖြစ်။ ဆိုးသွမ်းသောင်းကျန်းခဲ့တာ သူတစ်ယောက်တည်းပါ။ ဒါကြောင့် ဒီရောဂါကို သူတစ်ယောက်တည်း ခံမယ်။



ဘယ်လိုနည်းနဲ့မှ သူတို့ကို အကူးစက်မခံနိုင်။

ငါ့ကို သိပ်ချစ်ခဲ့တဲ့အမေ။ ငါ့ကို လူလားမြောက်အောင် ပြုစုပျိုးထောင်ပေးခဲ့တဲ့ အမေ။ ငါ့ကို အများတကာအလယ်မှာ မျက်နှာမငယ်အောင် ထားပေးခဲ့တဲ့ အမေ။ ဒီလောက်တောင် သူ့အပေါ်မှာ ဘာနဲ့မှနှိုင်းတု မမီအောင်မေတ္တာ ကရုဏာ စေတနာထားခဲ့တဲ့အမေ။

အမေ့ကို ဘယ်နည်းနဲ့မှ ဒီရောဂါကြီး အကူးစက်မခံနိုင်။ မွေးကျွေးကျေးဇူးကိုမှ မဆပ်နိုင်တဲ့ ငါလိုကောင်ရဲ့ဆီမှာရှိတဲ့ပိုးတွေသာ အမေ့ထဲကို ကူးသွားရင် ငါကျေးဇူးရှင်ကို ကျေးဇူးမဆပ်တဲ့အပြင် ကျေးစွပ်ရာ ရောက်မှာပေါ့။

အ . . . အမေရယ် အမေ့သား လူမိုက်ကြီးကို အမေ ခွင့်မလွှတ်ပါနဲ့ အမေရယ်။

ပြီးတော့ ဝတ်မှုန် ငါ့အပေါ်ငယ်ကတည်းက အနွံတာခံခဲ့တဲ့ ဝတ်မှုန်။ ငါ . . . ငါ့ကြောင့် သူ ဒုက္ခရောက်ပြီးဘဝဆုံးသွားနိုင်တယ်။ ဓါ . . . ငါ ဘာဆက်လုပ်ရမလဲ။

"အား . . . အား . . . အား"

www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်လွတ်လက်လွတ် အသံကုန် အော်ဟစ်လိုက်တော့သည်။ ပြီးတော့ သည်းထန်စွာ ငိုကြွေးလိုက်လေပြီ။

ငါ့ရဲ့ဘဝ ငါ့ရဲ့အနာဂတ် မျှော်လင့်ချက်တွေ ပျက်ကုန်ပြီ ဝတ်မှုန်ရယ်။

သူ တံတားဘေး နံရံကိုမှီကာ သည်းထန်စွာဖြင့် အရူးတစ်ယောက်လို ငိုကြွေးလိုက်တော့သည်။ အမှန်တကယ်ကို အရူးတစ်ယောက်လိုပါပဲလေ။





ဒေါ်လှခင်တစ်ယောက် ခြံဝမှာနေရင်း လည်တမျှော်မျှော်ဖြစ်နေပြီ။ မိုးက တအားချုပ်နေပြီ။ သားတော်မောင်က အခုထိ ပြန်မလာသေး။ သားလေး ဘာတွေများသွားလုပ်နေတာလဲမသိဘူး။ ဒီနေ့ နေ့လယ်ကတည်းက သားထွက်သွားတာ။ သွားတုန်းကလည်း မျက်စိပျက် မျက်နှာပျက်နှင့် သား ဘာတွေဖြစ်နေတာလဲ မသိ။ အခုတစ်လော သားလေးက ချူချာလာသလို။

သူမ တမျှော်တခေါ်လှမ်းကြည့်လိုက်တော့ မှောင်မည်းနေလိုက်တာ ဘာကိုမှ မမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့ မှောင်ရိပ်ထဲမှာ ဖြူဖြူသဏ္ဍာန်လေးလှုပ်ရှားလာပြီ . . .

ဟင် . . . သား . . . သားလေးများလား။

သူမ အငမ်းမရနှင့် မျှော်ကြည့်လိုက်တော့ လေးတွဲသောခြေလှမ်းများနှင့် ပုံရိပ်ကလေးက တဖြည်းဖြည်း သူနဲ့ နီးလာပြီ။ ပို၍နီးလာတော့ ပုံရိပ်ကပိုပြီး ပီပြင်လာပြီ။

ဟုတ်ပ။ သူ့သား ထွန်းဇော်ရယ်။ ခေါင်းလေးငုံ့ပြီး လေးကန်တဲ့ ခြေလှမ်းတွေနဲ့ လျှောက်လာတာ။ အရှေ့မှာ အမေတစ်ယောက်လုံး ရှေ့မှာရပ်နေတာကိုပင်မမြင်။ အနားလေးရောက်တော့ . . .

"သား"

သားက သူမကို မော့ကြည့်လာပြီ။

ဟင် . . . မျက်လုံးတွေမှာလည်း မျက်ရည်တွေ ဝိုင်းလို့ပါလား။ သား . . . သား ဘာဖြစ်ခဲ့တာပါလိမ့်။

"သား . . . သား ဘာဖြစ်ခဲ့တာလဲဟင်"

သူမက ပြောပြောဆိုဆို သားလုပ်သူ၏ ပခုံးလေး





နှစ်ဖက်ကို ဆွဲကိုင်မည်လုပ်တော့ သားက ကပျာကယာနှင့် နောက်ဆုတ်သွားပြီ။

"သား . . . သားကိုမကိုင်နဲ့ အမေ"

သူ့အသံက ထိတ်ထိတ်ပျာပျာနှင့်မို့ အမေက သူ့ကို ဖဝေဖဝါနှင့်ကြည့်ကာ . . .

"ဘာဖြစ်လို့လဲ သား"

"ဘာ . . . ဘာမှ မဖြစ်ပါဘူးအမေ။ သား . . . သား ဗိုက်ဆာပြီအမေ"

သူ့ အမေကျေနပ်အောင် စကားလမ်းကြောင်းပြောင်းလိုက်တော့မှ အမေ ကျေနပ်စွာပြုံးလိုက်ကာ . . .

"အြော် . . . ငါ့သားကတော့ ဖြစ်ရမယ်။ မနက်ကတည်းက ဘာမှမစားဘဲ ထွက်သွားတာထင်တယ်။ လာ . . . သား အမေလည်း ထမင်းစားဖို့ သားကို စောင့်နေတာ"

အမေက သားလုပ်သူကို ပခုံးတစ်ဖက်မှ ဆွဲကိုင်ကာ အိမ်ထဲဝင်မည်အပြု သူ့နောက်ဆုတ်ပြီး အမေ့လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ရှောင်လိုက်ကာ . . .

"အမေ ရှေ့ကပဲဝင်ပါ"

သားဖြစ်သူ၏ ပုံစံတွေက ဒီနေ့ထူးခြားနေသည်။ သူမကို ရှောင်ဖယ် ရှောင်ဖယ်နှင့်။ အင်းလေ သူကိုင်တာ မကြိုက်ရင်လည်း မကိုင်ရုံပေါ့။

"ဟင်း"

ဒေါ်လှခင် သက်ပြင်းရှည်ကြီးကို ချကာ အိမ်ပေါ်သို့ အရင်တက်ခဲ့လိုက်တော့သည်။



ထမင်းဝိုင်းမှာက ဒေါ်လှခင်တစ်ယောက် သားကို စားစေချင်လွန်းသော စေတနာနှင့်ချက်ထားသည့် ဟင်းတွေက ဖွယ်ဖွယ်ရာရာနှင့် စုံလင်လှပါသည်။

ထမင်းဝိုင်းလေးက စုံပြည့်နေပေမယ့် စားနေကြသည့် သားအမိနှစ်ယောက်က တိတ်ဆိတ်ပြီး ခြောက်ကပ်နေသည်။

ခြော် . . . စားပါစေတော့လို့ဆိုပြီး စေတနာနဲ့ ဟင်းတွေချက်ထားပေမယ့် သားလုပ်သူ ထမင်းစားနေတာ တို့ကနန်းဆိတ်ကနန်းရယ်။ သားလုပ်သူ ထမင်းစားမဝင်တာကို ကြည့်တော့ သူမ စိတ်မကောင်း။ စားနေသည့်

www.burmeseclassic.com

www.burmeseclassic.com



ထမင်းတောင် မျိုမကျချင်။

သားက ခေါင်းကလေးငုံ့ပြီး ထမင်းစားနေတာ သူမကို တစ်ချက်မှ မော့မကြည့်။

ကြာတော့ ဒေါ်လှခင် ရင်ထဲမှာ မချိတော့ . . .

"သား"

သူ ခေါင်းလေးမော့လာသည်။

"ထမင်းစား မကောင်းဘူးလား သား"

"ကောင်းပါတယ် အမေ။ ဘာဖြစ်လို့လဲ"

"သား စားနေတာကို ကြည့်ပြီး အမေ အားမရလိုက်တာ"

အမေ့စကားကို သူပြန်မဖြေပါ။ ခေါင်းလေးကိုငုံ့ကာ ထမင်းနယ်နေတော့ . . .

"သား . . . သား ဘာဖြစ်နေတာလဲ"

"ဘာ . . . ဘာမှမဖြစ်ပါဘူး အမေ"

"သား . . . အမေ့ကို ညာနေတာ"

အမေ့စကားကြောင့် သူ မျက်နှာပျက်သွားပြီ။



"ကဲပါ . . . သားမပြောချင်လည်း အမေ မမေးတော့ပါဘူး။ သား . . . သားကို အမေ ထမင်းခွံ့ကျွေးမယ်လေ"

"ဗျာ"

"သား စားနေတာကို အမေ အားမရဘူး သား။ အမေခွံ့ကျွေးမယ်နော်"

သူ အမေ့မျက်နှာကို သေချာကြည့်လိုက်မိသည်။ ဟုတ်ပ။ သူ့ကိုကြည့်ပြီး အမေ စိတ်မကောင်းဖြစ်နေသည်ဆိုတာ အမေ့မျက်လုံးတွေထဲကနေ သူမြင်နေရသည်။

သူ့အတွက်နဲ့ အမေ့ကို နောက်ထပ် စိတ်မဆင်းရဲစေချင်။ အမေ့သဘောအတိုင်း သူလိုက်လျောလိုက်တော့သည်။

ထမင်းလေး ခူးကျွေးတာနဲ့တင်တော့ ဒီရောဂါက မကူးစက်နိုင်လောက်ပါဘူးလေ။

"ဟုတ်"

သူ့ထံက ခွင့်ပြုချက်ရသွားသည်နှင့် အမေ့မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



လေး ပြုံးသွားသည်။ ပြီးတော့ ဟင်းအနှစ်တွေကို ထည့်ကာ နယ်ဖတ်ပြီး သူ့ကို ခွံ့ကျွေးတော့ သူ့အသားလေး ပါးစပ်ဟလိုက်တော့သည်။

အမေ့လက်ရာကို နောက်ဆုံးစားနေရတာမို့လို့လား မသိဘူး အမေရယ် အမေခွံ့ကျွေးတဲ့ ထမင်းတွေက စားလို့ကောင်းလိုက်တာ။ အမေရဲ့ မေတ္တာ စေတနာတွေကြောင့် ထင်ပါရဲ့နော်။

အဲဒီအမေ့ရဲ့ မေတ္တာ, စေတနာတွေနဲ့ မထိုက်တန်တဲ့သား။ အမေနဲ့အဝေးဆုံးကို ထွက်သွားရတော့မယ် အမေ။ သား ဒီကထွက်သွားရင် အမေ ဘယ်လိုခံစားရမလဲဆိုတာ သား စဉ်းစားမိပါတယ် အမေ။ ဒါပေမဲ့ သား ဒီလိုမှ မလုပ်ရင် အကုန် ဒုက္ခရောက်သွားနိုင်တယ်။ အမေရဲ့ သားကို ခွင့်လွှတ်ပါ အမေရယ်။

သူ့ကို ထမင်းခွံ့ပေးနေတဲ့ အမေ့ရဲ့အပြုံးဟာ ဇွေလမင်းကြီးရဲ့ မျက်နှာပြင်ထက်ကို ပိုပြီး အေးမြ ချမ်းအေးလွန်းလှပါတယ် အမေ။



ဝတ်မှုန်တစ်ယောက် ဆွယ်တာ အကျီလေးကို လက်ဆောင်ထုပ်ကလေးနှင့် ထုပ်ကာ ကိုင်ခဲ့လိုက်သည်။

ဒီနေ့ မောင်က ဆုံနေကျ မန်ကျည်းပင်ကြီးရဲ့ အောက်မှာ တွေ့ဖို့ခေါ်ထားတာ မဟုတ်လား။

ဒါကြောင့် မောင့်ကို သူမ ကိုယ်တိုင် ထိုးထားတဲ့ ဒီဆွယ်တာလေးကို ပေးဖို့ယူလာတာပေါ့။ မန်ကျည်းပင်ကြီး ဆီသို့လာနေသော ဝတ်မှုန်ရဲ့ခြေလှမ်းတွေက ပေါ့ပါးသွက်လက်နေပြီ။

မန်ကျည်းပင်ကြီးအောက်ကို ရောက်တော့ မောင်

www.burmeseclassic.com

www.burmeseclassic.com



က အမြစ်ဆုံကြီးပေါ်မှာထိုင်ကာ သူ့ကိုကြည့်နေတော့ သူမ ပြုံးပြကာ လက်ဆောင်ထုပ်ကလေးကို ထောင်ပြလိုက်သည်။ သူမ်ကို မြင်တော့ မောင်က မတ်တတ်ရပ်လိုက်သည်။

"မောင် . . . မောင့်ကိုလေ ဝတ်မှုန်ပြောစရာရှိတယ် သိလား။ ပြီးရင် ပေးစရာလည်း ရှိသေးတယ်"

ဟုတ်တယ်။ မောင့်ကို သူမ စကားတွေ အများကြီးပြောစရာရှိသည်။ မေမေတို့က သူမကို မန္တလေးပို့မယ်ဆိုတဲ့ ကိစ္စတွေရောပေါ့။ သူမ မောင့်ကို ချစ်လို့ငြင်းလိုက်တာတို့ရောပေါ့။ ဒါတွေကို မောင့်ကို အားရပါးရပြောရန် လုပ်နေစဉ် . . .

"မင်း . . . ငါပြောတာ အရင်နားထောင်ပါဦး ဝတ်မှုန်"

ဟင် . . . မောင် . . . မောင်က ဝတ်မှုန်ကို မင်းနဲ့ ငါနဲ့ ပြောနေတာပါလား။ သူမ မောင့်ရဲ့စကားသံတွေကို ကြားရတာ နားပင်မယုံနိုင်။ တအံ့တသြဖြစ်နေမိသည်။



စကားသံတွေက ရင့်သီးပြီး အေးစက်မာကျောနေတာပဲ မဟုတ်လား။

"မောင် . . . မောင် ဝတ်မှုန်ကို ဘယ်လိုကြီးပြောနေတာလဲ။ မင်းနဲ့ ငါနဲ့တဲ့"

"ဟုတ်တယ်။ မင်းကို ငါ ပြောစရာရှိတယ်။ အဲဒါ ငါအရင်ပြောမယ်။ ပြီးမှ မင်းပြော"

ဟင် . . . မောင့်စကားတွေက မာထန်ပြီးရင့်လွန်းလှပါလား။ နောက်နေတာလားလို့ မောင့်မျက်နှာကို သေချာကြည့်လိုက်တော့လည်း နောက်နေပုံမပေါက်။ မောင့်မျက်နှာက တကယ်ကို အတည်ပေါက်ကြီးနှင့်။

"မင်း ငါ့ကို မေ့လိုက်တော့ ဝတ်မှုန်"

"ရှင်"

သူမလန့်သွားကာ လက်မှကိုင်ထားသော အထုပ်ကလေးပင် လွတ်ကျသွားပြီ။

မင်း ငါ့ကိုမေ့လိုက်တော့တဲ့။ မောင့်နှုတ်ခမ်းက ဒီစကားပြောထွက်တယ်တဲ့လား။ ပြောရက်တယ်တဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တဲ့ မောင့်မျက်နှာတွေက အားစက်လှချည်လား။

"မောင် . . . မောင် နောက်နေတာတော့ မဟုတ်လောက်ပါဘူးနော်"

"မင်းလို ငါ့အတွက် အကျိုးမရှိတဲ့ မိန်းကလေးအတွက် ငါ့မှာ နောက်ဖို့အချိန်မရှိဘူး ဝတ်မှုန်။ ငါပြောချင်တာက မင်း ငါ့ကိုမေ့လိုက်ပါ"

"ဘယ်လိုမှ မဖြစ်နိုင်ဘူး မောင်။ ဝတ်မှုန်မှာ ဘာအပြစ်ရှိလို့လဲ မောင်"

သူမ အသံတွေက တုန်ယင်လို့ကိုမောလာပြီ။ ပြီးတော့ မျက်ဝန်းအိမ်မှာလည်း မျက်ရည်တွေကျလာပြီ။

"ဘာအပြစ်ရှိလို့လဲ ဟုတ်လား။ အေး . . . မင်းရဲ့အပြစ်က မင်းဟာ ကျိုကျိုတတ် ချမ်းသာနေတဲ့ သူဌေးမကြီးတစ်ယောက်မဟုတ်လို့ဘဲ ရှင်းပြီလား"

"လုံးဝ အဓိပ္ပာယ်မရှိဘူး မောင်။ မောင် ဘာတွေပြောနေတာလဲ"

"ဟား . . . ဟား . . . လုံးဝ အဓိပ္ပာယ်မရှိဘူး။



ဟုတ်လား။ ဘာလို့အဓိပ္ပာယ်မရှိရမှာလဲ။ သိပ်ရှိတာပေါ့ကွ။ အခု ငါ့ကို သိပ်ချစ်တဲ့ ကုမ္ပဏီပိုင်ရှင် သူဌေးမမ ရှိနေပြီကွ။ သူက ဘာမဆို လိုချင်တိုင်း ဖြည့်ဆည်းပေးတယ်၊ အခု ကားစီးချင်သလား ချက်ချင်းဖြည့်ဆည်းပေးနိုင်တယ်။ အဲဒီလို အရည်အချင်းတွေ မင်းမှာရှိလား"

ဟင် . . . ပြောရက်လိုက်တာ မောင်ရယ်။

အဲဒီလို မောင်ပြောသလိုတော့ ဝတ်မှုန် မဖြည့်ဆည်းပေးနိုင်ပေမယ့် မောင့်ကို အဲဒီမဖထက်သာအောင်တော့ အနွံတာခံနိုင်ပါတယ် မောင်။ မောင်ဟာ ငွေမက်ပစ္စည်းဥစ္စာမက်တဲ့ အတန်းအစားထား မောင်ရယ်။

"မှန်ပါတယ် မောင်။ ဝတ်မှုန်မှာ အဲဒီလို အရည်အချင်းတွေမရှိပါဘူး။ ဒါပေမဲ့ မောင့်ကို အဲဒီ မောင့် မမထက် ပိုပြီးချစ်နိုင်တဲ့ အရည်အချင်းတော့ရှိပါတယ်"

"ဟား . . . ဟား . . . အချစ် . . . ဟုတ်လား။ အဲဒီအချစ်က ဘာလုပ်စားလို့ရမှာလဲ။ ချက်စားလို့ရလား။ ဟား . . . ဟား"

www.burmeseclassic.com

www.burmeseclassic.com



"မောင် . . . မောင်စကားကို ဆင်ဆင်ခြင်ခြင်ပြောပါ မောင်။ ဝတ် . . . ဝတ်မှုန်တို့ စိတ်ကူးထားတဲ့ ပျော်ရွှင်စရာ အနာဂတ်ကလေးက မောင့်ရဲ့ ပကာသနဖက်မှုကြောင့် ပျက်စီးသွားရတော့မှာလား။ ဝတ်မှုန်ဘက်ကို နည်းနည်းလောက်၊ နည်းနည်းလောက် ငဲ့ကြည့်ပေးပါဦး မောင်ရယ်"

သူမ မျက်ရည်တွေ ပါးပြင်ပေါ်မှာ ပြည့်နက်ကုန်ပြီ။

"မင်းကို ငဲ့လိုက်ရင် ငါ့ဘဝအောက်ကို နိမ့်ကျသွားမှာပေါ့။ ဒီမှာ မှတ်ထား။ မင်းကိုငါ ချစ်လို့ ချစ်ခွင့်ပန်ခဲ့တာ မဟုတ်ဘူး။ ရှင်းလား"

"ရှင်"

မောင်က သူမကို ချစ်လို့ ချစ်ခွင့်ပန်ခဲ့တာ မဟုတ်ဘူးတဲ့။ ဒါ . . . ဒါဆို မောင် . . . မောင်က ဘာလို့ ချစ်ခွင့်ပန်ခဲ့တာလဲ။

ဝတ်မှုန် အံ့ဩလွန်းလို့ အသက်တောင် ရှူရဲ့လားမသိ။

●——ဪဪ——●



"ဟုတ်တယ်။ မင်းကို ချစ်ခွင့်ပန်ခဲ့တာ ချစ်လို့မဟုတ်ဘူး။ ငါတို့ရပ်ကွက်မှာ မင်းတို့က ပိုက်ဆံအရှိဆုံးပဲမဟုတ်ဘူးလား။ အဲဒီတော့ မင်းကိုသာ ငါရလိုက်ရင် ငါပိုက်ဆံတွေ လိုသလောက်ရမယ်၊ ဇိကိုကြိုက်သလောက် ရိုက်လို့ရမယ်၊ ဘိန်းကို ကြိုက်သလောက် ရှူလို့ရမယ်။ အဲဒီရည်ရွယ်ချက်တွေကြောင့် မင်းကို ငါချစ်ခွင့်ပန်ခဲ့တာ။ ဟား . . . ဟား . . . အခု ငါခွင်တွေ့ထားတဲ့ မမက မင်းတို့ထက် ချမ်းသာတယ်ကွ။ မင်းတို့ ချမ်းသာတယ်ဆိုတာ ဒီလောက်ကလေးပဲရှိတာယ်"

ထွန်းဇော်က မရှိသော လက်သည်းကို ထောင်ပြလိုက်တော့ သူမ သူ့ကို နာကြည်းစွာကြည့်လိုက်သည်။ ပြီးတော့ ရက်ရွံ့နာကြည်းသွားသည်။

သူမကို ချစ်တာ ငွေမက်လို့တဲ့။ သူမမှာဖြင့် ချစ်လိုက်ရတာ။ အနာဂတ်တွေ မျှော်လင့်လိုက်ရတာ။ အခုတော့ . . . အခုတော့ သူက ဝတ်မှုန်ကို မချစ်ခဲ့ဘူးတဲ့။ သူမ ရက်ရွံ့နာကြည်းမှုက အထွတ်အထိပ်သို့ တက်လာကာ

●——ဪဪ——●

www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း"

လက်ဝါးကလေးက မြန်လွန်းလှသည်။ ထွန်းဇော်ရဲ့ပါးပြင် ဖြူဖြူလေးတောင် လက်ဝါးရာ နီနီလေးစွန်းထင်းလို့။

သူမ ချစ်မြတ်နိုးစွာ နမ်းရှိုက်ခဲ့ဖူးသည့် သူ့ပါးပြင်၊ သူမ မထိရက်ခဲ့သော သူ့ပါးပြင်ဟာ အခုတော့ သူမ ရက်ရက်စက်စက် ရိုက်ပစ်လိုက်တဲ့နေရာ ဖြစ်သွားပါလား။

ပြီးတော့ သူ့ကို ဝတ်မှုန် စက်ဆုပ်ရွံရှာသော အကြည့်ဖြင့်ကြည့်လိုက်ကာ . . .

"နင်ဟာ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးပဲ ထွန်းဇော်။ ငါ့မှာတော့လေ နင့်ကို ယုံပြီး ချစ်လိုက်ရတာ၊ မျှော်လင့်လိုက်ရတာ၊ အခုတော့ နင်ဟာ ငါ့ရဲ့အနာဂတ် ငါ ရဲ့မျှော်လင့်ချက်တွေကို နင် ရိုက်ချိုးပစ်လိုက်တာပဲ။ ငါ့ရဲ့ မေတ္တာကို နင်စော်ကားတယ်။ နင် . . . နင် ငါ့ရဲ့အချစ်ကို ညာယူတယ်။ ငါ . . . ငါ နင့်ကို သိပ်မုန်းတယ် ထွန်းဇော်။ သိပ်မုန်းတယ်"





သူမ မျက်နှာမှာ မျက်ရည်တွေ အိုင်ထွန်းလေသော သူ့မျက်နှာကို ကြည့်လိုက်တော့ မထီမဲ့မြင်လေသံနှင့် . . .

"ဒါ . . . နင့်ဘာနင်ယုံခဲ့တာပဲ ဝတ်မှုန်။ ငါဟာ လူမိုက် လူရမ်းကား၊ ဓါးသမားဆိုတာ နင် သတိထားမိဖို့ကောင်းတယ်"

"ဟုတ်တယ်။ နင်က လူမိုက် လူရမ်းကား၊ ဓါးသမား။ အဲဒါကို ငါယုံပြီး ချစ်ခဲ့မိတာ ငါ့အမှားပဲ။ အေး . . . နင်တစ်နေ့ ငါခံစားရသလို မခံစားရပါစေနဲ့လို့ ငါဆုတောင်းပေးပါတယ်။ ငါသွားတော့မယ်"

သူမ စကားဆုံးသည်နှင့် သူ့နှင့်ဆန့်ကျင်ဘက်ကို လှည့်လိုက်သောအခါ မျက်ရည်စီးကြောင်းလေးသည် ပါးပြင်ပေါ်မှ ဖြတ်ကာ မြေပြင်ပေါ်သို့သက်ဆင်းသွားလေပြီ။

သစ္စာမရှိတဲ့လူအတွက်နဲ့ မျက်ရည်ကျရတာ မတန်လိုက်တာ။ ဒါပေမဲ့ မတန်ပေမယ့်လည်း ဒီမျက်ရည်တွေကို ဝတ်မှုန်မှ မထိန်းနိုင်တာပဲ။

သူမ မျက်နှာလေးကို လက်ဝါးနှင့်အုပ်ပြီး သူ့



www.burmeseclassic.com

www.burmeseclassic.com



အနားမှ ပြေးထွက်သွားလေပြီ။

"ဝတ်မှုန်"

သူ အကျယ်ကြီး လှမ်းမခေါ်ရဲ။ တိုးညင်းသော လေသံလေးဖြင့် ညည်းရုံ။

ဝတ်မှုန်ရဲ့အရှေ့မှာ မငိုမိအောင် တင်းထားမိသော သူ့စိတ်တွေ ဖြေလျှော့သွားသောအခါမှတော့ ပုလဲဥတို့ ခြေခလေပြီ။

ငါ့ . . . ငါ့ကို ခွင့်မလွှတ်ပါနဲ့ ဝတ်မှုန်ရယ်။ နင် နင် ငါ့ကို သံယောဇဉ်ဖြတ်ပြီး ရက်ရက်စက်စက်မုန်းသွားလိုက်စမ်းပါဟာ။ ငါ နင့်ရဲ့အမုန်းကို ကျေကျေနပ်နပ်ကြီး ခံယူပါ့မယ်။ အခုတော့ နင့်ပါးစပ်ကသာ ငါ့ကို မုန်းတယ်ပြောသွားတာဟာ။ နင့်ရဲ့အသည်းနှလုံးထဲကနေ ငါ့ကိုချစ်နေသေးတယ်ဆိုတာ ငါမြင်နေရတယ် ဝတ်မှုန်ရယ် . . .

သူ့အကြည့်တွေက မြေပြင်ပေါ်မှ အထုပ်ကလေးဆီ ရောက်သွားပြီ။

သူ လှမ်းကောက်လိုက်ကာ ဖွင့်ကြည့်လိုက်တော့





စာရွက်ကလေးတစ်ရွက်နဲ့ ဆွယ်တာ အင်္ကျီအဖြူလေး စာရွက်ကလေးမှာ ရေးထားတာက . . .

"ချစ်သော မောင့်အတွက် ဝတ်မှုန်" တဲ့။

သူ အင်္ကျီလေးကို ရင်မှာအပ်ကာ အရူးတစ်ယောက်လို အော်ငိုလိုက်မိတော့သည်။ ပြီးတော့ မြေပြင်ပေါ်သို့ ထိုင်ချလိုက်ကာ တအီအီနှင့်။

ဝတ်မှုန်ရယ် မောင်သိပ်ချစ်ရတဲ့ ဝတ်မှုန်ရယ် မောင့်ရဲ့အသည်းတွေ အစိပ်စိပ်အမွှာမွှာဖြစ်ကုန်ပြီ ဝတ်မှုန်ရယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုန်တစ်ယောက် အခန်းထဲရောက်သည်နှင့် တစ်ပြိုင်နက် အားရပါးရထိုင်ငိုတော့သည်။

မောင်ရယ် ရက်စက်လိုက်တာကွယ်။ မောင့်ကို သိပ်ချစ်ခဲ့မိတဲ့ ဝတ်မှုန်က အရူးတစ်ယောက်လား၊ မဟုတ်ပါဘူး မောင်၊ ဝတ်မှုန် တကယ်ရူးခဲ့တယ်ဆိုရင်လည်း မောင့်ကို သိပ်ချစ်လို့ ရူးခဲ့တာပဲ မောင်။ ရူးခဲ့လို့လည်း မောင်နဲ့အတူ ဘဝခရီးတစ်ခုတည်းကို အတူလျှောက်မယ်လို့ စိတ်ကူးယဉ်ပြီး အနာဂတ်ဗိမာန်လေး တည်ဆောက်နေတာပေါ့။ အခုတော့ မောင်ရယ် အားလုံးဟာ တစ်စစီပြိုကွဲသွား





ရပြီတဲ့လား။

မောင်က ဝတ်မှုန်ကို မချစ်ဘူးတဲ့။ ဝတ်မှုန်တို့ ပိုင်ဆိုင်မှုတွေကို မြတ်နိုးလို့ ချစ်ဟန်ဆောင်ခဲ့တာတဲ့။ ရက်စက်လိုက်တာ မောင်ရယ်။ လုံးဝကို မထင်ထားခဲ့မိပါဘူး။ ဟန်ဆောင်ကောင်းလိုက်တာ မောင်ရယ် . . .

"တောက်"

သူမ မျက်ရည်များကြားမှ တောက်တစ်ချက်ကို ပြင်းစွာခေါက်လိုက်သည်။ ပြီးတော့ ငိုကြွေးနေသော မျက်နှာမှာ တဖြည်းဖြည်းခက်ထန်လာတာ . . .

နင်ဟာ လုံးဝသစ္စာမရှိတဲ့အကောင်။ နင့်အတွက်နဲ့ ငါမျက်ရည်ကျရတာ လုံးဝမတန်ဘူး။ ငါ့ရဲ့မျက်ရည်တွေ သနတယ်၊ ယောကျ်ားပိုင်းလုံးကောင်။ ငွေမြင်ရင် ငမ်းငမ်းတက်တဲ့ကောင်။

စိတ်ချပါ ယွန်းဇော်၊ နင့်ကိုချစ်နေတဲ့ မမလောက် ငါက မချမ်းသာပေမယ့်၊ နင့်ကိုချစ်တဲ့ ငါ့ရဲ့စိတ်က အဲဒီနင်နင်ပြောတဲ့ မမဆိုတာထက် ဆယ်ဆာမကသာတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



နင်နားလည်ထားပါ။

ငါ နင်ပြောတဲ့ မမထက် ချမ်းသာလာအောင်လုပ်မယ်။ ပြီးရင် ငွေမြင်ရင် ငမ်းငမ်းတက်တဲ့ နင့်ရဲ့မျက်နှာကို ငွေနဲ့ကိုပေါက်ပစ်မယ်။ ထွန်းဇော် နင်လို ယောက်ျားမပီသတဲ့ ယောက်ျားတစ်ယောက်ကို ငါလွမ်းနေ၊ ဆွေးနေမယ့်အစား ငါ့အဒေါ်ရဲ့ ပွဲရုံမှာသွားလုပ်နေရင်တောင် ငါ့အတွက်အကျိုးရှိသေးတယ်။ စိတ်ချ ထွန်းဇော် နင်လို သစ္စာမရှိ၊ အောက်တန်းကျ၊ သူ့ရဲဘောကြောင်တဲ့ ယောက်ျားပိုင်းလုံးကို ငါမေ့နိုင်အောင် ကြိုးစားမယ်။

ဝတ်မှုန် အံ့လေး တင်းတင်းကြိတ်လိုက်သည်။ ပြီးတော့ ပါးပြင်ပေါ်မှ မျက်ရည်များကို ခပ်ကြမ်းကြမ်းသုတ်လိုက်ပြီ။

အချစ်ကြီးရင် အမုန်းကြီးတတ်တယ်တဲ့။ အဲဒါကို နင်အမြဲမှတ်ထား ထွန်းဇော်။

—— ဖျော —— 



"သူငယ်ချင်းရာ ငါတို့နဲ့မတွေ့တဲ့ အချိန်အတောအတွင်းမှာ မင်း တအား ပိန်သွားလိုက်တာကွာ"

သူ့ကို ကြည့်ကာ စိတ်မကောင်းဖြစ်နေသော ဝင်းခန့်စကားကို အောင်ချမ်းကလည်း . . .

"ဟုတ်ပကွာ။ မင်းဘာတွေ လုပ်နေလို့လဲ ထွန်းဇော်။ မင်းရဲ့ပုံစံကို ကြည့်ပြီး ငါ စိတ်မချမ်းသာလိုက်တာကွာ"

သူတို့နှစ်ယောက်ရဲ့ စကားကြောင့် သူစိတ်မပါဘဲ သောက်နေသော လက်ဖက်ရည်ခွက်ကို ချလိုက်ကာ . .

—— ဖျော ——

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာမှမလုပ်ပါဘူးကွာ။ အခုတစ်လော အိပ်ရေးတွေ ပျက်လို့ပါ"

သူ့စကားကြောင့် ဝင်းခန့်က . . .

"ကျန်းမာရေးကို ဂရုစိုက်ပါကွာ။ မင်းမှာ အခက်အခဲ တစ်ခုခုဖြစ်နေရင် ငါတို့ကို ပြောလေ သူငယ်ချင်း။ ငါတို့တတ်နိုင်ရင် ကူညီမှာပေါ့"

"ဟုတ်တယ် ထွန်းဇော်။ ငါတို့က မင်းရဲ့အချစ်ဆုံး သူငယ်ချင်းတွေပါကွာ။ မင်း ဒုက္ခတစ်ခုခုဖြစ်ရင် ငါတို့ကို တိုင်ပင်ပါလားကွ။ ငါတို့ တတ်နိုင်သလောက် ကူညီကြမှာပါကွာ"

"ငါဘာမှ မဖြစ်ပါဘူးကွာ"

ဝင်းခန့်က သူ့မျက်နှာကို သေချာကြည့်ကာ . . .

"ထွန်းဇော် ငါတို့ဟာ မင်းနဲ့တွဲလာကြတာ အခုမှ မဟုတ်ဘူးကွ။ ဟို . . . ငယ်ငယ်လေးကတည်းက မင်းအခု ဘာတွေဖြစ်သလဲဆိုတာ ငါတို့မသိပေမယ့်၊ မင်းတစ်ခုခု ဖြစ်နေတယ်ဆိုတာ မင်းရဲ့မျက်နှာမှာ ငါတို့မြင်နေရတယ်"





"ဟုတ်တယ်။ ထွန်းဇော် ငါတို့ကို ပြောပြပါကွာ"

သူငယ်ချင်းပီသသော ဝင်းခန့်နှင့်အောင်ချမ်းတို့ကို သူပြုံးကာ ကြည့်လိုက်ပြီးနောက် . . .

"အေးပါကွာ၊ မင်းတို့ကို ငါပြောပြမှာပါ။ ဒါပေမဲ့ အခုတော့ အချိန်မတန်သေးလို့ ငါမပြောပြတာ ခွင့်လွှတ်ပါကွာ။ တစ်နေ့နေ့ကျရင်တော့ ငါ မင်းတို့ရဲ့ အကူအညီကို လိုလာမှာပါကွာ"

"အေးကွာ . . . အဲဒီအချိန်ကျရင် ငါတို့အစွမ်းကုန် ကူညီပေးပါ့မယ်"

အောင်ချမ်းက . . .

"ဝတ်မှုန် မန္တလေးသွားမှာ မင်းသိပြီးပြီလား"

"ဟင်"

အောင်ချမ်းစကားကြောင့် သူ မျက်လုံးပြူးသွားပြီ။ ဝတ်မှုန် မန္တလေးသွားမှာတဲ့။

"ဝတ် . . . ဝတ်မှုန် မန္တလေးသွားမှာ ဟုတ်လား"

"ဟုတ်တယ်လေ။ မင်းမသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ . . . ငါမသိဘူးကွ"

ဝင်းခန့်ကလည်း . . .

"ဟာ . . . မင်းကလည်း ဟိုက သွားတောင်သွားတော့မယ်"

"ဟင် . . . သူက သွားတော့မှာ ဟုတ်လား။ ဘယ်ဘယ်နေ့သွားမှာလဲ"

"ဒီနေ့ပဲကွ။ အခု မနက်ကိုးနာရီပဲ"

"ဟင်"

သူ နာရီကို ကမန်းကတန်းကြည့်လိုက်တော့ ရှစ်နာရီကွက်တိ ထိုးနေပြီ။

သူ ထိုင်နေရာမှ ကမန်းကတန်းထက လက်ဖက်ရည်ဆိုင်ထဲမှ လျင်မြန်စွာ ပြေးထွက်ခဲ့တော့သည်။

"ဟာ . . . ဟေ့ကောင် . . . ထွန်းဇော် ဘာဖြစ်တာလဲ"

ဝင်းခန့်အသံကို သူမကြားတော့။ သူ့ခြေထောက်တွေက ဝတ်မှုန်တို့ အိမ်ဘက်သို့ ဦးတည်နေပြီ။





ချစ်သူရယ် မင်း ကိုယ်နဲ့ဝေးရာကို သွားတော့မှာလားကွာ။

သူပြေးနေတဲ့ ခြေလှမ်းတွေက သွက်လှသည်။ ချစ်သူမျက်နှာကို တွေ့မှတွေ့ပါဦးမလား။ နောက်ဆုံးအခေနနှင့်ချစ်သူကိုတော့ ကြည့်သွားချင်သည်။ နောက်ပြန်တွေ့ဖို့ဆိုတာ မသေချာတော့ဘူး မဟုတ်လား။

သူ ဝတ်မှုန်တို့ ခြံနားကိုရောက်တော့ ကံကောင်းစွာပင် ဝတ်မှုန်တို့ ကားလေးက မထွက်ခဲ့သေး။ ခြံရှေ့မှာရပ်ထားဆဲ။

"ဟင် . . . ဝတ်မှုန်"

ဝတ်မှုန်က ခြံထဲမှ ထွက်လာပြီ။ သူ့ကို ဝတ်မှုန်မြင်သွားမှာစိုးတာနှင့် သူနီးရာအပင်နားတွင် ကွယ်လိုက်ကာ ခေါင်းကလေးသာထွက်ပြီး သူမကို ခိုးကြည့်နေမိသည်။

အကျီအဖြူလေးမှာ အစိမ်းနုရောင် အနွေးထည်လေးထပ်ပြီး ဝတ်ထားသော ချစ်သူ။ ဂျင်းဘောင်းဘီလေး



www.burmeseclassic.com

နှင့် လှလိုက်တာ ချစ်သူရယ် . . .

မင်းကို ငါ စွန့်လွှတ်ရတော့မှာလား။

ဆိုတဲ့အသိက ဝင်လာသဖြင့် သူ့မျက်ဝန်းလေးတွေ နီရဲလာပြီ။

ချစ်သူရဲ့ မျက်နှာလေးကို တမ်းတစွာ ငေးကြည့်လိုက်တော့ ချစ်သူမျက်နှာက လန်းလန်းဆန်းဆန်းမရှိ။ ချစ်သူ မပျော်ရွှင်နေပါလား။ အဲဒီအပျော်ရွှင်မှုဟာ မောင်နဲ့ ပတ်သက်နေရင်တော့ မောင့်ကိုခွင့်လွှတ်ပါ ချစ်သူရယ်။

ဝတ်မှုန်က ကားထဲသို့ ဝင်ခါနီး သူရှိရာဘက်သို့ လှမ်းမျှော်ကြည့်လိုက်တော့ သူအပင်နောက်တွင် လျင်မြန်စွာ ကွယ်လိုက်သည်။ မျက်လုံးလေးကို မှိတ်လိုက်တော့လည်း ပါးပြင်ပေါ်မှာ မျက်ရည်တွေစီးကျသွားပြီ။

ချစ်သူ မင်း တစ်နယ်မှာပျော်ရွှင်ပါစေလို့ မောင်ဆုတောင်းပေးပါတယ် ချစ်သူရယ်။

သူ အတန်ကြာမှ ကွယ်ဝှက်နေရာမှ ခေါင်းလေးပြန်ပြူလိုက်တော့ . . .



"ဟင်"

သွားပြီ။ ကားလေးက အဝေးကြီးပင်ရောက်သွားပြီ။ ချစ်သူကို တင်ဆောင်သွားတဲ့ ကားလေး ထွက်သွားတော့ သူ့ရင်ထဲမှာ အသည်းနှလုံးပါ ထွက်သွားသလို ရင်ထဲမှာ ဟာတာတာကြီးကျန်ခဲ့ပြီ။

ချစ်သူ စီးနင်းတဲ့ကားလေး မြင်ကွင်းထဲမှ ပျောက်ကွယ်သွားတော့မှ သူ အပင်လေးရဲ့အကွယ်လေးမှ ထွက်ခဲ့ကာ ချစ်သူသွားသောလမ်းဘက်သို့ မျှော်ကြည့်လိုက်သည်။

ပါးပြင်မှာလည်း ပုလဲလုံးလေးတွေနှင့် မျက်လုံးလေးက ပတ္တမြားရောင်ပေါက်နေပြီ။

အချစ်ဆိုတာ ရယူခြင်း၊ ပေးဆပ်ခြင်း၊ စွန့်လွှတ်အနစ်နာခံခြင်းဆိုရင် မောင်ဟာ ဝတ်မှုန်အတွက် စွန့်လွှတ်အနစ်နာခံခြင်းပါပဲ ဝတ်မှုန်ရယ် . . .

အဲဒီ စွန့်လွှတ်အနစ်နာခံခြင်းကို ခံယူရတဲ့ လူတစ်ယောက်ရဲ့ ရင်တွင်းခံစားမှုမှာကား . . .

www.burmeseclassic.com



သူ့အခန်းထဲက အခန်းမီးမှိတ်သွားပြီ။ သို့သော် စာပွဲပေါ်မှ အလင်းရောင်မီးအိမ်လေးက မပိတ်သေး။

သူ စာရွက်ဖြူလေးပေါ်မှာ စာလေးတွေ ရေးနေလိုက်သည်။ မျက်လုံးများမှာလည်း မျက်ရည်တွေနှင့် ရေးနေတဲ့ လက်တွေကလည်း တုန်ရီနေပြီ။

**အမေ**

သား ရှိသေးစွာ စာရေးခဲ့ပါတယ်။ အမေ အမေ့ရဲ့သား လှမိုက်ကြီး တစ်ကြိမ်ပဲ အလွန်အကြူး မိုက်ခဲ့မိတယ် အမေ။ အဲဒီ အမှားကြီးမိုက်



ခဲ့တဲ့အမှားက သားရဲ့ဘဝတစ် ခုလုံးကို ပျက်စီးသွားစေခဲ့တယ်ဆိုတာ သား အဲဒီအချိန်တုန်းက မသိခဲ့ဘူး အမေ။ သားသိတဲ့အချိန်ဟာ နောက်ကျသွားပြီး အမေ။ သားမှာလေ ဘဝတစ်ခုလုံးဆုံးရှုံးမည့် ရောဂါကြီးရှိနေပြီ အမေ၊ အဲဒီရောဂါကို အမေ့ကို မကူးစေချင်ဘူး။ သားမိုက်ခဲ့တဲ့အပြစ်တွေကို သားတစ်ယောက်တည်းပဲခံပါ့မယ်။ ဘယ်သူ့ကိုမှမျှဝေ မခံစေချင်ဘူး။ ဒါကြောင့် သား ဒီအိမ်ကနေ ထွက်သွားပြီအမေ။ အမေ့ကို စိတ်ဆင်းရဲအောင်လုပ်ခဲ့တဲ့ အမေ့ရဲ့သားကို တစ်သက်လုံး ခွင့်မလွှတ်ပါနဲ့။

အမေထာဝရ ကျန်းမာပါစေ။

**အမေ့ရဲ့သား လှမိုက်ကြီး ထွန်းဇော်**

သူ စာရွက်ကလေးကို ကြည့်ကာ မျက်ရည်တွေ ကျလာပြီ။

အမေရယ် သား ဒီလိုလုပ်လိုက်လို့ အမေ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုခံစားရမလဲဆိုတာ သားသိပါတယ် အမေ။ ဒါပေမဲ့ သား မိုက်ခဲ့မိတဲ့ အပြစ်တွေကြောင့် အမေ ဘယ်တော့မှ ခွင့်မလွှတ်ဘဲ သားကို အနာကြီး နာလိုက်စမ်းပါအမေရယ်။

သူ စာရွက်ကလေးကို ခေါက်လိုက်ပြီး စားပွဲပေါ်မှာ တင်လိုက်သည်။

ပြီးတော့ အဝတ်အစားတွေထည့်ထားသော အိတ်ကို လွယ်လိုက်ကာ အခန်းထဲမှ ထွက်ခဲ့လိုက်သည်။ ပြီးတော့ အမေ့ရဲ့အခန်းရှေ့သို့လျှောက်လာခဲ့ အမေက ခုတင်ပေါ်မှာ အိပ်ပျော်နေတာ အေးအေးချမ်းချမ်းရယ် . . .

သူ အမေ့မျက်နှာလေးကို တမ်းတမ်းတတဆွေးဆွေးမြည့်မြည့်လေးကြည့်လိုက်ကာ မျက်ရည်တွေ ကျလာပြီ။

ပြီးတော့ တံခါးဝမှာ ဒူးလေးတုပ်ထိုင်လိုက်သည်။ ပြီးတော့ ပခုံးမှ လွယ်အိတ်ကလေးကို ခဏချကာ လက်အုပ်ကလေးချီလိုက်သည်။

အမေ . . . အမေ့ကို သားကန်တော့ခဲ့ပါတယ်။





အမေ့သားလူမိုက်ကြီး အမေ့ကို ကန်တော့ခဲ့ပါတယ် အမေ။ အမေ့ကို ဘယ်တုန်းကမှ စိတ်ချမ်းသာအောင် မထားခဲ့မိတဲ့ အမေ့သားလူမိုက်ကြီးကိုလေ အခု ကံကြမ္မာကြီးက ဒဏ်ခတ်ထားပြီ အမေရယ်။ အမေ သားကိုနားလည်ကျေနပ်နိုင်ပါစေ အမေ။ အမေရဲ့အေးချမ်းတဲ့ မေတ္တာနွေးထွေးတဲ့ အမေ့ရဲ့ရင်ခွင် ဒါတွေကို သားအရင်းတည်ပြီး ကန်တော့ခဲ့ပါတယ်။ အမေ့ကိုသား ကန်တော့ခဲ့ပါတယ် အမေ။

သူ လက်အုပ်ကလေးကို ကြမ်းပြင်ပေါ်သို့ချကာ ဦးသုံးကြိမ်ချလိုက်တော့သည်။

ပြီးတော့ လွယ်အိတ်ကလေးကို ပြန်လွယ်ကာ မျက်ရည်တွေရောစွတ်နေတဲ့ မျက်ဝန်းတွေနှင့် အမေ့မျက်နှာလရိပ်ကို တစ်ချက်မျှကြည့်ကာ အမေ့အနားမှ ထထွက်ခဲ့တော့သည်။

ခြံရှေ့ရောက်တော့ အိမ်ကလေးကို ပြန်လှည့်ကြည့်လိုက်သည်။

သူ့ကို ဘယ်လောက်ဆိုးဆိုး ဘယ်လောက်ပဲ



www.burmeseclassic.com

www.burmeseclassic.com



မိုက်ခဲ့၊ မိုက်ခဲ့၊ ပြန်လာတိုင်း နွေးထွေးတဲ့အပြုံးနဲ့ ကြိုနေတတ်တဲ့အမေ။ ပြီးတော့ အမေ့အိမ် . . .

ဒါတွေကို သူ စွန့်လွှတ်ရပြီလေ။ သူနဲ့ မတန်လို့ပေါ့။ သူ အမေ့အိမ်လေးကို ကျောခိုင်းလိုက်ပြီ။ အမေ့အိမ်ကို ကျောခိုင်းလိုက်သည်နှင့် သူပိုင်ဆိုင်သော လမ်းတွေက ခရောင်းလမ်းချည်းသာ။

သူ့ရိန်နေမင်းကြီးက ရွှေဝါရောင် အလင်းတွေနဲ့ အတူ ကမ္ဘာကြီးအပေါ်ကို ဖြန်းပက်စပြုလေပြီ။

ပင်ယံထက်ဆီမှ ငှက်ကလေးများကလည်း တကျီကျီ အော်မြည်ကြကာ အစာရှာလုပ်ငန်းကို စတင်နေကြပြီ။

"ဒေါက် . . . ဒေါက်"

"သား . . . ထတော့လေ သားရဲ့ မိုးလင်းနေပြီ"

သူမ ခေါ်နေပေမယ့် သားအခန်းထဲက ဘာမှ ပြန်ထူးသံမကြားရ။

"သား . . . သား . . . ဩော် . . . ဒီကလေး



အအိပ်ကကြီးသနဲ့"

သူမ သားကို နှိုးရန်တံခါးဖွင့်ကာ ဝင်ခဲ့တော့ . . .

"ဟင်"

ခုတင်ပေါ်မှာ သားက မရှိ။ ဖွာလန်ကြဲနေသော စောင်တွေသာ ဖရိုဖရဲနှင့်။

"ဒီကလေး စောစောစီးစီး ဘယ်ကို သွားနေတာလဲမသိဘူး"

သူမ စောင်ကို ခေါက်ရန် လုပ်လိုက်ပြီးတော့ စောင်စတွေကို ဆွဲလိုက်တော့ ခေါင်းအုံးလေးနှင့်မလွတ်သဖြင့် ခေါင်းအုံးလေးလန်သွားပြီ။

"ဟင်"

သူမ မျက်လုံးက ခေါင်းအုံးအောက်မှ စာရွက်ဖြူလေးဆီရောက်သွားပြီ။

သူမ ယူဖတ်လိုက်တော့ ဆေးစာရွက်လေး . . .

"အမလေး"

သူမ စာရွက်ကလေးကိုဖတ်ပြီး လန့်ဖျပ်သွားသော။

www.burmeseclassic.com



ဆေးစာရွက်ကလေး လွတ်ကျသွားသည်။

သား . . . သားဆီမှာ AIDS ရောဂါရှိတယ်တဲ့၊ အမလေး . . . ဘုရား . . . ကယ်တော်မူပါ။ သား . . . သားလေးကို ကယ်တော်မူပါ။

အမလေး၊ ငါ့သားလေး လူဖြစ်ရှုံးပါပြီ။

သူမ နှုတ်ခင်ပေါ်ထိုင်ကာ ငိုလေပြီ။

သားလေးက ဒါကြောင့် အနုတစ်လော မှုပျက်နေတာကိုး။

သူမကိုတောင် အကိုင်မခံတာ ဒါကြောင့်ကိုး။

သူမ မျက်လုံးတွေက ကြေကွဲစွာငိုနေရင်း စားပွဲပေါ်ကို ရောက်သွားပြီ။

စာရွက်ခေါက်ကလေး။ သူမ လှမ်းယူကာဖတ်လိုက်တော့ . . .

"သား . . . သားလေး"

စာရွက်ကလေးကို ဆုံးအောင်ဖတ်လိုက်တော့ သူမ အရူးတစ်ယောက်လို အော်လိုက်မိသည်။



"သား . . . သား ဘယ်မှမသွားရဘူး၊ အမေ့သားက အမေ့ကိုထားပြီး ဘယ်မှမသွားရဘူး၊ အမေ့ကို ထားမသွားပါနဲ့သားရယ် . . . သား"

သူမ ငိုကြွေးနေတာ အရူးတစ်ယောက်လိုရယ်၊ ရှိတာမှ သူမတို့ဘဝမှာ ဒီအမေ ဒီသားနှစ်ယောက်တည်းရယ်၊ အခုတော့ သားက သူမကို ထားပြီး အဝေးကြီးကို ထွက်သွားပြီတဲ့၊ မဖြစ်ရဘူး၊ မဖြစ်ရဘူး၊

ငါ့သားလေးမှာ ဘာရောဂါပဲ ဖြစ်ဖြစ် ငါ့ဆီကူးလို့လည်း သေချင်သေသွားပါစေ၊ သားလေး အမေ့ကို တစ်ယောက်တည်းမထားခဲ့ပါနဲ့၊ အမေ မနေတတ်ဘူးသားရယ်။

သား . . . သားမှာ ဘာရောဂါပဲရှိရှိ ပြုစုရမှာ အမေ့တာဝန်ပါ။

သားရယ် မေ့ဆီပြန်လာခဲ့ပါသားရယ်။

သူမရဲ့ မျက်ဝန်းက မျက်ရည်ဥတွေဟာဖြင့် သားတစ်ယောက် ဆုံးရှုံးမှုကြောင့် ထွက်ပေါ်လာသော မျက်ရည်တွေ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း မျက်ရည်တွေက ဖြူစင်နေတာပေါ့။

[illegible]



ညနေခင်းလေးမှို့ လေနုအေးလေးက ပတ်ဝန်းကျင်တစ်ခွင်လုံးကို ပက်ဖျန်းပေးနေပြီမို့ ပတ်ဝန်းကျင်တစ်ခွင်လုံးက တိတ်ဆိတ်နေဆဲ။ မန်ကျည်းပင်ကြီးလည်း တိတ်ဆိတ်လို့။ အထူးသဖြင့် တိတ်ဆိတ်နေကြသူတွေက မန်ကျည်းပင်ကြီးအောက်မှာ ထိုင်နေကြသော ထွန်းဇော်တို့ သူငယ်ချင်းသုံးယောက်။

သူတို့တွေက တိတ်ဆိတ်နေပေမယ့် ရင်ထဲမှာကား ပွင့်ထွက်ပေါက်ကွဲလုစ ချော်ရည်ပူတွေ အပြည့်နှင့်ပါလား။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဝင်းခန့်က . . .

"မင်းမှာ အဲဒီရောဂါရှိတာ သေချာလို့လားကွာ"

ဝင်းခန့်အမေးကြောင့် သူ့အသံက ကြေကွဲစွာဖြင့်

"သိပ်သေချာတာပေါ့ကွာ၊ ဒါကြောင့်လည်း ငါ သိပ်ချစ်တဲ့အမေနဲ့ ဝတ်မှုန်ကို ငါစွန့်လွှတ်ခဲ့တာပေါ့"

"အေးကွာ။ မင်းနဲ့ ဝတ်မှုန်တို့အကြောင်းလည်း နင်းမေပြောပြလို့ ငါတို့နှစ်ယောက်လုံး သိပြီးကြပါပြီ။ သိသိချင်းတော့ ငါတို့လည်း မင်းကို ပိုင်းလုံးကောင်လို့ထင်ပြီး အထင်သေးခဲ့ကြတာကွ"

"ဟုတ်တယ် ထွန်းဇော်။ ဝတ်မှုန်ဆို မင်းကို စိတ်နာသွားလိုက်တာကွာ"

"ငါ ကျေနပ်ပါတယ်ကွာ။ သူစိတ်နာသွားပါစေလို့တောင် ငါဆုတောင်းနေရတာကွ။ ငါ . . . ငါလေ ဝတ်မှုန်ကို သိပ်ချစ်ပါတယ်ကွာ၊ သိပ်ချစ်ပေမယ့်လည်း ငါ့မှာ ဒီရောဂါကြီးနဲ့"

သူ့အသံ ဆက်မထွက်တော့။ အောင်ချမ်းက သူ့



ပခုံးလေးကို လှမ်းကိုင်လိုက်ပြီး . . .

"မင်းရဲ့အနစ်နာခံတဲ့ စိတ်ဓာတ်ကို ငါချီးကျူးပါတယ်ကွာ၊ ဒါပေမဲ့ ငါမင်းကို စကားတစ်ခွန်းပြောချင်တယ်၊ အဲဒီစကားက ဝင်းခန့်နဲ့လည်း ထပ်တူကျပါတယ်။ အခု မင်းက မင်းရဲ့အမေနဲ့ ဝတ်မှုန်ကို မင်းစွန့်လွှတ်ခဲ့တယ်။ အဲဒီလိုပဲ ငါတို့ကိုတော့ မင်း မစွန့်လွှတ်သွားပါနဲ့ကွာ၊ မင်း ဘာရောဂါပဲရှိရှိ ငါတို့ကို ဘယ်လောက်ပဲ ကူးကူး ငါတို့ မင်းဘက်မှာ အမြဲတမ်းရှိချင်တယ်။ အဲဒါတော့ မင်း ခွင့်ပြုပေးပါလို့ ငါ တောင်းဆိုပါရစေ သူငယ်ချင်း"

"ဟုတ်တယ် ထွန်းဇော်၊ ငါတို့ဟာ သာပေါင်းညာတားတွေ မဟုတ်ဘူးကွ။ မင်းနဲ့အတူ ငယ်ကတည်းက ဆိုးတူကောင်းဖက် လည်ပင်းဖက်ပြီးပေါင်းလာကြတာကွ။ ဒီတော့ မင်း ငါတို့ကိုတော့ ဥပက္ခာ ပြုမသွားပါနဲ့ကွာနော်"

"စိတ်ချပါ သူငယ်ချင်း။ မင်းတို့ရဲ့စေတနာစိတ်ဓာတ်တွေဟာ ငါ့အတွက်တော့ အားဆေးတစ်ခွက်ပါပဲ၊ ငါ ဘယ်ကိုပဲရောက်ရောက် မင်းတို့ကို ငါ မေ့မသွားပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်ကိုသွားမလို့လဲ သူငယ်ချင်း"

ဝင်းခန့်အမေးကြောင့် သူ ဝင်းခန့်ကို ကြည့်လိုက်ကာ . . .

"ငါ အားလုံး စီစဉ်ပြီးပြီ သူငယ်ချင်း"

"မင်းနေမယ့်နေရာကိုတော့ ငါတို့ကိုပြောကွာ"

"ပြောမှာပါ။ ဒါပေမဲ့ မင်းတို့ ငါ့ကို ကတိတစ်ခုတော့ ပေးရမယ်"

"ပေးမယ်ကွာ . . . ပြော"

"ငါနေတဲ့နေရာကို မင်းတို့ အမေ့ကိုမပြောပါဘူးဆိုတဲ့ ကတိကိုပေး"

သူ့စကားကြောင့် ဝင်းခန့်တို့နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြကာ ပြိုင်တူဖြင့် . . .

"ပေးတယ်ကွာ"

"ငါ ဘာလို့ အဲဒီလိုကတိတောင်းရတာလဲဆိုတော့ အမေ့ကို နောက်ထပ် ငါ့ကြောင့် စိတ်မဆင်းရဲစေချင်လို့





ပေါ့ကွာ"

သူ လှမ်းကြည့်နေတာက ကောင်းကင်ကြီးဆီကို၊ ဒါပေမဲ့ သူ မြင်နေရတာက အဆုံးမရှိတဲ့ စကြာဝဠာကြီးကိုပါ။



www.burmeseclassic.com

www.burmeseclassic.com



မိုးက အတော်ချုပ်နေပြီ။ သားကို ရှာနေတဲ့ ဒေါ်လှခင်တစ်ယောက် မမြင်မကန်းနှင့် သားကို လိုက်ရှာနေတုန်း။

ဘုန်းကြီးကျောင်းတွေရော၊ သူ သွားနေကျ မန်ကျည်းပင်ကြီးရော၊ ဝင်းခန့်တို့အိမ်ကိုပါ ရောက်ခဲ့ပြီ။ သားကို အခုထက်ထိ မတွေ့သေး။ အခုလည်း အောင်ချမ်းတို့အိမ် အဝေးကြီးကို သွားဦးမယ်။

သားလေးကို တွေ့အောင်ရှာရမည်။ မတွေ့လို့ မဖြစ်။ သားက အရင်တုန်းက ဆိုးခဲ့မိုက်ခဲ့တာ မှန်တယ်။



ဒါပေမဲ့ အချိန်တန် အိမ်ပြန်လာနေကျရယ်။ အခုလို ညကြီးမင်းကြီး တစ်ခါမှ မနေဖူးဘူး။ အခုတော့ ဘယ်လိုအိပ် ဘယ်လိုစားမည်မသိ။ ဒေါ်လှခင် သားအတွက် တွေးကာ စိတ်ပူနေမိသည်။

မျက်လုံးတွေကလည်း ငိုထားလိုက်တာ ဘယ်အချိန်ကတည်းကလည်း မသိ။ နီရဲပြီး မို့အစ်နေပြီ။

သားကို သူမ မတွေ့တွေ့အောင်ကို ရှာရမည်။ နို့မို့ဆို သူ့ခမျာ ဒုက္ခရောက်နေရှာမှာရယ်။

ဒေါ်လှခင်တစ်ယောက် မမြင်မကန်းနဲ့လိုက်ရှာနေသည်မှာ ဓာတ်မီးလည်း မပါ၊ အမှောင်ထဲမှာ ဇလာချည်းရယ်။

ဘယ်လိုလုပ်ပြီး ဓာတ်မီးက ပါပါ့မလဲ။ သူမ အိမ်ကထွက်ပြီး သားကိုရှာတာ မနက်ရှစ်နာရီလောက်ကတည်းက မဟုတ်ပါလား။ မနက်စာလည်း မစား၊ နေ့လယ်စာလည်း မစား၊ အခု ညစာတောင် လွန်နေပြီ။

ဝမ်းထဲက အစာမရှိလို့ တဂျုတ်ဂျုတ်မြည်နေပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့်လည်း ဂရုမထားနိုင်။ သားလုပ်သူကိုသာ တစ်နေကုန် နေပူကြီးထဲ ရှာနေတာ။ အခုမိုးတောင် ချုပ်လို့ စုတ်စုတ်ကန်းနေပြီ။

အောင်ချမ်းတို့အိမ်ရောက်တော့ သူတို့တွေက မအိပ်သေး။

သူတို့အိမ်ထဲကို ဝင်ရန် ဒေါ်လှခင် ခြံဝမှ မြောင်းကူးတံတားလေးကို အဖြတ် . . .

"အား"

သူမ လိမ့်ကျသွားပြီ။

"အား . . . ကျွတ် . . . ကျွတ်"

သူမ ကုန်းရုန်းထလိုက်တော့ ခါးထဲက တဆစ်ဆစ်နှင့် နာကျင်နေပြီ။ သို့သော် ဂရုမစိုက်။ ကြိုးစားပြီး ကုန်းရုန်းထလိုက်ပြီ။

သူမ မတ်တတ်ရပ်လိုက်တော့ ခြေသလုံးကလည်း တဆစ်ဆစ်နှင့်။

သူမ ငုံ့ကြည့်လိုက်တော့ သွေးတွေမှ မြင်





မကောင်း။ တံတားက သံနင့်ခြစ်မိသွားတာထင်သည်။ ဒဏ်ရာက အတော်နက်တာမို့ သွေးတွေက စီးကျနေပြီ။

ဒါတွေကို သူမ ဂရုမစိုက်။ ခြေတစ်ဖက်ထော့နင်း ထော့နင်းဖြင့် အောင်ချမ်းတို့အိမ်ဝင်းထဲကို ဝင်ခဲ့လိုက်သည်။ အိမ်ရှေ့ရောက်တော့ . . .

"အောင်ချမ်း . . . အောင်ချမ်း"

"ဗျာ . . . လာပြီ"

အိမ်ထဲက ထူးသံနှင့်အတူ အောင်ချမ်းက ထွက်လာပြီ။

"ဟာ . . . ဒေါ်လေး . . . လာ အိမ်ပေါ်တက်လေ"

"မတက်တော့ဘူး သား။ ထွန်းဇော်ကို တွေ့မိလား လို့ သားကို ဒေါ်လေး လာမေးတာ"

"ဟို . . . မ . . . မတွေ့မိပါဘူး ဒေါ်လေး"

သူ့စကားကြောင့် မျှော်လင့်တကြီးနှင့် မေးနေသော ဒေါ်လေးလှခင်၏မျက်နှာ ညှိုးကျသွားလေပြီ။ ဒေါ်လေး လှခင်ရဲ့ ခြေထောက်နားဆီ သူ့အကြည့် ရောက်သွားတော့

www.burmeseclassic.com



"ဟာ . . . ဒေါ် . . . ဒေါ်လေးခြေထောက်မှာ ဒွေးတွေနဲ့"

ဒေါ်လှခင်က သူ့စကားကို ဂရုမပြု။

"သား . . . တကယ်လို့ ထွန်းဇော်ကိုတွေ့ရင် နင့်အမေလိုက်ရှာနေတယ်လို့ ပြောပေးပါနော်"

"ဟုတ်ကဲ့၊ ကျွန်တော် တွေ့ရင်ပြောပေးလိုက်ပါ့မယ်"

"အေး . . . အေး . . . ဒါဖြင့် ဒေါ်လေး ပြန်ဦးမယ်နော်"

"ဟာ . . . ကျွန်တော် လိုက်ပို့မှာပေါ့။ ဒေါ်လေးခြေထောက်မှာ ဒဏ်ရာကြီးနဲ့"

"ရပါတယ် သားရယ်။ လိုက်မပို့ပါနဲ့။ ဒေါ်လေး လျှောက်နိုင်ပါတယ်"

"ဟာ . . . ဘယ်ဖြစ်မလဲ၊ ကျွန်တော် လိုက်ပို့"

"ရပါတယ် သားရယ်၊ ရပါတယ်၊ ထွန်းဇော်နဲ့တွေ့ရင်သာ ဒေါ်လေး မှာသလို ပြောပေးပါနော်"





သူ့စကားပင်မဆုံးသေး ဒေါ်လေးလှခင်က ဖြတ်ပြောလိုက်ကာ ပြန်ဖို့လှည့်နေပြီ။

"ဟုတ် . . . ဟုတ်ကဲ့"

ဒေါ်လေးလှခင်ထွက်သွားတာကိုကြည့်ပြီး အောင်ချမ်း သက်ပြင်းချမိသည်။

ဟင် . . . ဒေါ်လေးက ပြန်တယ်သာဆိုတာ လမ်းက သူ့အိမ်နဲ့ဆန့်ကျင်ဘက်ကို သွားနေတာပါလား။ အင်း သူ့သားကို လိုက်ရှာဦးမယ်ထင်ပ။

သူ ဖြစ်နိုင်ရင် ထွန်းဇော်ရှိတဲ့နေရာကို ပြောချင်ပါသည်။ သို့ပေမယ့် ထွန်းဇော်တောင်းထားသည့် ကတိက ရှိနေသေးသည် မဟုတ်လား။ သူတို့နှစ်ယောက်လုံး ထွန်းဇော် ကောင်းဖို့ဆိုရင် အဲဒီကတိဖျက်ဖို့ကို ဝန်မလေးပါဘူး။ အခုတော့ ထွန်းဇော်တောင်းထားတဲ့ကတိက မှန်ကန်တဲ့ ဆုံးဖြတ်ခြင်း ကတိမဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းတွေကုန်လို့ မိုးတွေကျူးပြီး နွေတွေ တစ်ဖန်သစ်ခဲ့တာ အလီလီ အဖန်ဖန်ပင်ဖြစ်ခဲ့ပြီ။

ရော်ရွက်ဝါတို့ကြွေလင့်သော နွေတစ်ခုမှာဖြင့် ပင်အိုလေးရဲ့ အောက်ခြေမှာက ထရံကာ သက်ကယ် ဟောင်းမိုးတဲ့ တဲကလေးတစ်လုံးရယ်။ တဲလေးအတွင်းမှာလည်း ညည်းညူသံသဲ့သဲ့လေး။

တဲလေးပေါ်မှ စောင်ခြုံလေးထဲမှာ လဲလျောင်းစွာ ညည်းညူနေတာက ထွန်းဇော်ရယ်ပါ။

ယခင်က ဝဖြိုးခဲ့သော သူ့ခန္ဓာကိုယ်ဟာ အခု





တော့ ပိန်ကပ်နေပြီ။ ပြီးတော့ စိုပြည်လှပခဲ့သော သူ့ အသားအရေက ယခုတော့ မည်းပြာပြီး အရည်ကြည်ဖုတွေ နဲ့ ပြည့်နှက်နေပြီ။ တချို့အရုတွေက ပေါက်ပြဲနေသဖြင့် အရည်တွေက တရွှဲရွှဲ၊ ဒါတွေကို သုတ်ပေးမည့်လူ မရှိ။ ဟောင်းနွမ်းညစ်ပတ်နေသော အင်္ကျီတွေကလည်း ဒီအရည် တွေကြောင့် ပုပ်စော်နံနေတာ ယင်တလောင်းလောင်းနှင့်။

သူ့မျက်နှာလေးကို ကြည့်လိုက်ပြန်ရင်လည်း ပါး နှစ်ဖက်က ပိန်ချောင်ကျသွားလိုက်တာ နှစ်ဖက်တောင် ထိ တော့မတတ်ရယ်။ မျက်တွင်းတွေကလည်း မည်းနက်နေ လိုက်တာ။ ပြီးတော့ တစ်ချိန်က နီနီရဲရဲနဲ့စိုပြည်နေတဲ့ သူ့ နှုတ်ခမ်းလေးက အခုတော့ မည်းနက်ပြီး ကွဲအက်နေလိုက် တာ အနာတွေ အလိမ်းလိမ်းနှင့်။

သူ အသက်ရှူနေရတာလည်း ကြိုးစားပမ်းစားနှင့် ရယ်။ စကားတစ်ခွန်းဘောင် အနိုင်နိုင် ပြောနေရတာကို။ ထွန်းဇော်ရဲ့ခန္ဓာကိုယ်ကို AIDS ဆိုတဲ့ ရောဂါပိုးကြီးက တိုက်စားဝါးမျိုသွားလိုက်တာ ဒါဟာ ထွန်းဇော်လို့



www.burmeseclassic.com

www.burmeseclassic.com



သက်သေခံပေးမယ့်လူ မရှိရင် ယုံစရာတောင် မရှိ။

တဲလေးအရှေ့မှာတော့ ထိုင်စကားပြောနေကြတဲ့ လူနှစ်ယောက်။ သူတို့က ဝင်းခန့်နှင့် ဒအောင်ချမ်းတို့ရယ်။ သူတို့မျက်နှာတွေမှာလည်း ဝမ်းနည်းမှုတွေ ထင်ဟပ်နေသယောင်။ ဝင်းခန့်က . . .

"ချမ်း ငါတို့ထွန်းဖော်ကို ဒီအတိုင်း ကြည့်နေလို့တော့ မဖြစ်တော့ဘူး"

"မင်းက ဘာလုပ်ချင်လို့လဲ ဝင်းခန့်"

"ငါ ဒေါ်လေးလှခင်နဲ့ဝတ်မှုန်ကို အသိပေးချင်တယ်"

"ဟာ . . . မဖြစ်နိုင်ပါဘူး။ ဒေါ်လေးနဲ့ဝတ်မှုန်တို့ကို မပြောနဲ့ သူက ငါတို့ကိုတောင် အနားကပ်မခိုင်းတဲ့ဟာ"

"မခေါ်လို့မရတော့ဘူးကွ။ အခု ထွန်းဖော်ရဲ့အခြေအနေက နေ့လား ညလား မသိဖြစ်နေပြီ။ တော်ကြာ ပျက်စီးသွားမှဖြင့် အမျိုးအမြင် အဆွေမမြင်နဲ့ ငါတို့သူငယ်ချင်းကိုတော့ ခွေးတွေလို ဆွေမဲ့မျိုးမဲ့နဲ့ မသေစေချင်ဘူးကွာ"





"အင်း . . . မင်းပြောတာလည်း ဟုတ်တာပဲကွ။ ငါလည်း သူ့ကို ဒီပုံစံကြီးနဲ့တော့ လောကအလယ်ကနေ ထွက်မသွားစေချင်ဘူး။ သူ့အမေနဲ့ သူ့ရည်းစားတို့ သူ့နောက်ဆုံးအနေနဲ့ မြင်သင့်သလို ဒေါ်လေးနဲ့ဝတ်မှုန်တို့ကလည်း သူ့ရဲ့နောက်ဆုံးခရီးမှာ အတူရှိနေသင့်တယ်"

"ဟုတ်တယ်။ ဒေါ်လေးက နီးနီးနားနားမို့ ခုတ်သာ ရက်ဖြစ်မယ်ဆို ခေါ်လို့ရတယ်ကွ။ ဝတ်မှုန်က အခုထက်ထိ ကို မန္တလေးက ပြန်မလာဘူး"

"အေးလေ . . . သူ ပြန်မလာလည်း မလာချင်စရာပဲလေ။ သူ့ ထွန်းဖော်ကို စိတ်နာရှာမှာပေါ့"

"အဲဒါက မဟုတ်မဟပ်ပြောလိုက်တဲ့ ထွန်းဖော်ရဲ့ စကားကြောင့် စိတ်နာနေတာပါကွာ။ အမှန်အတိုင်း တို့ ရှင်းပြလိုက်ရင် သူ စိတ်ပြေပြီး လာလောက်မှာပါ"

"အေးလေ . . . အဲဒီလိုလာပါစေလို့ ငါတို့ ဆုတောင်းရမှာပေါ့။ ဒါနဲ့ ငါတို့ ဒီကိစ္စ ဘယ်လိုလုပ်ကြမလဲ"

"ဒီလိုကွာ . . . မင်းက ဒေါ်လေးကို ဒီကိုခေါ်လာခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ငါက ဝတ်မှုန်ဆီ Phone ဆက်ပြီး အကျိုးအကြောင်းသွားပြီး ပြောလိုက်မယ်"

" Ok ဒါနဲ့ ငါတို့ ဒီလိုလုပ်လို့ ထွန်းဇော် စိတ်ဆိုးရင်ရော"

"ဆိုးဆိုးကွာ။ ငါတို့သူငယ်ချင်းကိုတော့ ဒီအတိုင်း အသေမခံနိုင်ဘူး။ သူ စိတ်ဆိုးလည်း ဘာဖြစ်လဲကွာ။ ခံလိုက်ရုံပေါ့"

"ဒါဆို ဘယ်အချိန်သွားခေါ်မှာလဲ"

"အခုသွားမယ်ကွာ။ နေဦး ငါ ထွန်းဇော်ကို အပြင်ခေါ်သွားဦးမယ်လို့ ပြောလိုက်ဦးမယ်"

"အေး"

ဝင်းခန့်က တဲပေါ်တက်သွားပြီ။ အောင်ချမ်းမှာတော့ သက်ပြင်းရှည်ကြီးသာ ချလိုက်ရုံသာ။





တုန်ယင်သော ခြေလှမ်းတို့နှင့်အတူ ဝဲစို့နေသော မျက်ရည်တို့ကို ဦးဆောင်ကာ ဒေါ်လှခင်တစ်ယောက် တဲလေးပေါ်သို့ တက်ခဲ့လိုက်သည်။

ဟင် . . . သား . . . အမလေး . . . သားလေးရယ် . . . အမေ့သားလေး မြင်ရက်စရာကို မရှိပါလားကွယ်။ အမလေး . . . သားရယ် အမေရင်ကျိုးပါပြီ သားရယ်။

ဒေါ်လှခင် စိတ်ထဲက မြည်တမ်းလိုက်ကာ သားရဲ့အနားတွင် ဝင်ထိုင်လိုက်သည်။

မှိန်းနေတာလား အိပ်ပျော်နေတာလား မသိတဲ့



www.burmeseclassic.com

www.burmeseclassic.com



သားက သူမ လာထိုင်နေတာကို မမြင်ရှာ။

သူမ သားကိုကြည့်ကာ ရှိုက်သံလေးထွက်လာပြီ။ ဒီအသံလေးကို သားက ကြားသွားကာ မျက်လုံးလေး မဖွင့်ဘဲနှင့် . . .

"ဝင်းခန့်လား"

အို . . . အသံလေးတွေကလည်း တုန်ယင်နေတာပါလား သားရယ်။

သူမထံမှ ဘာမှပြန်မဖြေ။ သူမ အနောက်တွင် ထိုင်နေသော အောင်ချမ်းကလည်း ဘာမှမဖြေ။ ဘာမှ ဖြေသံမကြားတော့သားက . . .

"အောင်ချမ်းလား"

"သား . . . အမေပါ သား။ သားရဲ့အမေ မလှခင်ပါ သား"

သူမ ငိုသံနှော၍ပြောတော့ သူ့ မျက်လုံးတွေ ပွင့်လာပြီ။ ပြီးတော့ သူမကို လှည့်ကြည့်လာပြီ။

ဒီအကြည့်တွေက အံ့သြခြင်း၊ မယုံနိုင်ခြင်း၊ ဝမ်းနည်းခြင်းတို့ ပြည့်နှက်နေပြီ။

ပြီးတော့ အောင်ချမ်းအားကြည့်ကာ တုန်ယင်သော လေသံဖြင့် . . .

"မင်း . . . မင်းတို့ က တိ မ တည် ဘူး"

"သူငယ်ချင်း မင်း ငါတို့ကို အပြစ်တင်ရင်လည်း ခံပါ့ကွာ"

အောင်ချမ်းရဲ့စကားသံ့က ငိုသံပါလာပြီ။

"လူဆိုတာ လူ့ဘဝရဲ့နောက်ဆုံးအချိန်မှာ အဖေ၊ အမေ၊ မိသားစုနဲ့အတူ နေသွားရမှာကွ။ မိသားစုနဲ့အတူ မနေရဘဲ သေသွားတဲ့လူဟာ ခွေးတွေ လမ်းဘေးမှာ သေသလိုပဲကွ။ ဘာအဆွေအမျိုးမှ မလိုဘဲ သေကြတာ ငါ . . . ငါတို့ရဲ့ သူငယ်ချင်း မင်းက ခွေးမဟုတ်ဘူးကွ။ လူ . . . လူဆိုတာ လူနဲ့တူအောင်သေရတယ်ကွ။ အခု မင်းရဲ့အခြေအနေကို မင်းကိုယ်တိုင်သိသလို ငါတို့လည်း သိတယ်ကွ။ ဒါကြောင့် ငါတို့ သိပ်ချစ်တဲ့ သူငယ်ချင်း မင်းကို ခွေးလို မသေစေချင်ဘူးကွ"

www.burmeseclassic.com



အောင်ချမ်းစကားကြောင့် အမေ ပါးစပ်ကလေး ပိတ်ပြီး သူ့ကိုကြည့်ကာ ငိုသည်။

"သား . . . အမေ့သားလေး . . . အမေ့သားလေး သာ ခွေးလိုသေသွားခဲ့ရင် အမေ . . . အမေ ရင်ကွဲရလိမ့်မယ် သား။ သားနဲ့အတူ အမေပါ တစ်ခါတည်း သေသွားလိုက်မယ်။ သား . . . သားက တစ်ကောင်ကြွက်မဟုတ်ပါဘူး သားရယ်။ ဟော . . . ဟောဒီမှာ ကြည့်စမ်း သားမှာ အမေရှိတယ်လေ သားရဲ့၊ သားမှာ အမေရှိတယ်လေ"

"အမေ့ကို သား . . . သားရဲ့ရောဂါ . . ."

"ကူးကူး သား။ ကူးလိုက်စမ်းပါ။ အမေ အမှုဘူး သား။ ကြည့်စမ်းပါဦး သားရယ်။ အခုတော့ အမေမိဘ တစ်ယောက်လုံးရှိနေလျက်နဲ့ ငါ့သားလေး ပုင်ပင်ပန်းပန်းနဲ့ နေနေရတာ။ အမေမြင်လိုက်ရတာ ရင်ထဲမှာ မချိဘူး သားရယ်။ မင်းကို အမေချစ်သလောက် သားက အမေ့အပေါ်မှာ စိမ်းတာ အမေ အရမ်းဝမ်းနည်းတယ် သားရယ်"

ဒေါ်လှခင် အားပါးတရငိုနေပြီ။ ငိုလို့ကို မဝ။



"သား . . . သားကို ခွင့် . . . ခွင့်လွှတ်ပါ အမေ။ သား . . . သားလေ . . . အ . . . အမေ့ကို သိပ် . . . သိပ်ချစ်ပါတယ် အမေရယ်"

"သားရယ်"

သူမ သားလုပ်သူကိုကြည့်ကာ ယူကျုံးမရ၊ သား ရှေ့ဥလေးကို ဖက်ကာ ငိုမည်အပြု၊ သား ကိုယ်လေးတွန့်သွားပြီ။ သူမရဲ့လက် သားကို မထိခင်ပဲ အောင်ချမ်းက လှမ်းပြီး ဖမ်းဆုပ်လိုက်သည်။

သူမ နားမလည်စွာဖြင့် အောင်ချမ်းကို ကြည့်လိုက်တော့ . . .

"ဒေါ် . . . ဒေါ်လေး သူ့ကို မထိပါနဲ့။ ကျွန် . . . ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ ကျွန်တော့်ရဲ့ သူငယ်ချင်း အပေါ် ကျွန်တော်တို့ ကတိဖျက်လိုက်တာ ဒေါ်လေးတို့ပါ ဒုက္ခရောက်သွားစေနိုင်ရင် ကျွန်တော်တို့ တစ်သက်လုံး ယူကျုံးမရ ဖြစ်လိမ့်မယ်။ ကျွန်တော် တောင်းပန်ပါတယ် ဒေါ်လေးရယ်။ ထွန်းဇော်ကို မကိုင်ပါနဲ့နော်။ ကျွန်တော်

www.burmeseclassic.com



တောင်းပန်ပါတယ်ဗျာ"

အောင်ချမ်းရဲ့စကားကြောင့် သူမ သားကိုကြည့်လိုက်တော့ သားရဲ့ခန္ဓာကိုယ်အနှံ့မှာ သွေးပုပ်တွေရော ပြည်ပုပ်တွေရော ရွဲနစ်နေပြီ။

"သား . . . သားရယ်"

သူမမှာ မြတ်နိုးနှစ်သက်ရသော သားလေးအား ဆုံးရှုံးခါနီး ကိုင်ချင် ထိချင်တာတောင် မြင်နေလျက်နှင့် မထိရ မကိုင်ရတဲ့ ဒုက္ခရယ်။

"အ . . . အမေ မငိုပါနဲ့ဗျာ။ ကျွန် . . . ကျွန်တော် ဆိုးခဲ့ မိုက်ခဲ့တဲ့ဒဏ်ကို သား . . . သားခံရတာပဲ။ ကျေ . . . ကျေနပ်ပါတယ် အမေ"

ထွန်းဇော်က စကားတစ်ခွန်း တစ်ခွန်းကိုပင် မနည်းအားယူနေရသည့်ပုံ။ ပြောပြီးတိုင်းလည်း အလွန်ပင် မောနေပြီ။

"အား"

သူ တစ်ချက်ညည်းညူမှုနှင့်အတူ ခန္ဓာကိုယ်





လေး မြောက်တက်လာပြီ။ အံကိုလည်း တင်းတင်းကျိတ်လိုက်တော့ အမေက မျက်စိမှိတ်ကာ အော်ငိုပြီ။ မမြင်ရက်သော သားရဲ့ပုံစံပါပဲ။

"အ . . . အမေ . . . ဝတ် . . . ဝတ်မှန်ကိုလည်း ပြောပေးပါနော်။ သား . . . သား သူ့ကို သိပ် . . ."

သူ စကားမဆက်နိုင်။ တအားမောနေပြီ။

"သိပ်ချစ်ပါတယ်လို့။ သူ . . . သူ သားကို အထင်လွဲသွားတယ် အမေရဲ့"

"အမေ . . . အမေ အားလုံးသိပြီးပါပြီ သားရယ်။ သား စကားမပြောနဲ့နော်။ သား မောနေပြီ သားရဲ့"

"သား . . . သားရဲ့အခြေအနေကို သား သိ . . . သိတယ် အမေ။ အား . . ."

သူ နာကျင်စွာ ညည်းညူလိုက်ရင်း . . .

"အား . . . မ . . . မရတော့ဘူး"

"သား . . ." "ထွန်းဇော်"

သူတို့နှစ်ယောက်သား မျက်စိမျက်နာတွေ ပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားကြပြီ။

"ထွန်းဇော် . . . သူငယ်ချင်း သတိထားပါကွာ"

သူငယ်ချင်း ထွန်းဇော်က ကြားလား မကြားလား မသိ။ မျက်ဖြူက တစ်ချက် တစ်ချက် လန်ချင်နေပြီ။

"သား . . . သား အမေ့ကို ကန် . . . ကန်တော့ ခဲ့ပါတယ် အမေ။ ဝတ် . . . ဝတ်မှုန်ကိုလည်း နှုတ်ဆက်ခဲ့ ပါတယ်နော်"

"သား"

သူမ သည်းထန်စွာ ငိုလေပြီ။

သားက သူမကိုကြည့်ကာ လက်အုပ်ကလေးချီ ပြီး စကားပြောနေပြီ။ သို့သော် အသံတွေက ထွက်မလာ တော့။ နှုတ်ခမ်းလေးသာ လှုပ်ရှုံလေးပင်။ ပြီးတော့ မျက် လုံးလေး . . . မျက်လုံးလေးတွေ မျက်ဖြူလန်ပြီး မှိတ်သွား ပြီ။ ပြီးတော့ ချီထားသောလက်အုပ်ကလေးလည်း တဖြည်း ဖြည်း ပြေလျော့လို့။

ဇက်ကလေးကလည်း တံခါးပေါက်ဘက်သို့





လှည့်ပြီး ကျိုးကျသွားပြီ။

"မောင်"

ဝတ်မှုန်၏ အသံကုန်အော်ဟစ်လိုက်သော အသံ၊ လက်မှကိုင်ထားသော မုန့်ထုပ်လေးတွေတောင် လွတ်ကျ သွားပြီ။ မောင် . . . မောင် သူမ ဝင်ခဲ့လိုက်တာနဲ့ ဇက် ကလေးကျိုးကျသွားတာ ကြည့်ပါဦး။ သူမရှိတဲ့တံခါးပေါက် ကလေးကို လှည့်လို့။ သူမ မောင့်ကိုကြည့်ကာ ကြက်သေ သေနေဆဲ သတိဝင်လာကာ . . .

"မောင်"

သူမ မောင့်ဆီကို အပြေး။ မောင့်ရဲ့ခန္ဓာကိုယ်လေး ကို ပြေးဖက်မည်အလုပ်။ အောင်ချမ်းရော ဝင်းခန့်ပါ လက် တစ်ဖက်စီမှ သူကို ကိုင်ဆွဲထားကြပြီ။

"လွှတ် . . . လွှတ် . . . ငါ့ကိုလွှတ်၊ မောင် . . . မောင် ဘာဖြစ်သွားတာလဲ။ ငါ ကြည့်မလို့။ ငါ့ကိုလွှတ်"

သူမ ငိုလည်းငို၊ အရူးတစ်ယောက်လိုလည်း အော် တော့ ဒေါ်လှခင်က သူမရဲ့မျက်နှာလေးကို ကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"သမီး . . . သား . . . သားဆုံးသွားပြီ သမီး"

"ရှင်"

သူမ မျက်လုံးလေး မောင့်ကိုကြည့်ကာ ပြူးကျယ် ဝိုင်းစက်သွားပြီ။ ပြီးတော့ သူမခန္ဓာကိုယ်လေး အရုပ်ကြိုး ပြတ် ထိုင်ကျသွားကာ မောင့်ကို ငေးကြည့်မိနေဆဲ။

"သ . . . သမီးလေး သတိထားပါကွယ် . . . သမီး"

ဒေါ်လေးက သူမ၏ပခုံးလေးကို လှုပ်ယမ်းလာ တော့မှ သူမ သတိဝင်လာကာ မောင့်ကို ကြည့်ပြီး . . .

"ဒေါ် . . . ဒေါ်လေး . . . မောင် . . . မောင်"

"စိတ်ကိုထိန်းပါ သမီးရယ်"

ဒေါ်လှခင်တစ်ယောက် စိတ်ကို ထိန်းပါလို့သာ ဝတ်မှုန်ကို ပြောနေတာ သူမလည်း စိတ်ရှိလက်ရှိနဲ့ ငိုနေ တာပဲ မဟုတ်လား။

"မောင့် . . . မောင့်ကို ဝတ်မှုန် မုန်းနေတယ်လို့ မောင် ထင်သွားပြီ ဒေါ်လေး။ မောင့် . . . မောင့်ကို ဝတ်မှုန်





မမုန်းဘူး မောင်။ မောင်က ဝတ်မှုန်အတွက် မနစ်နာခံသွား တာ။ ဝတ်မှုန် မောင့်ကို မမုန်းဘူး . . . မမုန်းပါဘူး"

သူမ ခေါ်လေးကို ဖက်ကာငိုလေပြီ။ နှစ်ယောက် စလုံး ငိုနေတာပါ။

ဒေါ်လှခင် သားလုပ်သူ၏မျက်နှာလေးကို မျက် ရည်များနှင့်အတူ လှမ်းကြည့်လိုက်သည်။

သားရယ် မင်းဟာ အမေ့အတွက် အနစ်နာခံခဲ့တဲ့ ရတနာသားလေးဖြစ်သလို ချစ်သူအတွက် အနစ်နာခံခဲ့တဲ့ သူ့ရဲ့ကောင်းလေးပါ သားရယ်။

သားလေ နောင်ဘဝအဆက်ဆက်မှာ လူသာ ပြန်ဖြစ်ခဲ့မယ်ဆိုရင် အဲဒီဘဝမှာ သားဟာ အပြစ်အနာ အဆာ ကင်းစင်တဲ့ သားကောင်းရတနာလေးဖြစ်ပါစေလို့ အမေ ဆုတောင်းပေးပါတယ်ကွယ်။

အခုတော့ သားရယ် . . . သားဟာ ကောင်းမွန်တဲ့ သားကောင်းရတနာလေး ဖြစ်ပေမယ့် သားမှာ အပြစ်အနာ အဆာလေးပါခဲ့တယ် သားရယ်။ အဲဒီအပြစ်အနာအဆာ



www.burmeseclassic.com

www.burmeseclassic.com



လေးက သားရဲ့ဘဝတစ်ခုလုံးကို တိုက်စားသွားတာပါ သားရယ်။ တကယ်တော့ သားဟာ အမေ့အတွက် အမိုးမဖြစ်နိုင်တဲ့ သားရတနာလေးပါ သားရယ်။

ဗွဲယွန်းနော်င်

ရွှေသော